www.burmeseclassic.com

အောင်မြင်-တာပေ

# ဝိဇ္ဇာ

ဦးကုလားရာဇဝင်

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ဦးကုလားရာဇဝင်/ဝိဇ္ဇာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

**ပုံနှိပ်မှတ်တမ်း**

ဖြန့်ချိရေး – – အောင်မြင်စာပေ၊ ပထမအကြိမ် – ၂၀၁၅ ခုနှစ်၊
(မတ်လ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း(အညွှန်း)

| | |
|---|---|
| အမည်ရင်း | မောင်ကုလား(ကိုကုလား)(ဦးကုလား) |
| လူမျိုး | မြန်မာလူမျိုးစစ်စစ် |
| အသားရောင် | (သျှားစေးရောင်မနုမရင့်) |







## အခန်း(၁)

မခင်က အသားမည်းသော ဂုဏ်ပုဒ်ကို အစွဲပြု၍ မောင်ကုလားဟု အလွယ်တကူ ခေါ်ရာမှ ဤကဲ့သို့ ဦးကုလားဟူသော အမည်နာမ ထင်ရှားလာခြင်းဖြစ်သည်။ ယခု ဦးကုလား မိန်းမတစ်ယောက်ထပ်ယူပြန်ပြီ. . ။

ဒီတစ်ယောက်နှင့်ဆိုလျှင် ဦးကုလားယူသော မိန်းမအရေအတွက် ခုနစ်ယောက်မြောက်ဖြစ်သည်။ ဒီ့အပြင် တရားဝင်မယူဘဲ အပြင်မှာ အလွတ်တွဲသည့် ကာရာအိုကေက မိန်းကလေးတွေ မာဆတ်က



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမျိုးတွေပါ ထည့်ပေါင်းမည်ဆိုလျှင် ဦးကုလား၏ ဇနီးမယား အယောက်အစိတ်သုံးဆယ်လောက်ပင် ရှိလောက်မည်ထင်သည်။

တရားဝင်ယူထားသော မိန်းမများနှင့် မွေးသောကလေးတွေ တစ်ဒါဇင်ကျော်ရှိပြီး အရွယ်ရောက်သူကရောက်၍. . တစ်ချို့ဆိုလျှင် ဘွဲ့ရသူကရ နိုင်ငံခြားမှာ အလုပ်သွားလုပ်သူတွေ အစိုးရဝန်ထမ်းဖြစ်၍ နယ်တွေမှာ တာဝန်ကျသော သားသမီးတွေပါရှိသေး. . .။

အသက်ငါးဆယ်စွန်းစွန်းဆိုပေမယ့် ဦးကုလားသည် ခန့်ဆဲ သန့်ဆဲ ချောဆဲ၊ နာမည်ကသာ ဦးကုလား လူကတော့ မိန်းမတော်တော်များများ မျက်စိကျသော ရုပ်ရည်မို့၊ ရင်ခုန်သံတွေကလည်း မိန်းကလေး ခပ်ဖြောင့်ဖြောင့်နှင့်တွေ့လျှင် တစ်ခြုံကွယ် တစ်မယ်မေ့ဆိုသလို နုသစ်လတ်ဆတ်ဆဲမို့၊ အချစ်တွေဟာ အသစ်အသစ်တွေ ပြန်လည်မွေးဖွားနေဆဲ. . .

ဦးကုလားမှာ မိန်းမတွေ ခဏခဏယူချင်သော ဥာဉ်ကလေး ရှိသည်ကလွဲ၍ ဦးကုလားသည် တရားဝင် လက်ထပ်ယူထားပြီးသော မိန်းမများနှင့် သားသမီးများအပေါ် ဖခင်ကောင်း၊ ခင်ပွန်းကောင်း (မိန်းမတွေ အများကြီးယူသည့် ပြစ်ချက်မှလွဲ၍)ပီသသောသူဖြစ်သည်။

မိန်းမတွေအိမ်မှာ တစ်ပတ်လျှင်နှစ်ရက်ကျ ခွဲတမ်းနှင့် နေသလို မိန်းမအားလုံးအပေါ်လည်း ရွှေအပြည့်ငွေအပြည့် အိမ်ကားလုပ်ငန်းတွေ ကိုယ်စီဖြင့် အဆင့်အတန်းမြင့်မြင့် ထားပေးရှာသည်။

ထိုသို့သော အားသာချက်တွေကြောင့် ဦးကုလား မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူနေခြင်းကို ဦးကုလား၏ အားနည်းချက်ကလေးပါဟု ဖြည့်တွေးနားလည်ပေးနိုင်စွမ်းသော မိန်းမများ ဒီကမ္ဘာမှာ ရှိပါလေစ. . .။

ဦးကုလားကြောင့် မယားကြီး၊ မယားလတ်၊ မယားငယ်၊ မယား





ထွေး. . အဲ. . မယားနို့ညှပ်. . အားလုံးအားလုံး ဘယ်တုန်းကမှ အဝေမတည့် မဖြစ်ဘူးကြ။

နပန်းသတ်ပြီး လင်လုသော စကားတွေနှင့် ရန်ပွဲဆင်နွှဲဖို့ဆိုတာ ဝေလာဝေး။ အဲလောက်ထိ ဦးကုလား၏မိန်းမတွေက စည်းရုံးကြတာပါ။ အယ်. . ဘယ်လောက် စည်းရုံးကြသလဲဆိုလျှင် ဥပမာ မယားထွေးနှင့်ရသော သမီးငယ် သွေးလွန်တုတ်ကွေးဖြစ်၍ ဆေးရုံတက်ရလျှင် မယားကြီး၊ မယားလတ်၊ မယားငယ်တို့က ဆေးရုံမှာ အလှည့်ကျ လူနာစောင့် လုပ်ပေးကြသည်။

သားသမီးတွေ အားလုံးကလည်း သူ့အမေ ကိုယ့်အမေဆိုတာ ခွဲခြားမနေတော့. . မေမေတင်၊ မေမေခိုင်၊ မေမေလှ၊ မေမေမြင့်၊ မေမေသင်း၊ မေမေနွယ်၊ အဲ. . အခုယူမည့်မိန်းမ မနှင်းအေးကိုပါ စာရင်းထည့်ချုပ်မယ်ဆိုလျှင် မေမေနှင်းရောပေါ့၊ အဲဒီလောက်ထိ သားသမီးတွေကလည်း သူဇာ့ဖခင် ဦးကုလားအပေါ် အပြည့်အဝ ထောက်ခံအားပေးကြသည်။

အဲဒီလောက် စစ်ပြေငြိမ်းပြီး အေးချမ်းသာယာသော ဦးကုလား၏အင်ပါယာကိုကြည့်ပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်း ရပ်နားရှင်လူမျိုး အံ့သြကြသည်။ တရားသဘောနှင့်ကြည့်ပြီး သံဝေဂတွေ ရကြသည်။ နှာခေါင်းရှုံ့သူက ရှုံ့ကြသည်။ မနာလိုဖြစ်သူက ဖြစ်ကြသည်။ အဲ. . အားကျတဲ့သူတွေတောင် ပါလိုက်သေး။

တချို့ အဖွားကြီးတွေဆိုလျှင် သူတို့သမီးတွေကို ဦးကုလားရဲ့ အငယ်အနှောင်းပဲ ဖြစ်လိုက်ပါတော့. . ဒါဆိုရင် ငါတို့ သေရင်တောင် ဖြောင့်ဖြောင့် သေနိုင်ပါပြီလို့ တိတ်တခိုး ကြွေးကြော်သူတွေကရှိသေး။

ကဲ. . ဘယ်လောက်ကံကောင်းလိုက်တဲ့ ဦးကုလားလဲလို့ မိတ်ဆွေအပေါင်းအသင်းတွေကရော ဦးကုလားကိုကြိတ်ပြီး အားကျနေပါ



www.burmeseclassic.com

www.burmeseclassic.com



သလား။ ဒါမှမဟုတ် ဦးကုလားကိုယ်စား စိတ်ကူးလေးနဲ့တင် ဖတ်ဖတ်ကို မောနေကြသလား။

ခုလည်း မယားကြီးအဖြစ် နံပါတ်ဝမ်း ချစ်ဇနီးချော မမတင်က ဦးကုလားအတွက် (၃၆)ရပ်ကွက်က မနှင်းအေးဆိုသော ပျိုမြူချောလေးကို အစ်မကြီးနေရာကနေ ဝင်ရပ်ပြီး မိသားဖသားပီပီ လိုက်တောင်းပေးဖို့ ကန်တော့ပွဲ ပြင်ဆင်နေလေရဲ့. . . ။

ကြားလိုက်ရသည့် သတင်းကြောင့် ဦးကုလား၏ အသိုင်းအဝိုင်းတစ်ခုလုံး ဟာခနဲ ဟင်ခနဲဖြစ်ကာ ငိုမလို ရယ်မလိုတောင် ဖြစ်ကုန်ကြလေရဲ့။

ဒီလိုအဖြစ်အပျက်မျိုးတွေကို စိတ်နှလုံး ကြည်မွေ့စွာ လိုက်လျောနားလည်ပေးနိုင်သော ဇနီးမယားမျိုးတွေ. . အယောက်တစ်သန်းမှာ တစ်ယောက်ရှိဖို့ဆိုတာက တကယ်မလွယ်တဲ့ကိစ္စ။








ဘယ်လောက် စိတ်သဘောထား ပြည့်ဝလိုက်တဲ့ မယားတွေလဲလို့။

ကဲ. . မိတ်ဆွေတို့ရော ဦးကုလားကို စိတ်ထဲမှာ ကြိတ်ပြီးအားကျနေပါသလား။

ဒါမှမဟုတ်၊ ဦးကုလား၏ ခွဲတမ်းညီမျှမှုကြောင့် ကြားထဲက ဖတ်ဖတ်ကို မောနေကြလေသလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

တဲအကြီးစားဟု အမည်တပ်၍ရသော ပျဉ်ထောင်အိမ်သေးသေးကုပ်ကုပ်ကလေးရှေ့သို့ ဆိုက်ကနက် အနက်ရောင်ကားကြီး ငြိမ့်ခနဲ ထိုးဆိုက်လာသည်။

အိမ်ကလေးထဲမှ ခပ်နွမ်းနွမ်း ဝတ်စားဆင်ယင်ထားသော အမျိုးသမီးကြီးနှင့် အမျိုးသားကြီးတစ်ဦး ပျာပျာသလဲ ထွက်လာကြပြီး ဆီးကြိုကြသည်။

သူတို့သည် ဦးကုလား၏ ခုနစ်ကြိမ်မြောက် ယောက္ခမလောင်း





လျာတွေ ဖြစ်သည်။

"လာကြပါရှင်. . ဝင်ကြပါ၊ အားလုံး လူလည်းစုံနေပါပြီ၊ နှင်းအေးကလည်း အဆင်သင့် ဖြစ်နေပါပြီ"

မနှင်းအေးအမေ၏ စကားကြောင့် မနှင်းအေးအဖေ သူ့မိန်းမကို တစောင်းနှင့်မသိမသာတွက်ပြီး. . .

"ဟော့. . မယ်ဆင့်၊ မင်းနှယ် ဘာအဆင်သင့်တုန်း၊ သမီးရှင်ဖြစ်ပြီး ဘာတွေ အရှက်သိက္ခာမဲ့ ပြောနေတာလဲ"

"သြော်. . ရှင်ကလည်းလေ လိုရာဆွဲတွေးပြန်ပြီ၊ မောင်ကုလားရဲ့ ခုနစ်ယောက်မြောက် ဇနီးမယားအဖြစ် ခံယူဖို့ကို ပြောတာလေ"

"မပြောနဲ့ ငါ့သမီး ခုနစ်ယောက်မြောက် မယားငယ်ဖြစ်တာ ပတ်ဝန်းကျင် သိကုန်မယ်၊ ကိုယ့်ချင်းကိုယ့်ချင်း ပွင့်ပွင့်လင်းလင်း သိထားကြတာက ပြဿနာမရှိဘူး"

မနှင်းအေး အဖေနှင့်အမေ ခပ်ကြိတ်ကြိတ် စကားများနေကြသည်။

ပတ်ဝန်းကျင်အလယ်မှာ ကိုယ့်သမီး ဂုဏ်ငယ်မှာကိုတော့ မနှင်းအေးအဖေ ကြောက်ရှာပါသည်။

မနှင်းအေးအမေ ဘာမှပြန်မပြောရဲတော့ဘဲ ငြိမ်သွားသည်။ မမတင် ကန်တော့ပွဲကြီးရွက်လျက် ကားပေါ်က ဆင်းလာ၏။ အမကြီးအမိရာ ပုံစံမျိုးဖြင့် ပုဝါကို ဘယ်ညာချပြီး မနှင်းအေး၏ အဖေနှင့်အမေကို မိန့်မိန့်ကြီး ပြုံးပြသည်။

"ကျွန်မတို့ နည်းနည်းနောက်ကျသွားတယ်၊ မောင်ကုလားရယ်လေ၊ သူ့လုပ်ငန်း ပရောဂျက်အတွက် နိုင်ငံခြားဧည့်သည်တွေနဲ့ တွေ့နေရလို့"

မမတင့် လေလုံးကြီး အရင်ပစ်သွင်းလိုက်သည်။ ဘာရယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကိုယ့်ယောက်ျား ဘယ်လောက်ချမ်းသာပြီး ဘယ်လိုလုပ်ငန်းကြီးတွေ လုပ်တယ်ဆိုတာ သူတို့သိအောင် အရိပ်အမြွက် ပြောထုတ်ခြင်းဖြစ်သည်။

ဦးကုလား မမတင်နောက်မှ စမတ်ကျကျဟန်ဖြင့် ဆင်းလာသည်။

နို့သာရောင် ပိုးတိုက်ပုံကို ရာကျော်ချိတ် ရွှေအိုရောင် ဖျော့ဖျော့နှင့် လိုက်ဖက်စွာတွဲဝတ်ထားသော ဦးကုလားမှာ ညိုပေမယ့် ကော်လာမှာတပ်ထားသော စိန်ကြယ်သီးကြောင့် ပနာရကာ ကြည့်၍ပင် ကောင်းသေးတော့၏။

“လာ. . လာ. . မောင်ကုလား ဝင်ပါ၊ သမီးလေး ခင်မျာကွာ မင်းမလာသေးလို့ တမျှော်မျှော်နဲ့. . ၊ လာ. . ဝင်ပါ အစ်မကြီး”

အစ်မကြီးဟုသာခေါ်သော မနှင်းအေးအဖေနှင့် မမတင်၏ အသက်မှာ သိပ်မကွာသလို ယောက္ခမနှင့် သားမက်တော်ရမည့် ဦးကုလားနှင့်လည်း မတိမ်းမယိမ်း. . .

မေမေတင့်ကအရင် အိမ်ပေါ်သို့ တက်ခဲ့ပြီး ဦးကုလားက အနောက်မှ တက်သည်။ ဦးကုလားနောက်မှ မမတင့်၏သား သင်္ဂဟနှင့် မမခိုင်၏သမီး အိမ်လေးတို့ လိုက်တက်လာကြသည်။ သူတို့နောက်မှ မမမြင့် လိုက်တက်လာသည်။

ဦးကုလား မိန်းမတောင်းပွဲက ရပ်ကွက်လူကြီး၊ ရပ်မိရပ်ဖ မလိုနံပါတ်(၁)မယားကြီးနှင့် သားသမီး၊ နံပါတ်(၄) မယားကြီး မေမေမြင့်တို့ လေးဦးပဲ ပါသည်။

သင်္ဂဟနှင့် အိမ်သူတို့မောင်နှမ အိမ်ကလေးထဲ ဝင်လိုက်တာနှင့် နှာခေါင်းလေးတွေ မသိမသာ ရှုံ့သွားကြသည်။

ဆင်းရဲလိုက်ကြတာ. . .။





အိမ်ရှေ့ခန်းတစ်ခုလုံး ရပ်ကွက်ထဲမှ ဧည့်သည်တွေ ပြည့်ကာ ဦးကုလားကိုသာ မျက်လုံးတွေကျွတ်ထွက်မတတ် အကဲခတ် လေ့လာနေကြသည်။

သတို့သမီးလောင်း မနှင်းအေးကတော့ ရှက်သွေးဖြာသော မျက်နှာဖြင့် ခေါင်းမဖော်ရဲဘဲ အိမ်အတွင်းဘက် အဝင်ဝနားတွင် ခတ်ကုတ်ကုတ် ထိုင်နေရှာ၏။

“ဟဲ့. . သမီး ဘယ့်နှယ်ကြောင့် ချောင်ထဲသွားကုတ်ထိုင်နေသလဲ၊ လာ. . ဒီရှေ့နားတိုး”

အဖေဖြစ်သူက သမီးကိုပွဲထုတ်ဖို့ လူပုံအလယ်ထဲ ဆွဲခေါ်သည်။ အမေဖြစ်သူက မနှင်းအေး အရှက်သည်းပုံကို ကြည့်ကာ ပီတိဖြင့် တပြုံးပြုံးလုပ်ရင်း. . .

“ကြည့်ပါဦး ယောင်နောက်ဆံထုံးပါဖို့အတွက် ရှက်နေရှာတယ်ကွယ်၊ လာ. . သမီး ဒီနားတိုး မရှက်နဲ့. . ဒါသဘာဝပဲ”

မနှင်းအေး သူ့အဖေနှင့်အမေကြားသို့ ခပ်ရှိုးရှိုးတိုးဝင်၍ ထိုင်လိုက်သည်။

“အဟမ်း. . အဟမ်း”

အရင်ဆုံး တောင်းရမ်းပွဲလေးစဖို့ တာဆူသူက မနှင်းအေးတို့ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်မူးဖြစ်သည်။

“ကဲ. . လူစုံကြပြီဆိုတော့ နှစ်ဖက်အုပ်ထိန်းသူတွေက မင်္ဂလာပွဲလေးအတွက် ညှိနှိုင်းကြတာပေါ့၊ အာဝါဟ ဝိဝါဟဆိုတဲ့ လက်ထပ်မင်္ဂလာ အကြိုပွဲလေးကို မင်္ဂလာရှိရှိလေး စလိုက်ကြရအောင်၊ ဒီတော့ သတို့သားဘက်က ဟောဒီရဲ့ အစ်မကြီးဖြစ်သူက မင်္ဂလာပွဲလေးအတွက် ဘယ်လိုများ မင်္ဂလာရှိရှိ ဆောင်ရွက်ထားပါသလဲလို့”

ဦးချစ်မူး၏ လေသံက ဇာတ်သံနည်းနည်းပေါက်သွား၍ အား



www.burmeseclassic.com

www.burmeseclassic.com



လုံး ပြုံးတုံ့တုံ့တွေ ဖြစ်ကုန်ကြသည်။

"ဒါက ဒီလိုရှိပါတယ် လူကြီးမင်း၊ ကျွန်မအနေနဲ့ နှစ်ဖက်စလုံး ကြည်ကြည်ဖြူဖြူနဲ့ ညှိနှိုင်းပြီးမှ ထွက်လာတဲ့အဖြေကို အတည်ပြုသွားမှာမို့ ဟောဒီက ညီမလေးမနှင်းအေးရဲ့ဆန္ဒကို အရင်မေးချင်ပါတယ်"

မနှင်းအေးနှင့် မေမေတင်က အစကတည်းက အတိုင်အဖောက် ကြိုညှိထားကြသူမို့ တမင်ပင် မနှင်းအေးကို ခေါင်းတည်ပေးလိုက်ခြင်း ဖြစ်သည်။

အားလုံး၏ အကြည့်တွေက မနှင်းအေး ဘာပြောမလဲ ဟူသော သိချင်စိတ်ဖြင့် အကြည့်တွေ စုပြုံရောက်လာကြသည်။

"ဟိုလေ. . နှင်းကတော့ ဖြစ်နိုင်ရင် မင်္ဂလာပွဲတွေ မလုပ်ချင်ပါဘူး၊ ရုံးတက်လက်မှတ်ထိုးပြီး ပရဟိတလုပ်ငန်းတစ်ခုမှာ ငွေလေးဘာလေးလှူလိုက်လည်း ဖြစ်တာပဲလေ"

"အို. . ညီမလေးရယ် အဲလိုလုပ်လို့ ကောင်းပါ့မလား၊ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်မင်္ဂလာလေ၊ မိဘတွေကလဲ သူတို့သမီးလေးရဲ့ ခြိမ့်ခြိမ့်သဲမင်္ဂလာပွဲကို ကြည့်ချင်ကြမှာပဲ"

မေမေတင်တို့ ဇာတ်ရှိန်ပိုမြင့်အောင် မြှင့်ပေးသည်။

ဦးကုလားကတော့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်ပြီး ဘာမှကို ဝင်မပြော။

"မမကြီးပြောသလို လုပ်ချင်ပေမယ့် တကယ်တမ်း နှင်းတို့ဘက်မှာ ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းကြီး မရှိတော့၊ ဖိတ်စရာဧည့်သည် များများစားစားလဲ မရှိပါဘူး၊ ဒါကြောင့် နှင်းကတော့ မင်္ဂလာပွဲကို မလုပ်ချင်ဘူး"

ရပ်မိရပ်ဖတွေရှေ့မှာ အကြောင်းပြချက် ခိုင်ခိုင်လုံလုံဖြင့် ငြင်းဆန်နေသည်မို့ မနှင်းအေးမိဘတွေ ဘာမှထပြီး ကန့်ကွက်ခြင်းမရှိ။





"ကဲ. . မနှင်းအေး မိဘတွေကရော ဘယ်လိုဖြစ်စေချင်လည်း"

"ဘယ်လိုဖြစ်စေချင်လဲဆိုတော့ မင်္ဂလာပွဲ ကြီးကြီးကျယ်ကျယ် လုပ်မှာထက်စာရင် သမီးလေးနောင်ရေး စိတ်အေးရအောင် စီစဉ်ပေး ဘယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

ဒါဟာ အားလုံးအတွက် အသင့်တော်ဆုံး အဖြစ်သင့်ဆုံး အခြေအနေမို့ မေမေတင် ပြုံးလိုက်ပြီး ကြိုတင်စီစဉ်ထားသည့် အစီအစဉ်ကို အကောင်အထည်ဖော်ရန် မနှင်းအေး၏အိမ်ကို ဂရုဏာသက်သော အကြည့်ဖြင့် ဝေ့ကြည့်လိုက်ပြီး. . .

"အင်းလေ. . မနှင်းအေးက မင်္ဂလာပွဲကို ခမ်းခမ်းနားနား မလုပ်ချင်ဘူးဆိုမှတော့ မင်္ဂလာပွဲအတွက် ကုန်ကျမယ့် ကုန်ကျစားရိတ်ကို ပရဟိတတစ်ခုခုမှာ လှူမယ့်အစား တကယ်လိုအပ်နေတဲ့ မနှင်းအေး မိဘတွေကို လိုရာသုံးစွဲဖို့ အပ်နှံလိုက်မယ်ဆိုရင်ရော"

မနှင်းအေး အဖေနှင့်အမေ မျက်နှာတွေ မသိမသာ ဝင်းလဲ့သွားကြသည်။

ဒီတစ်ခါ စပြီး လှုပ်လာသည်က ဦးကုလား ဖြစ်သည်။

"မင်္ဂလာပွဲအတွက် ကုန်ကျမယ့် ငွေတွေကို ဒီယိုင်နဲ့နဲ့ အိမ်လေး ပြင်ဆောက်မယ်ဆိုရင် ပိုပြီးအကျိုးရှိမယ်လို့ ကျွန်တော်ထင်တယ်. . လိုအပ်ရင်လည်း ငွေကြေးထပ်ထုတ်ပေးဦးမှာပါ၊ ဒါဟာ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲသဲ လုပ်မှာထက် ပိုပြီးအကျိုးသက်ရောက်မှု ရှိမှာပါ၊ နှင်း ဘယ်လိုသဘောရလဲ"

မြတ်နိုးသောအကြည့်ဖြင့် ကြည့်ကာ မေးလာသော ဦးကုလား၏အမေးကြောင့် နှင်း မြမြကလေးပြုံးကာ. .

"ကိုကြီးသဘောပါ၊ နှင်းကတော့ ကိုယ့်မိဘတွေ အိမ်ကောင်းကောင်းနဲ့ နေရမယ့်အခြေအနေကို ပိုပြီးကျေနပ်တယ်၊ အဖေတို့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ အနေဆင်းရဲ အစားဆင်းရဲ ဘဝကိုရုန်းကန်နေကြရတာကို နှင်းမကြည့်ရက်ဘူး"

သမီးဖြစ်သူ၏ သိတတ်လိမ္မာသော စကားတွေကြောင့် မနှင်းအေး၏အမေ မျက်ရည်တို့ဝဲကာ အပျော်တွေလွန်နေ၏။

လိမ္မာလိုက်တဲ့ သမီးလေး၊ မိဘတွေကိုငဲ့ပြီး ဒီလိုအသက်ကြီးပြီးယောကျ်ားများတဲ့လူကို ယူရတယ်လို့ ဘာပဲဖြစ်ဖြစ် ခုနေသေဆိုရင်တောင် သမီး၏နောင်ရေး စိတ်အေးရသည့်အတွက် သေပျော်ပါပြီလေ။

"အင်းလေ အားလုံးရဲ့ ဆုံးဖြတ်ချက်က တညီတညွတ်တည်း ထွက်လာပြီ ဆိုမှတော့ ကျွန်တော်တို့ ရပ်မိရပ်ဖတွေကလည်း မနှင်းအေး အတွက် ဝမ်းသာသလို ဟောဒီက ကိုသံခဲနဲ့ မသန်းဆင့်တို့ ဆင်းရဲနွံ့ချာတဲ့ဘဝက လွတ်မြောက်ရပြီမို့လဲ ဝမ်းသာပါတယ်ဗျာ"

"ကဲ. . ဒီနေ့လို မင်္ဂလာရှိတဲ့နေ့လေးမှာ မင်္ဂလာစကားတွေကို အောင်အောင်မြင်မြင် ပြောပြီးပြီမို့ ဒီစေ့စပ်ပွဲ အထမြောက် အောင်မြင်ပြီလို့ ယူဆလို့ ရသွားပြီပေါ့ဗျာ"

ဥက္ကဋ္ဌဦးချစ်မူးနှင့် ရပ်ကွက်အပိုင် ရာအိမ်မှူးတို့က မင်္ဂလာစေ့စပ်ပွဲအခမ်းအနား အောင်မြင်ကြောင်း ပြောပြသဖြင့်. . .

သင်္ဂဟနှင့်အိမ်သူ လက်ခုပ်တီးကြသည်။ သူတို့နှစ်ယောက်တီးတော့ ဖိတ်ကြားထားသော ရပ်မိရပ်ဖတွေလည်း လက်ခုပ်တီးရတော့၏။

မနှင်းအေး၏ အိမ်ကလေးထဲမှ လက်ခုပ်သြဘာသံတွေ လျှံထွက်လာသည်။

အိမ်အပြင်မှ ကောင်းကင်ပြင်မှ တိမ်တိုက်တို့သည်လည်း ဦးကုလား၏ သတ္တမမြောက် ရင်ခုန်သံကို ခိုးနားထောင်ကာ ပျော်ရွှင်မြူးတူးပြီး ဒိဂျေပွတ်၍ ရွှေ့လျားနေကြသည်။





ဌက်တို့သည် ဦးကုလား၏ သတ္တမမြောက် မင်္ဂလာနေ့အတွက် ဂ္ုက်ပြုတေးတွေ သီဆိုနေကြသည့်နှယ် ဒီနေ့မှပို၍ပင် သာယာနာပျော်ဗွယ် ကောင်းလှပေ၏။

ဘာပဲဖြစ်ဖြစ် တစ်ယောက်၏လိုအပ်ချက်တွေကို တစ်ယောက်ဧ ဖြည့်ဆည်းပေးကြရင်း ဘဝနှစ်ခု ပေါင်းစပ်မည့်ပွဲကို ပြုငြင်သူ တစ်ဦးဘစိမျှ မရှိကြခြင်းဟာ ဦးကုလား၏ ကုသိုလ်ကံက ထူးနေ၍ပဲလား၊ ဒ်မှမဟုတ် ငွေသည် အရာအားလုံးကို စိတ်တိုင်းကျ ပုံဖော်နိုင်သော အင်အားတစ်ရပ် ဖြစ်နေ၍ပဲလား။

တစ်ခုခုတော့ တစ်ခုခုပါပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဝေး . . အဖေကြီး ကြိုးတားမယ် . . ကြိုးတားမယ် တစ်ယောက်ကို မုန့်ဖိုးတစ်သိန်းပေးရမယ်၊ မပေးရင် မေမေနှင်းတို့ ဝှက်ထားမှာ"

မနှင်းအေးအတွက် အိမ်အသစ်တစ်လုံး စီစဉ်ပေးသော အိမ် တွင် ဦးကုလား၏ မယားကြီးတွေနှင့် သားသမီးတွေ အကုန်လုံး အိမ် ပေါက်ဝတွင် ဆီးကြို၍ အသီးသီး ကြိုးတားနေကြ၏။

"အစ်ကို ခိုင်တို့ကိုတော့ တစ်ယောက်ကို ငါးသိန်းမှ ရမှာနော်





ဒါပဲ"

"ငါးသိန်း မနည်းဘူးလား မမခိုင်၊ နွယ်ကတော့ ဆယ်သိန်း လောက်မှ ကျေနပ်မှာနော်"

"ဟေ့အေး ဟန်းနီးမွန်းထွက်ရင် သင်းတို့ပါလိုက်မယ်"

"ဟာ မေမေသင်းကလည်း ကိုယ့်အလှည့်တုန်းက နှစ်ယောက် ... သွားကြပြီးတော့ မျက်နှာပူစရာတွေဖြစ်အောင် လုပ်ကြဦးမယ်"

"ဟဲ့သား . . သင်္ဂဟ၊ ဘာတွေပြောနေတာတုန်း"

မေမေခိုင် မနှင်းအေးအတွက် အားနာစွာ ဝင်၍ဟန့်လိုက် သည်။

"ရပါတယ် မမခိုင်တို့ရယ်၊ အစ်ကိုကြီးက ဟန်းနီးမွန်းထွက် ... ပြောပေမယ့် နှင်းက မထွက်ချင်ဘူး၊ ထွက်ရမယ်ဆိုရင်လည်း ...ယောက်ထဲ ဟန်းနီးမွန်းမဟုတ်ဘဲ မိသားစုတွေအားလုံး အပျော်ခရီး ...သွားချင်တာ"

မနှင်းသည် အရိပ်သုံးပါး နားလည်စွာဖြင့် အားလုံးနှင့် အ ...ကိုက်အထိုက် နေတတ်သည်။

"ဟုတ်တယ် မေမေနှင်း၊ မီးမီးတို့ ချောင်းသာသွားချင်တယ်၊ ...ကြီး ချောင်းသာကို ဟန်းနီးမွန်းထွက်"

"ဟာ . . ချောင်းသာ ဘာလုပ်ဖို့လဲ၊ ပြင်ဦးလွင်ဆို ဟုတ်သေး"

"ဟာ . . အင်းလေးက ပိုကောင်းတာ"

"ကောင်းဘူး ရေတွေနဲ့ အန္တရာယ်များတယ်"

"ဒါဆို ပုဂံသွား"

"နေပူတယ် . . ငါ့အသားတွေ မဲကုန်မှာပေါ့"

"ဖေကြီးသမီးပဲ မဲပစေပေါ့၊ ဒါမှ ဖေကြီးသမီး ပီသမှာ"

"အံမယ် ဒါဆို နင်လည်း ဟိုနေရာပေါင်းတင်၊ ဒီနေရာ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တင် မလုပ်နဲ့လေ၊ ဖေကြီးလိုပဲ မဲပစေပေါ့"

"မိဂျူးနော် လာကပ်မပြောနဲ့၊ မေမေမြင့်နဲ့ တိုင်လိုက်မှာ"

"တိုင်ပေါ့၊ ငါကလည်း နင်ကောင်လေးတစ်ယောက်နဲ့ ချက်တင်ထိုင်တာကို တိုင်လိုက်မှာ"

"အယုတ်တမာမ"

"နင်က အညှောက်တစ်ထောင်မ"

သားသမီးတွေအားလုံး တစ်ယောက်တစ်ပေါက်၊ မိန်းမတွေကလည်း ခဲဖိုးတောင်းဖို့ ခုထိဈေးမတည့်သေး၊ သင်္ဂဟက ခဲဖိုးငွေရှင်းဖို့ဖခင်ဖြစ်သူ၏ လည်သာလက်ဆွဲအိတ်ရှည်ကြီး မပြီး သူ့အတွက် ခဲဖိုးငွေကို ကြိုယူပြီးသား။

"ကဲကဲ. . အားလုံးတိတ်ကြတော့ ဖေကြီးပြောမယ်၊ ကဲ. . မေကြီးတို့ရေ နားထောင်ကြကွာ၊ ကိုယ် မေကြီးတို့ကို တန်းတူရည်တူချစ်ပါတယ်ကွာ၊ ဒါကြောင့် မေကြီးတို့ လိုချင်တဲ့ ခဲဖိုးငွေ တစ်ယောက်ကိုဆယ်သိန်းပေးမယ် ဟုတ်ပြီလား၊ သားတို့ သမီးတို့ကို သုံးသိန်းစီပေးမယ် သဘောတူလား၊ သဘောတူရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

လက်ခုပ်သံတွေ တညီတညွတ်တည်း ပေါ်ထွက်လာ၏။

"ဝေး. . ဟေး. . ဟေး. . ဟေး"

"တီးမယ်၊ တီးပေးဦးမှာ ဒီလက်ခုပ်က ဆယ်သိန်းတန်တယ်နော် ဖေကြီးရေ"

"ဟုတ်တယ် မေမေတင်၊ မီးမီးတို့ လက်ခုပ်က သုံးသိန်းပဲတန်တယ်. . ဟီး. . ဟီး. . ဟီး"

ပျော်စရာကောင်းပြီး စည်းလုံးကြသော ဦးကုလား၏ မိသားစုဝင်တွေကိုကြည့်ပြီး ရှုံးတိုးရှန့်တန့် ဖြစ်လိမ့်ဦးမည်ဟု ထင်ထားသော





မနှင်းအေး၏ စိတ်တွေသည်. .

ဘာအနှောင်အဖွဲ့မှ မရှိတော့သော ငှက်ကလေးတစ်ကောင်သို လွတ်လပ်ပေ့ါပါးပြီး မျက်နှာမှာ ကြည်လင်သော အပြုံးပန်းတွေပွင့်လာသည်။

ကိုကြီးနှင့် လက်မထပ်ခင်တုန်းက မနှင်းအေး တွေးပူမိနေတာက ကိုကြီးရဲ့ ဇနီးခြောက်ယောက်က မနှင်းအေးကို မနာလိုဖြစ်ပြီးဒုန်လုပ်နေကြမယ်၊ သားသမီးတွေကလည်း မိထွေးဆိုတဲ့အမြင်နဲ့ မနှင်းအေးကို ဖြူစူစောင်းမြောင်းကြမယ်ပေ့ါလေ။

ခုတော့ မနှင်းအေး၏အတွေးတွေ တက်တက်စင်အောင်ကိုသွဲတော့တာပဲ။

လောကမှာ ဒီလိုစိတ်ထားမျိုးထားနိုင်သည့် လူတစ်စု. . အဲဒီသားစုတွေ ရှိနေပါသေးလား။

ခုတော့ မနှင်းအေးစိတ်တွေ မသိမ်ငယ်တော့ပါ၊ သူတို့အားလုံးကို သွေးရင်းသားရင်းလို ချစ်မိသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"သ က်ဟ မင်း အမေအသစ်တစ်ယောက် ထပ်ရပြန်ပြီဆို"

သင်တန်းခန်းမထဲ ဝင်ဝင်ချင်း အမေးခံရသဖြင့် သက်ဟမျက်နှာ ကွက်ခနဲပျက်သွားသည်။ မိုက်က ပြောပြီး ယုဘေးတွင် ဝင်ထိုင်သည်။

"အဲဒါ မင်းတို့နဲ့ ဘာဆိုင်လဲ"

"အားကျလို့ပါ. . ဟီး. . ဟီး. . ဟီး"

"အားကျရင် မင်းအဖေကို မိန်းမအများကြီး ယူခိုင်းပေါ့ကွ"





ဒါမှမဟုတ် မင်းအမေကို ယောကျ်ားများများယူခိုင်း"

စိတ်ထဲမှာ မိုက်ကယ်ကို ချဉ်တူးတူးဖြစ်နေ၍ ဘုဂလန့်ပင် ပြောလိုက်သည်။

"အို. . နိုး. . နိုး. . နိုး ငါ့ဖားသားကြီးက တစ်လင်တစ်မယား စံနစ်နဲ့ သွားမှာကွ၊ ဒါမျိုးလုံးဝပဲ၊ ငါ့မားသားကြီးဆိုရင် ပိုဆိုးသေးတယ်"

"ဘာကွ. ."

မိုက်ကယ့်စကားကြောင့် သက်ဟ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ဒေါသထွက်သွားသော သက်ဟကိုကြည့်ပြီး တခြားသူငယ်ချင်းတွေပါ ပြုံးကြောင်ကြောင်လေးတွေ မော့ကြည့်ကုန်ကြသည်။

မိုက်ကယ် ခနိုးခနဲ့ ရယ်လိုက်ပြီး. . .

"ငါပြောတာ အမှန်ပဲ"

"မင်း. . မင်းအဖေ ငါ့အဖေလို ငွေရှာနိုင်ရင် တစ်လင်တစ်မယားစံနစ် ကျင့်သုံးနိုင်မလား ငါကြည့်ချင်သေးတယ်၊ ငါ့အဖေ မိန်းမများများယူတာ ဘာဖြစ်လဲ၊ ဟမ်. . သူရှာကျွေးနိုင်လို့ ယူတာကွ၊ ငါ့အဖေ မိန်းမခုနစ်ယောက်ကို တိုက်နဲ့ကားနဲ့ ထားသလိုမျိုးလောက်တောင် မင်းအဖေက တစ်ယောက်ထဲသော မင်းအမေကို အဲလိုထားနိုင်လား၊ ခု မင်းစီးနေတဲ့ကားတောင် ငါ့အဖေရဲ့ဘော်ဒါ ကားကုမ္ပဏီမှာ အရစ်ကျဝယ်ထားတာ ငါမသိဘူးများမှတ်လား"

ဒီတစ်ခါ မိုက်ကယ်အလှည့်၊ မိုက်ကယ် သက်ဟကို မျက်ထောင့်နီကြီးနဲ့ မော့ကြည့်သည်။

"အဲဒါဘာဖြစ်လဲ၊ ငါတို့က မင်းမိထွေးတွေလို ပြည့်ပြည့်စုံစုံ မနေရဘူးပဲထား၊ ငါတို့မိသားစု လူပုံအလယ်မှာတော့ တင့်တယ်တယ်ကွ ငါက မယားငယ်ရဲ့ သားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်. ."

"အ. ."

"ဟာ. . သင်္ဂဟာ. . မလုပ်နဲ့. . မလုပ်နဲ့"

စိတ်မြန်လက်မြန် ဒေါသထန်ထန်ဖြင့် သင်္ဂဟာ၏လက်သီးက မိုက်ကယ်မေးရိုးပေါ်ကို ကျသွားသည်။ သူငယ်ချင်းတွေအားလုံး သင်္ဂဟာကို ဝိုင်းဆွဲကြသည်။

မိုက်ကယ် နာသွားသောပါးကို ပွတ်လျက် သင်္ဂဟာကို မကျေမချမ်းကြည့်ပြီး သင်္ဂဟာကို ပြန်ထိုးသည်။

"ရော့. . ငါ့ကို ဘလိုင်းကြီး ထိုးတဲ့ကောင်"

"ခွပ်. ."

သင်္ဂဟာမျက်နှာ လည်ထွက်သွားသည်။

"ဟာ လွှတ်စမ်းပါကွာ"

သင်္ဂဟာ သူ့ကို ဝိုင်းဆွဲထားသော သူငယ်ချင်းတွေ လက်ထဲမှ ဆောင့်ခနဲ ရုန်းလိုက်ပြီး. . .

မိုက်ကယ် ရင်ဘတ်ကို ဆောင့်ဆွဲပြီး. . .

"ဒီမှာ မိုက်ကယ်၊ လောကမှာ အမှားမရှိဘူးတဲ့သူ ဘယ်သူမှ မရှိဘူး၊ ငါ့အဖေ မိန်းမများတာ ဘာဖြစ်လဲ၊ သူ့အမှားက ငါတို့ဘဝကို မင်းတို့ အထင်သေးသလောက် မသိမ်ငယ်စေဘူးကွ၊ သူက လူတော် တစ်ယောက်မို့လို့ မိန်းမတွေအားလုံး ချစ်ကြတယ်၊ မိန်းမခုနစ်ယောက်နဲ့ သားသမီးအများကြီးကို အဆင့်အတန်းမြင့်မြင့်နဲ့ ထားနိုင်တဲ့ယောကျ်ားလို အစွမ်းအစမျိုး မင်းအဖေမှာရှိလား၊ ပြော. . ပြောလေဟာကွာ. ."

"ခွပ်. ."

ဒီတစ်ခါ သင်္ဂဟာထိုးအလှည့် အရှိန်ပြင်း၍ မိုက်ကယ် ဖင်ထိုင်လျက် လဲကျသွားသည်။





သင်္ဂဟာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ သင်တန်းခန်းမထဲက ဒေါသခြေလှမ်းဖြင့် ထွက်လာလိုက်သည်။

"မင်း ငါနဲ့ တစ်နေ့တွေ့မယ်၊ သင်္ဂဟာ ဒီနေ့ကစပြီး မင်းနဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး"

မိုက်ကယ်၏ သူငယ်ချင်းခန်းပြတ်သည့်စကားတွေ သင်္ဂဟာ နောက်ကျောမှ ကပ်ပါလာသည်။

သင်္ဂဟာ မဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"သင် မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

အသစ်စက်စက်ချစ်သူ မေနိုင်း၏ အမေးကြောင့် ဒေါ်သသိ(?)

ပျယ်သေးသောမျက်နှာဖြင့် မေနိုင်းကိုကြည့်ပြီး. . .

"ဘာမှမဖြစ်ပါဘူး မေနိုင်းရယ်"

"ဟွန်း မဖြစ်ဘူးသာဆိုတယ်၊ ဟောဒီ မျက်ခုံးကြီး နှစ်ဖက်တွန့်နေလိုက်တာ ကျိုးမတတ်ပဲ၊ ပြော. . မှန်မှန်"

ဖွတ်အတင်း မရမက မေးနေသောကြောင့် သင်္ဂဟ ကျွတ်





ခပ်တိုးတိုး စုတ်သပ်လိုက်ပြီး မေနိုင်းဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဘော်ဒါတစ်ယောက်နဲ့ ရန်ဖြစ်လာလို့ပါကွာ"

မေနိုင်း မျက်လုံးလေး ပြူးကြည့်ကာ. . .

"ဟယ်တော်. . . သင်္ဂဟက ရန်လဲဖြစ်တတ်တာပဲလား၊ လူပုံကြည့်တော့ လူရိုးလူအေးလေးပုံစံနဲ့"

အလိုမကျဟန် ပြောလိုက်သော မေနိုင်းကိုကြည့်ပြီး သင်္ဂဟ သက်ပြင်းမသိမသာ ချလိုက်သည်။ ကိုယ့်အဖေ မိန်းမများတာ မေနိုင်းတို့ မသိစေချင်. . .။

"ပြော ဘာကြောင့် ဖြစ်တာလဲ၊ ရန်ဖြစ်တယ်ဆိုတာ အကြောင်းအရင်းတစ်ခု ရှိလို့ပဲ၊ မဟုတ်မှလွဲရော မေနိုင်းကြားခဲ့ဖူးသလို သင်္ဂဟက ရည်းစားများတယ်ဆိုတာလေ၊ ဒါ. . ဒါကြောင့်လား"

မဝံ့မရဲအမေးကြောင့် သင်္ဂဟ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟာကွာ မဟုတ်တာ၊ ကိုယ် ရည်းစားများတယ်လို့ ဘယ်သူပြောလဲ"

မလုံမလဲအကြည့်နှင့် အမေးကို မေနိုင်း အပြုံးဖြင့် တုန့်ပြန်ပြီး

"သင်္ဂဟရယ် ဘူးတစ်ရာကိုသာ လုံအောင်ပိတ်လို့ရမယ်၊ လူ့ပါးစပ်ပေါက်တစ်ပေါက်ကို ဘယ်လိုပိတ်မလဲ၊ အဟင်း. . ဒီ့ထက်ရှင်းအောင် ပြောရရင်လေ၊ ရှင့်ရဲ့ ဟိုးအရင်ကရည်းစား မေသဇင်နဲ့ မေနိုင်းနဲ့က ညီအစ်မနှစ်ဝမ်းကွဲ တော်တယ်လေ"

"ဟင်. ."

သင်္ဂဟ အံ့သြကာ မျက်နှာမှာ မလုံမလဲ ဖြစ်သွားသည်။

"ဟုတ်တယ် မအံ့သြနဲ့၊ အဲဒီအချိန်တုန်းကတည်းက ရှင့်အကြောင်းကို မေနိုင်းက သိခဲ့တာ"

"ဒါ. . ဒါပေမယ့် မေသဇင်နဲ့ကိုယ်နဲ့ သမီးရည်းစား သက်



www.burmeseclassic.com

www.burmeseclassic.com



တမ်းက သုံးလတောင် မပြည့်ခဲ့ဘူး၊ ကိုယ်တို့ စိတ်သဘောမတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြတာ"

"ဘာလို့ မတိုက်ဆိုင်တာလဲ"

"သူ့ဝါသနာကို မကြိုက်လို့၊ နောက်ပြီး ကိုယ့်ဝါသနာကို ပိတ်ပင်လို့"

"ဟုတ်လား. . ဘာကို ပိတ်ပင်တာလဲ"

"သူက မိန်းကလေးတန်မဲ့ တက်တူးထိုးတာ ဝါသနာပါတယ်၊ ကိုယ်က show ပွဲတွေကြည့်တာ ဝါသနာပါတယ်၊ အဲဒါကို show ပွဲ မကြည့်ရဘူးလို့ ပိတ်ပင်တယ်၊ ကိုယ့်ကိုကျတော့ တက်တူးဆိုင်ခေါ်ပြီး အင်္ကျီအတင်းဆွဲချွတ်တယ်"

"ဟင်. . ဘာဖြစ်လို့ ဆွဲချွတ်တာလဲ"

မေနိုင်း မျက်လုံးလေးဝင့်ကာ ဝိုင်းသွားသည်။

"အဲ. . ကိုယ့်ကျောမှာ တက်တူးထိုးခိုင်းတယ်၊ ကိုယ်က ငယ်ငယ်လေးထဲက ကိုယ့်အသားဆို နာမှာသိပ်ကြောက်တာကွ"

မေနိုင်ထံမှ ရယ်သံလွင်လွင်လေးထွက်လာကာ. . .

"ဒါနဲ့ပဲ နှစ်ယောက်သား လမ်းခွဲလိုက်တယ်ပေါ့"

"ဟုတ်တယ်. . သူက သူ့တစ်ကိုယ်လုံးကို ဒီဇိုင်းမျိုးစုံနဲ့ တက်တူးထိုးဦးမတဲ့၊ အဲ့ဒါနဲ့ ကိုယ်လည်းပြောလိုက်တယ်၊ ဒါဆိုရင် ငါနဲ့ယူစရာ မစဉ်းစားနဲ့ တက်တူးထိုးတဲ့ဆရာနဲ့ပဲ ယူလိုက်တော့လို့ ပြောလိုက်တော့ တာပေါ့"

မေနှင်း အားရပါးရရယ်ရင်း. . .

"အဟင်း. . ဟင်း ရှင်ပြောတာလဲဟုတ်သား၊ တစ်ကိုယ်လုံးတို့ များ တက်တူးထိုးခိုင်း ရဦးမယ်လို့၊ မေသဇင်ကလေ အဲလို ခတ်ကြောင်ကြောင်အလုပ်တွေ သိပ်လုပ်တာ၊ မေနိုင်နဲ့လဲ ညီအစ်မနှစ်ဝမ်းကွဲ တော်





ပေမယ့် သိပ်ပြီး အရောတဝင်မရှိပါဘူး"

"ကိုယ့်ကို ဒင်းက အပုတ်ချလိုက်တာပါ မေနိုင်းရာ၊ အဲဒီ ခတ်ကြောင်ကြောင်မိန်းမအကြောင်းကို ပြောမနေပါနဲ့၊ တွေ့တုန်း တခြားအကြောင်းအရာလေးတွေပဲ ပြောမယ်"

"ဟင်. . ဘာအကြောင်းတွေ ပြောစရာရှိလို့လဲ"

"အဟဲ ကိုယ့်ရဲ့အနမ်းတွေက မေနိုင်းပါးပေါ် ဘယ်လောက်နူးညံ့သိမ်မွေ့စွာ ထိတွေ့သလဲဆိုတာပေါ့"

မေနိုင်း ရှက်သွားကာ. . .

"ဟာ သင်္ဂဟ ဘာတွေလာပြောနေတာလဲ ရှက်စရာကြီး"

"ကိုယ့်ချစ်သူနဲ့ အနမ်းချင်းဖလှယ်တာ ဘာဖြစ်လဲ၊ ဒါ ရှက်စရာမှ မဟုတ်တာ"

သင်္ဂဟ ဘေးဘီကို လူလစ်မလားဟု ဝေ့ကြည့်လိုက်သည်။ အနီးအနားတွင် ဘယ်သူမှမရှိ၊ ထို့ကြောင့် မေနိုင်းပုခုံးလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ကာ. . .

"လာထား. . အာဘွား"

"အိုး. . သင်္ဂဟ ဘာလုပ်တာလဲ"

"နမ်းတာလေ နမ်းတာ၊ ဟား. . ဟား. . ဟား"

လူတွေလစ်သည်ဆိုတာနှင့် သင်္ဂဟ မေနိုင်းပါးပေါ် အနမ်းမိုးတွေ ရွာချလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ဦးကုလားနှင့်မေနှင်း ဟန်းနီးမွန်းခရီး ဘယ်မှမထွက်ဖြစ်ကြ၍ မေနှင်း၏ဆန္ဒအရ ဘုရားသို့ ရောက်လာခြင်းဖြစ်သည်။

အမှန်ဆို ဦးကုလား လူတွေကြားထဲ မေနှင်းနှင့် တွဲသွားတွဲလာလုပ်ရခြင်းကို သိမ်ငယ်မိတာ အမှန်ပါ။

မေနှင်းက ငယ်ငယ်ချောချောလေ၊ မယားတွေထဲမှာ အငယ်ဆုံး အချောဆုံး၊ ရှေးကံက ဖူးစာပါလာလို့သာ ဒီဘဝမှာ မေနှင်းဟာ ကိုယ့်ရဲ့ခုနစ်ယောက်မြောက် မိန်းမဖြစ်ရတာဖြစ်သည်။





ခုတော့ အရွယ်ကွာဟလွန်းသော မေနှင်းကို ချစ်လို့သာ လက်ထပ်ယူရတာ၊ ကိုယ်ကိုယ်တိုင်က သိမ်ငယ်သူ ဖြစ်နေသည်။

"ကိုကြီး မေနှင်း အောင်မြေမှာ ပုတီးစိတ်ချင်တယ်"

ဘုရားမှာ ပုတီးစိတ်ချင်တာကို ခွင့်ပြုချက်တောင်းနေသော မေနှင်းကို ဦးကုလား နှစ်သက်မြတ်နိုးစွာ ကြည့်လိုက်ပြီး. . .

"ပုတီးစိပ်တာပဲ စိပ်ပေါ့ မေနှင်းရယ်၊ ဒါများ ခွင့်တောင်းစရာလား၊ ဘုရားလာတာ ကောင်းမှုကုသိုလ် လုပ်တာပဲ၊ ဟောဒီက မေနှင်းလေးကို ကိုယ်က ပိုလို့တောင် အထင်ကြီး အချစ်ပိုမိသေးတယ်"

"အင်းပါ ကိုကြီး မေနှင်းကိုချစ်မှန်း မေနှင်းသိပါတယ်၊ ကိုကြီးတင် မဟုတ်ဘူး၊ မမတို့ကလည်း မေနှင်းကို ချစ်ကြတာပဲ"

စီနီယာ မမတွေကပါ ကြည်ဖြူလေတော့ မေနှင်းဘဝမှာ စိတ်မချမ်းမြေ့စရာ ဘာရှိတော့မှာလဲ။

"ဪ. . ကိုကြီး မေနှင်းတို့ ဘုရားမှာ ငွေလှူကြရအောင်"

"အင်း ကောင်းသားပဲ၊ လာ. . လာ. . ကြို့တုန်းလေး ကုသိုလ်ယူကြတာပေါ့"

မေနှင်းလက်ကိုဆွဲပြီး ဦးကုလား အလှူခံဌာနရှိရာဘက်သို့ ထွက်လာခဲ့လိုက်သည်။

လယ်သာ လက်ပွေ့အိတ်ကြီးထဲမှ တစ်သောင်းတန် ဆယ်ရွက်ထုတ်ယူလိုက်ပြီး အလှူခံဌာနမှ အလှူခံပုဂ္ဂိုလ်ကြီးရှေ့ ချပေးလိုက်သည်။

တစ်သောင်းတန် ဆယ်ရွက်မို့ အလှူခံပုဂ္ဂိုလ်ကြီး မျက်နှာဝင်းလက်သွားသည်။

"နာမည်က ဦးကုလားပဲနော်"

အလှူခံပုဂ္ဂိုလ်၏ အမေးကြောင့် မေနှင်းမျက်ခုံးနှစ်ဖက် မြင့်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားကာ. . .

"ဟင်. . အစ်ကိုကြီးကို သိနေတယ်"

"သိတာပေါ့၊ ညီမကြီးရဲ့ ဒီဘုရားဒကာက ဒီဘုရားရောက်တိုင်း ငွေလှူနေကြ၊ အမြဲတမ်း သဒ္ဓါတရား ထက်သန်နေတဲ့ သူပဲလေ"

ဦးကုလား အမြောက်ကြိုက်သူပီပီ ခပ်မိန့်မိန့်ကြီး ပြုံးလိုက်သည်။

"သြော်. . ဒါနဲ့ ဦးကုလားနဲ့ဘယ်သူ မေ့နေလို့"

အလှူခံ မှတ်တမ်းလွှာတွင် နာမည်ရေးဖို့ လှမ်းမေးနေသည်မို့ ဦးကုလား ပါးစပ်ကနာမည်တွေကို ခပ်တိုးတိုးရွတ်ရင်း လက်ချိုးရေတွက်နေသည်။

"သြော်. . ဟုတ်ပြီ၊ တင်ဖြူလဲ့မြင့်သင်းနွယ်နှင်း"

အလှူခံပုဂ္ဂိုလ်ဘေးတွင် ထိုင်နေသော အမျိုးသမီး မျက်နှာမော့ကြည့်ပြီး အလှူခံပုဂ္ဂိုလ်ဘက်လှည့်ကာ. . .

"အမျိုးသမီး နာမည်က အရှည်ကြီးပဲနော်"

"ဟဲ့. . အဲဒါ မိန်းမတွေရဲ့ အဖျားဆွတ်နာမည်"

ခပ်တိုးတိုး ပြောနေကြပေမယ့် မနေှးရော ဦးကုလားရော ကြားပါသည်။ တမင်ပင် မကြားချင်ဟန် ဆောင်နေကြသည်။

ဒါကို အလှူခံပုဂ္ဂိုလ် အားမနာ တဖန်ထပ်မေးပြန်သည်။

"အဲ. . နေဦး၊ အရင်က နာမည်ခြောက်လုံးနော်၊ ခု တစ်လုံးပိုနေသလိုပဲ"

အလှူခံပုဂ္ဂိုလ်၏ အမေးကို ဦးကုလား ရယ်ကျဲကျဲဖြင့် ခေါင်းဆတ်ပြရင်း. . .

"ဟုတ်တယ်. . ခု တစ်ယောက်ထပ်တိုးသွားပြီလေ"

အလှူခံပုဂ္ဂိုလ် မျက်လုံးပြူးသွားသည်။ ထို့နောက် တဟဲဟဲ





ရယ်ရင်း. . .

"ခင်ဗျား တော်တော်စီးပွားရှာနိုင်တဲ့သူပဲ၊ ဒါကြောင့်လည်း မိန်းမတွေက ချစ်ကြတာကိုး၊ သူများဘာသာတွေက ယောကျ်ားတစ်ယောက်ကို မိန်းမလေးယောက်လို့ သတ်မှတ်ထားတာကို ခင်ဗျားက ဖျင်းတောင် ဖျင်းသေးတယ်ဟ၊ ဖျင်းတောင် ဖျင်းသေးတယ်လို့တောင် ဆိုပြလိုက်ရမှာ ကျုပ်တို့ မြန်မာပြည်ကြီး ခင်ဗျားလိုလူ များများရှိကြည့် တကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံအဖြစ် စံချိန်တင်လောက်တယ်. . ဟား. . ဟား. . ဟား. ."

အလှူခံပုဂ္ဂိုလ် ပြောမနာဆိုမနာဟန်ဖြင့် အပွင့်လင်းဆုံး ဝေဖန်ကာ သူ့စကားကို သူပြန်သဘောကျ၍ တဟားဟားဖြင့် ရယ်လိုက်သည်။ မှတ်တမ်းလွှာမှာ ဦးကုလားနာမည်ကို ချရေးလိုက်ပြီး မိန်းမတွေနာမည်ကို ရေးဖို့ မေ့သွားသည်မို့. . .

"အဲ. . ဘာတဲ့ တင်ဖြူလဲ့ခင်ဝင်း၊ အဲ. . ဘာ. . ဘာ. . ပြန်ရွတ်ပြပေးပါဦး၊ ကျုပ်က သတိမေ့တတ်တယ်ဗျ"

"ဟာဗျာ ခင်ဗျားကတော့ လုပ်ပြီ၊ ဘယ့်နှယ်. . ခင်တွေ ဝင်းတွေ ပါလာရတာလဲ၊ ကျုပ်ကို နောက်ထပ်နှစ်ယောက် ထပ်ယူခိုင်းနေပြန်ပါပြီ၊ ဟား. . ဟား. . ဟား. . ဟား"

"မေ့သွားလို့ပါဗျာ"

"တင်ဖြူလဲ့မြင့်သင်းနွယ်နှင်း ပါ"

"သြော်. . ဟုတ်ပြီ. . ဟုတ်ပြီ"

အလှူခံပုဂ္ဂိုလ် လက်ချောင်းတွေ ချိုးရေတွက်ရင်းနာမည်တို့ရွတ်ကာ ရေးလိုက်သည်။

"ကဲရော့ နောက်ထပ်လည်း ဒီ့ထက်မကလာပြီး လှူနိုင်တန်းနိုင်ပါစေဗျာ၊ ဒီလင်နှင့် ဒီမယားတွေ အိုအောင်မင်းအောင် ပေါင်းရပါ



www.burmeseclassic.com

www.burmeseclassic.com



စေ"

တစ်သိမ်းတန်သည့် ဂုဏ်ပြုလွှာ လှမ်းပေးသည်။ တဆက်တည်းမှာပင် မေနှင်းကိုလည်း အားနာစွာ ပြုံးပြရင်း ဆုပေး၏။

"စိတ်မရှိပါနဲ့နော်၊ ဦးကုလားနဲ့ ကျွန်တော်တို့က ခင်မင်ကြတဲ့သူမို့ နောက်တာနော်"

မနှင်းအေး စိတ်ဆိုးမည်စိုး၍ တောင်းပန်လိုက်သည်။

"ရပါတယ် ကိစ္စမရှိပါဘူး"

မနှင်းအေး ပြုံးပြုံးရွှင်ရွှင်ဖြင့် ကိစ္စမရှိကြောင်း ပြောလိုက်သည်။

နှစ်ယောက်စလုံး တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး အလှူခံဌာနမှ ထွက်ခဲ့ကြ၏။

"ကိုကြီး ဟိုဇရပ်ထဲမှာ စောင့်နော်၊ နှင်းပုတီးစိပ်တာ သိပ်မကြာပါဘူး"

"ရပါတယ် နှင်းရယ်၊ ကိုယ့်ဇနီးထွေးလေး ကောင်းမှုကုသိုလ်လုပ်နေတာပဲ၊ ကိုယ် ဘယ်လောက်ကြာကြာ စောင့်နိုင်ပါတယ်"

နားလည်လိုက်လျောမှုတွေပေးသော ဦးကုလားကို မေနှင်းကျေးဇူးတင်သော အကြည့်ဖြင့်ကြည့်ပြီး ပြုံးပြကာ အောင်မြေဘက်သို့ တစ်ယောက်ထဲ ထွက်လာခဲ့လိုက်သည်။







# အခန်း(၇)

"ဟယ်..ဒေါ်လေးနှင်း"

မေနိုင်းနှင့် မေနှင်းတို့ အောင်မြေနေရာမှာ သွားဆုံကြသည်မို့ မေနိုင်း အဒေါ်ဖြစ်သူကို ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"မေနိုင်းလည်း ဘုရားလာတာလား"

"ဟုတ်တယ် ဒီနေ့ မေနိုင်းမွေးနေ့လေ ဒေါ်လေးရဲ့၊ ဒါကြောင့် ဘုရားကိုလာတာ၊ ဒေါ်လေးကရော တစ်ယောက်ထဲလား.. ဒေါ်လေးယောကျ်ား အသစ်စက်စက်ကြီးရော မပါဘူးလား"

www.burmeseclassic.com



"ပါတယ် ပုတီးစိပ်မှာမို့ ဇရပ်ပေါ်မှာပဲ စောင့်ခိုင်းထားလိုက်တယ်လေ"

"ပျော်နေတယ်ပေါ့"

မေနိုင်း၏ ရယ်ကျဲကျဲအမေးကြောင့် မေနှင်းရယ်လိုက်ပြီး. .

"ဘာကိုပျော်ရမှာလဲ"

"အပျိုကြီးဘဝက လွတ်သွားလို့လေ"

"အို ဒီကောင်မလေး. . ဘာတွေလျှောက်မေးနေတာလဲ"

"အမယ် ခုမှရှက်မနေပါနဲ့ ဒေါ်လေးရာ၊ ကိုယ်ချင်းကိုယ်ချင်းတွေပဲ၊ ဒီကိစ္စက လူတိုင်း ကြုံတွေ့ရတာပဲဟာကို"

"ဟယ်. . ဒီကလေးမ၊ ဘုရားပေါ်မှာ ဘာစကားတွေ လာပြောနေတာလဲ၊ ဧကန္တ ညည်းလေးလဲ ရှိနေပြီလား"

ပုတီးစိပ်သည့်အခန်းကို မရောက်သေး၊ တူကြီးနှစ်ယောက်တွတ်ထိုးနေကြသည်။ အဒေါ်ဝမ်းကွဲဆိုပေမယ့် အေးဆေးသော မေနှင်းကို မေနိုင်းချစ်သည်။ ထို့ကြောင့် တွေ့တိုင်းလည်း အမြဲတမ်းနောက်နောက်ပြောင်ပြောင် ရှိတတ်သည်။

ခုလည်း မေနှင်းအမေးကြောင့် ရှက်သည့်ဟန်ဖြင့် မခို့တရို့ရယ်ရင်း. . .

"အင်း. . ရှိနေပြီလေ"

"ဟယ်. . ဟုတ်လား၊ ကောင်လေးက ဘာလုပ်လဲ၊ တစ်ဘဝစာရွေးချယ်ရမှာမို့ အခြေခိုင်တဲ့ ယောကျ်ားမျိုးကိုရွေးနော်၊ ရုပ်ရှိပြီး အထုပ်မရှိရင် ဒူးနဲ့မျက်ရည်က အမြဲမိတ်ဖွဲ့နေရမှာ"

"ရုပ်လည်းရှိတယ် အထုပ်လည်းရှိတယ်၊ သူ့အမေက ရွှေဆိုင်ဖွင့်ထားတယ်၊ သူ့အဖေကလည်း တခြားလုပ်ငန်းတွေ ရှိတယ်တဲ့၊ သူကတော့ အလုပ်မရှိသေးဘူး၊ ကျောင်းတွေတစ်ဖက်နဲ့ သူ့အမေရွှေဆိုင်



လုပ်ငန်းကို ဝင်ကူတယ်"



"အကျင့်စာရိတ္တရော"

"ဆေးလိပ်မသောက် အရက်မသောက်ဘူး၊ ခုတောင်. . သူ့ဆောင့်မှာ ပုတီးစိပ်နေလို့ မေနိုင်းပျင်းတာနဲ့ အောင်မြေနင်းမယ်ဆိုပြီး ထွက်လာတာ ဒေါ်လေးရော အိုကေလား"

မေနိုင်းအမေးကို ခေါင်းညိတ်ဖြေလိုက်သည်။

"အင်း. . ပြေပါတယ်"

"မေနိုင်းရော အဖေနဲ့အမေရောက ဒေါ်လေးချမ်းသာတဲ့ လူကြီးနဲ့ ယူလိုက်လို့ ဘဝအခြေ မြင့်သွားတာကို ဝမ်းသာကြတယ်၊ တစ်ခုပဲရှိတယ်. . ဝမ်းနည်းစရာကောင်းတာ ပြောပါတယ်"

www.burmeseclassic.com



"ဟင် ဘာလဲ"

"ဒေါ်လေးက ခုနစ်ယောက်မြောက်ဇနီး ဖြစ်နေတာကိုပေါ့၊ မေနိုင်းသာဆို အဲလိုယောက်ျားမျိုးဆို နိုးပဲ၊ လုံးဝကို စိတ်မကူးဘူး"

"ဒီလိုပေါ့ မေနိုင်းရယ်၊ ဘဝမှာ လူတိုင်းလူတိုင်း ကိုယ်ဖြစ်ချင်သလိုမှ မဖြစ်ကြတာကို၊ ကဲ. . ကဲ. . ဒေါ်လေး ဘုရားရှိခိုးလိုက်ဦးမယ် နော်၊ နောက်မှပဲ ကိုကြီးနဲ့ မိတ်ဆက်ပေးမယ်"

"ဟုတ်. . မေနိုင်းလည်း သွားလိုက်ဦးမယ်၊ ဟိုမှာ သူစောင့်နေတာ ကြာနေပြီ"

"အေး. . သွားတော့လေ မေနိုင်း၊ ဒေါ်လေး နောက်မှလာလည်မယ်လို့ အစ်မတို့ကို ပြောလိုက်နော်"

"ဟုတ်. . တာ့တာ"

"အေးပါကွယ်"

မေနိုင်း လှည့်ထွက်သွားရာ နောက်ကျောပြင်ကို ကြည့်ပြီး မေနှင်း သက်မခပ်ဖျော့ဖျော့ချကာ ဘုရားရှိခိုးရန် အောင်မြေမှာ ထိုင်ချလိုက်သည်။

မေနှင်းလည်း လူဖြစ်ရတဲ့ခဏမှာ ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်ပေါင်းသင်းချင်ခဲ့တာပါ။

ထိုသို့ဆိုလျှင် မိဘတွေရော မေနှင်းရော ဆင်းရဲတွင်းထဲကနေ နောင်ဘဝထိတောင် လွတ်မှာမဟုတ်တော့။

ထို့ကြောင့် ဦးကုလားကိုသာ ရွေးချယ်လိုက်ရခြင်းပါ။







# အခန်း(၈)

"ဟာ. . . ကြာလိုက်တာ မေနိုင်းရာ၊ ကိုယ် အခုပဲလိုက်ရှာတော့မလို့"

ဇရပ်လှေကားခြေရင်းတွင် ထိုင်စောင့်နေသော သင်္ဂဟ ညည်းညူရင်း အပြစ်တင်လိုက်သည်။

"အဒေါ်တစ်ယောက်နဲ့ တွေ့နေလို့ပါ၊ သင်္ဂဟရယ်"

"တွေ့. . တွေ့ပါဦးကွာ၊ ဒီမှာ ကိုယ် ဘုရားရှိခိုးလို့ ပြီးနေတာ ကြာပြီ"

မကျေမနပ်ဟန်ဖြင့် ပြောနေသော သင်္ဂဟကိုကြည့်ပြီး မေနိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပုခုံးချင်းတိုက်ပြီး ဝင်ထိုင်လိုက်သည်။

“ကြည့် . . နှုတ်ခမ်းက ကြက်တူရွေး နှုတ်ခမ်းကြီး ကျနေတာပဲ ကွာ၊ ခုလေးတင် ကောင်းမှုကုသိုလ်လုပ်တယ်၊ ခုလေးတင် ဒေါသထွက်တယ် မလွန်လွန်းဘူးလား”

“ကိုယ်စောင့်နေရတာကိုး”

“ဟယ် . . ဘယ်လောက်ကြာသွားလို့လဲ၊ အဒေါ်နဲ့ တွေ့နေလို့ စကားပြောပါတယ်ဆိုမှ ဘာလဲမကျေနပ်ဘူးလား၊ မကျေနပ်ရင် သင်္ဂဟလည်း မေနိုင်းကို ဒီမှာထားသွားလေ၊ သင်္ဂဟ မလာမချင်း စိတ်ရှည်ရှည် ထိုင်စောင့်မယ်”

စိတ်ဆိုးမပြေပြေအောင် ထိုင်စနေသော မေနိုင်းစကားကြောင့် စိတ်ဆိုးချင်ဟန်ဆောင်နေသော သင်္ဂဟ ရယ်လိုက်ပြီး . . .

“ဒါဆို နောက်နေ့မှ လာခေါ်မယ်လေ”

“ဘုရားလူကြီး အပိုင်သိမ်းသွားရင် ဘယ့်နှယ်လုပ်မလဲ အတိ ခစ် . . ခစ် . . ခစ်”

“ဘုရားလူကြီးပါဆိုမှ သိမ်းမလား၊ မသကာ ဘုရားပေါ်က ကန်ချရုံပဲဟာကို”

“ဒါနဲ့ အဒေါ်နဲ့တွေ့တယ်လည်းပြောသေးတယ် ကိုယ်နဲ့ဘာလို့ မိတ်မဆက်ပေးလဲ”

“အဒေါ်က အချိန်မှမရတာ၊ သူ့ယောက်ျားကြီးကပါနေတာကို အဲဒီအဒေါ်က အိမ်ထောင်ကျတာ မကြာသေးဘူး သင်္ဂဟရဲ့ . . နောက်တော့ မိတ်ဆက်ပေးမယ်လေ”

“အင်းပါ . . ကဲ သွားမယ်ကွာ ကိုယ် ဗိုက်ဆာပြီ၊ တစ်ဆိုင်ဆိုင် ဝင်ပြီး တစ်ခုခုစားကြရအောင်”

“အင်း . . ကောင်းသားပဲ သွားကြမယ်လေ”





ချစ်သူနှစ်ဦး ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။

“ဟင် . . အဖေကြီး”

“ဟာ . . သင်္ဂဟ . . သား . . အံမယ် မင်းက ဒီလိုအခြေအနေမျိုးတွေတောင် ဖန်တီးနိုင်ပြီပေါ့ ဟုတ်လား”

မေနိုင်းကိုကြည့်ကာ သဘောကျစွာရယ်ပြီး ရယ်သံနှောသော အသံဖြင့် မေးလိုက်သည်။

သင်္ဂဟ ရှက်သလိုရွံ့သလိုဟန်ဖြင့် . . .

“ဟာ ဖေကြီးကလည်း သားအသက် နှစ်ဆယ့်တစ်နှစ် ရှိနေပြီလေ၊ ရည်းစားမပြောနဲ့ မိန်းမတောင်ယူသင့်နေပြီ”

“သင်္ဂဟ ဘာတွေလျှောက်ပြောနေတာလဲ”

မေနိုင်း ရှက်ရှက်ဖြင့် ဝင်ဟန့်လိုက်သည်။

“ပြောပါစေ . . သမီး၊ ဒီကောင်က မိန်းမလိုချင်နေတာကွ”

ဦးကုလား သင်္ဂဟပုခုံးကိုပုတ်ပြီး ပြောကာ တဟားဟားအော်ရယ်၏။

“ဟာ . . အဖေကြီးကလည်းဗျာ၊ ဒါနဲ့ ဖေကြီးရော ဘုရားဘာလာလုပ်တာလဲ”

“မင်းအမေလေ၊ သူ့ခြေတွေလက်တွေ ကိုက်ခဲနေလို့တဲ့၊ ဘုရားရောက်ရင် တောင်တံကြီးနဲ့ ဆေးမြစ်စုံ အတုံးဝယ်ခိုင်းလို့ လာဝယ်တာ”

“ဟုတ်ကဲ့ . . ဒါဆို သားတို့ သွားတော့မယ်နော် ဖေကြီး”

“ဟာ . . ဟေ့ကောင်၊ မင်း တော်တော် အလိုက်ကန်းဆိုး မသိတဲ့ကောင်ပဲ၊ ယဉ်ကျေးမှုကိုမရှိဘူး၊ ကိုယ့်ကောင်မလေးကို မိဘနဲ့ မိတ်ဆက်ပေးဖော်ကို မရဘူး”

ဒီတော့မှ သင်္ဂဟ သတိရသွားပြီး လှမ်းနေသော ခြေလှမ်းတို့



www.burmeseclassic.com

www.burmeseclassic.com



တုံ့ကာ

"ဩော် ဟုတ်သားပဲ၊ အဟဲ မေ့သွားလို့"

မေနိုင်း လက်ကိုဆုပ်ကိုင်ကာ. . .

"မေနိုင်း. . ဒါ ကိုယ့်အဖေ၊ ဖေကြီး. . ဒါ မေနိုင်းတဲ့၊ သား ချစ်သူဖြစ်တာ မကြာသေးဘူး"

"ဟုတ်ကဲ့ အန်ကယ်၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အေးကွယ်. . အန်ကယ်လဲ တွေ့ရတာ ဝမ်းသာတယ်ကွ ကဲ. . ကဲ. . သွားစရာရှိတာ သွားကြ"

"ဟုတ်ကဲ့ အန်ကယ်၊ မေနိုင်းတို့ကို ခွင့်ပြုပါဦးနော်"

"ဖေကြီး သွားပြီ"

"အေး. . အေး သမီး၊ ဟော့ကောင် မင်း သူများသားသမီး ချစ်သူတော်ပြီး အနိုင်မယူနဲ့နော်"

"ဟုတ်ကဲ့ပါ ဒယ်ဒီရ"

ဖခင်ဖြစ်သူကို နှုတ်ဆက်ပြီး စောင်းတန်းလှေကားတွေမှ ဆင်း လာခဲ့ကြသည်။







# အခန်း(၉)

"ဖေကြီး မီးမီးကို မုန့်ဖိုးပေး"

"အိမ်ထဲဝင်ဝင်ချင်း ငါးနှစ်အရွယ်သမီးလေး စနိုးက လက်ဖြန့် မုန့်ဖိုးတောင်းသည်။

"ဖေကြီးသမီးတောင် မုန့်ဖိုးတောင်းတတ်နေပြီပဲ"

"တောင်းတတ်မှာပေါ့ကိုရဲ့၊ ကို့သမီးလေးက ရှေ့က သူ့အစ်ကို အစ်မတွေက ဖအေကိုမြင်တာနဲ့ တောင်းနေတာကိုမြင်ပြီး သူပါ တောင်းတတ်သွားတာ"



www.burmeseclassic.com

"ဟုတ်တယ် မမက ဖေကြီးလာရင် မုန့်ဖိုးတောင်းတောင်း၍
အဲဒီပိုက်ဆံကို စုထားတဲ့"

"ဟေ. . ဟုတ်လား စုပြီး ဘာလုပ်မလို့လဲ"

"မမက ipad ဝယ်ပေးမယ်တဲ့၊ မီးမီးက ipad လိုချင်တ
ပြီးရင် သူငယ်ချင်းတွေကို message ပို့မလို့"

အရွယ်နှင့်မလိုက်အောင် စကားတတ်သော သမီးငယ် စနိုး၏
ပွေ့ချီကာ မျက်နှာဖောင်းဖောင်းလေးကို ချစ်စနိုး နမ်းရှုတ်လိုက်သည်

"ငါ့သမီးက သုံးဖို့တောင် သိနေပါလား၊ သင်းရေ ကြည့်လုပ်
ဒီအရွယ်လေးနဲ့ ဒီလောက်နားလည်နေရင် မင့်သမီး ထိန်းရခက်တော့
မှာပဲ"







"ခက်မှာတော့ မပူနဲ့၊ ဖအေ့သမီး ဖအေ့လိုပဲ လာမှာပေါ့၊ ဖအေ
တ မိန်းမခုနစ်ယောက်ယူသလို သမီးကြီးလာရင်လည်း ယောကျ်ားခုနစ်
ယောက် ယူရင်တော့. . ကိုရေ ရှင်တော့ ဝင့်လည်ဖို့သာ ပြင်ထားပေ
တော့"

သင်းစကားကြောင့် ဦးကုလား မျက်နှာပျက်သွားပြီး သင်းကို
ခပ်တင်းတင်းလှမ်းကြည့်သည်။ ဦးကုလား၏ ဒေါသအကြည့်တွေကို
သင်းမမြင်၊ ဦးကုလားစားဖို့ ထမင်းပွဲ ပြင်နေသည်။

"တောက်. ."

ဦးကုလား၏ တက်ခေါက်သံ ခပ်ကျယ်ကျယ် ထွက်လာသဖြင့်
သင်း. . ဟင်းပန်းကန်ကို စားပွဲပေါ်တင်ရင်း လှည့်ကြည့်သည်။

"ကို ဘာဖြစ်တာလဲဟင်"

"မင်း စကားပြောတာ ဘယ်လိုပြောလိုက်တာလဲ"

ရင့်သီးသော လေယူလေသိမ်းကြောင့် ဦးကုလားကိုကြည့်ပြီး
သင်းရယ်လိုက်သည်။

"ကြည့် သင်းကမှန်တာပြောတာကို ဒေါသက ထွက်ရပြန်ပြီ"

"ငါအခုဒေါသထွက်နေတာ ငါ့အတွက်မဟုတ်ဘူးကွ၊ ငါ့သမီး
အတွက်၊ အရွယ်မရောက်သေးတဲ့ ကလေးရှေ့မှာ မင်း ဒီစကားမျိုးပြော
သင့်သလား စဉ်းစား"

"သင်းက စကားအဖြစ်ပြောတာပါ ကိုရယ်၊ ဒါဟာလည်း ဖြစ်
နိုင်တယ်လေ"

"တော်. . တိတ်၊ မင်းဟာလေ တော်တော် အရိုပ်သုံးပါး နားမ
လည်တဲ့ မိန်းမပဲ၊ ငါ ဖြတ်ရိုက်လိုက်လို့ သွားတွေ အတောင့်လိုက်ကျွတ်
တုန်တော့မယ်"

လက်ပါဖို့ပါ ရွယ်လာသည်မို့ သင်းမျက်နှာကလည်း မမှုသည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံစံဖြင့် ဦးကုလားကို မျက်စောင်းရွယ်ရင်း. . .

"ရိုက်လေ ရိုက်လိုက်ပါ၊ နဲပါတ်(၅)မယားဘဝမှာ နေရတာ ထက်စာရင် သေသွားတာမှ ဂုဏ်သိက္ခာ ရှိသေးတယ်"

"ဒါ မင်းသမီး မဟုတ်လား၊ ကိုယ့်သမီးကို ဘာကြောင့် မသင့် တော်တဲ့ကိစ္စတွေ သင်ပေးနေတာလဲ"

"ဟင့်အင်း မသင်ပေးပါဘူး၊ သူ့ဘာသာသူ အဖေဆီက အ ကျင့်ဆိုးတွေမြင်ပြီး အတုခိုးချင်ရင်သာခိုးမှာ သင်းက သင်ပေးစရာ ဘာအကြောင်းမှ မရှိဘူး၊ သင်းဘဝမှာ ခုချိန်ထိ အိမ်ထောင်တစ်ခါမှ ကျဖူးပါသေးတယ်"

ဘယ်အချိန် ဘယ်ကာလကတည်းက ခံစားချက်တွေ အောင်း ထားသည်မသိသော မကျေနပ်ချက်တွေ သင်းရင်ထဲမှ စုပြုံတိုးသိပ်၍ ထွက်လာသည်။

ဦးကုလား အံ့သြသွားသည်။ သူ လက်ထပ်ထားသည့် မိန်းမ တွေအားလုံး မနာလိုဝန်တိုခြင်းတွေ ကင်းပြီး သူတို့နေရသည့် နေရာ လေးတွေမှ ငွေကြေးဥစ္စာတွေနှင့် ကျေနပ်နေသည်ဟု ထင်ထားတာ ခုတော့ အထင်တွေက လွဲမှားနေသည်။

"မင်း ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ သင်း"

"မဖြစ်ပါဘူး. . . သင်းတို့က ထားရာနေ စေရာသွားဘဝ ကိုယ့်မကျေနပ်ချက်တွေကို စိတ်ရှိတိုင်း ဖွင့်ပြောလို့ရမယ့် အခြေအ နေမှ မဟုတ်တာ"

အခြေအတင် ဖြစ်လာပြီမို့ ဦးကုလားချီထားသော သမီးငယ်ကို အောက်ချပေးလိုက်ပြီး. . .

"သမီး အိမ်ထဲမှာ ဂိမ်းသွားဆော့နော်၊ ဖေကြီးပြန်မှ မုန့်ဖိုး ပေးမယ်၊ ဟုတ်ပြီလား. . ."





"ဟုတ်. . တကယ်ပေးနော် ဖေကြီး"

"ပေးမှာပေ့ါ"

စန္ဒီးလေး ဂိမ်းဆော့ရန် ပြေးထွက်သွားသည်မို့ ဦးကုလား သင်းရှေ့မှာ မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး. . .

"ကဲ. . ရပြီပြောတော့ မင်းရင်ထဲမှာ မကျေနပ်ချက်တွေ ရှိလို့ သာ၊ မင်း ငါ့ကိုရန်လိုတဲ့ စကားတွေချည်းပဲ ပြောနေတာ ငါသိတယ်"

သင်း မျက်ရည်တို့ ရစ်ဝိုင်းလာပြီး. .

"ရှင်ပြောပြောနေတဲ့ ရင်ခုန်သံတွေ မရပ်သေးဘူးလား၊ အဲ့ဒါ တို ကျွန်မသိချင်တယ်"

"ဘာ. . ရင်ခုန်သံဟုတ်လား၊ ငါ ရင်ခုန်သံတွေရပ်ရင် ငါ သေ သွားမှာပေ့ါကွ"

"ဒါဆိုရင် မိန်းမတွေ ဘယ်နှစ်ယောက်မြောက် ထပ်ယူဦးမှာလဲ တို့"

"မင်း ဘာလုပ်ဖို့မေးနေတာလဲ"

"ဒါ မိန်းမတစ်ယောက် မေးသင့်တဲ့စကားပဲ၊ လောကမှာ သင်း တို့လို မိန်းမမျိုးကို ရှာကြည့်လိုက်ဦး၊ သူများတွေက မုန့်ကိုသာ ဝေစား နိုင်မယ်၊ အချစ်ကိုတော့ မဝေစားနိုင်ဘူးလို့ ကြွေးကြော်နေတဲ့အချိန်မှာ သင်းတို့က အဲဒီမုန့်ကို လူခြောက်ယောက် ခုနစ်ယောက်လောက် ဝေမျှ စားနေရတဲ့ဘဝ"

"အဲဒါဘာဖြစ်လဲ၊ ဝေစားကြရပေမယ့် မင်းတို့ကို ငါ ဝဝလင် လင်. . အဲ. . ဟို. . ပြည့်. . ပြည့်ပြည့်စုံစုံ ထားပေးထားတာပဲ"

"တကယ်တမ်း မိန်းမတွေလိုချင်တာ အဲဒါမဟုတ်ဘူးကို၊ ဒါပေ မယ့် ကိုယ့်ကံအကြောင်းတရားပဲဆိုပြီး ကံပစ်ချရာမှာ မျက်စိစုံမှိတ် နေကြရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အသားညိုညို ရုပ်ဖြောင့်ဖြောင့် ဦးကုလားမှာ မိန်းမတစ်ယောက်၏ ရင်ဖွင့်ခံစားချက်ကို ဒီနေ့ ပထမဦးဆုံး စကြားရခြင်း ဖြစ်သည်။

“ဒါဆို ငါက ကျန်တဲ့မိန်းမတွေကို ကွာရှင်းလိုက်ရမှာလား”

“မဟုတ်ဘူး၊ နောက်ထပ်. . နံပါတ်ရှစ် ထပ်မတပ်ဖို့ပါ”

သင်း၏စကားကြောင့် ဦးကုလား တွေဝေသွားသည်။

“ဘာလဲကွ မိန်းမတွေ တော်တော်လောဘကြီးတာပဲ၊ လက်ရှိတည်ငြိမ်နေတဲ့ဘဝထက် ဘာများပိုလိုချင်နေကြတာလဲ”

“ချစ်ခြင်းမေတ္တာမပါဘဲ တည်ငြိမ်နေတဲ့ဘဝကို ဘယ်သူကတည်ဆောက်နိုင်မှာလဲ၊ ဒါကို တည်ငြိမ်နေတယ်လို့ မခေါ်ဘူး”

သင်းတို့ မိန်းမတွေရဲ့ ရင်ထဲမှာ ခံစားချက်ကိုယ်စီရှိကြတာကိုမသိတာ၊ ကိုယ့်ကို ချစ်ကြလို့သာ ကိုယ့်စိတ်တိုင်းကျ လိုက်နေပေးနေကြတာပါ”

“အေးလေ ခု မင်းဘာဖြစ်ချင်တာလဲ၊ ငါ့ကို ဘာဖြစ်စေချင်တာလဲ”

“ရှင့်ကို စောစောက ပြောပြီးပြီလေ၊ နံပါတ်ရှစ် ဆိုရင်တော့ သင်းတို့လက်မခံတော့ဘူး”

“ဒါ ငါ့ကိစ္စပါ၊ မင်းတို့ အမိန့်ပေးစရာ မလိုပါဘူး၊ နောက်ထပ်လည်း ငါဘယ်နှစ်ယောက်ယူယူ အဓိကက မင်းတို့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ မနေရဖို့ပဲ၊ ကဲ. . ငါပြန်မယ်၊ အလုပ်တွေပင်ပန်းလို့ အနားယူပါတယ်၊ ဆိုမှ ဘာတွေပြောနေမှန်း မသိဘူးဗျာ၊ ဒါ သမီးအတွက် မုန့်ဖိုး. . .”

ဦးကုလား လက်ပွေ့အိတ်ထဲမှ တစ်သောင်းတန်နှစ်ရွက်ထုတ်ပြီး စနိုးအတွက် မုန့်ဖိုးကို ချခဲ့ပြီး ကားဆီသို့ ပြန်ဆင်းလာခဲ့၏





စနိုးလေး ပြေးထွက်လာပြီး. . .

“ဖေကြီး ဘယ်သွားမလို့လဲ၊ စနိုးလဲလိုက်မယ်”

နောက်မှလိုက်နော် သမီး၊ ဖေကြီး အလုပ်ကိစ္စတွေ ရှိသေးလို့ အလုပ်ပြန်သွားရဦးမယ်”

သမီးလေးကို နှစ်သိမ့်ပြီးထွက်သွားသော ဦးကုလား၏ မောင်းထွက်သွားသော ကားကိုကြည့်ပြီး သင်း သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ရေနံ ဆီး ခုနှစ်ယောက်စလုံးကို လစာ(အိမ်အသုံးစားရိတ်) ထုတ်ပေးရမည့်နေ့မို့ မမတင်အိမ်တွင် အားလုံးဆုံနေကြ၏။ မိန်းမသားများမို့ တစ်လင်ထဲမယားတွေစုံကြခိုက် စကားတွေဖောင်ဖွဲ့အောင် ပြောနေကြ၏။

"မမတင့်ရယ်၊ ခုတစ်လော ကိုကုလားမူပျက်နေတယ် သိလား"

"ဟင်. . ဟုတ်လား၊ ဘာတွေ မူပျက်နေလည်း ပြောပါဦး"

"ဟုတ်တယ် မမတင်၊ နွယ်လည်း သတိထားမိတယ်၊ ခု မမသင်းပြောလို့သာ မမတင့်တို့ကို ပြောရမှာ တကယ်တမ်း မပြောချင်ဘူး"





"ကဲပါ သင်းတို့ နွယ်တို့ရယ်၊ ပြောမှာသာ ပြောကြစမ်းပါ၊ သူ ဘာတွေ မူပျက်နေလည်း၊ ဟွန်း ဒီတစ်ခါဆိုရင်တော့ ကန်တော့ပွဲရှက်ပြီး လိုက်မတောင်းပေးတော့ဘူး၊ တစ်ခါထဲ ဒင်းကို အဆိပ်ကျွေးပြီးတော့ကို သတ်ပစ်လိုက်တော့မယ်"

မမတင်စကားကြောင့် အားလုံး မျက်နှာတွေမှာ ခပ်မဲ့မဲ့ပြုံးကုန်ကြကာ. . .

"ဟုတ်တယ် မမတင်ပြောတာ ဟုတ်တယ်၊ ခိုင်လည်းလေ သူ နောက်ထပ် မိန်းမယူမှာကို ဒီအတိုင်း ကြည့်မနေနိုင်တော့ဘူး"

"ဟုတ်တယ် လှဲလည်း ထောက်ခံတယ်"

"မမလှဲတင် ထောက်ခံရုံလား၊ မြင့်ကရော ဘာလို့မထောက်ခံနိုင်ရမှာလဲ"

မိန်းမတွေ ကျွတ်စီကျွတ်စီ မကျေမနပ် ဖြစ်နေကြသည်ကို ဦးကုလားကတော့ မသိ။

"ကဲပါ. . သူဘာတွေ မူပျက်နေလည်း ပြောကြပါဦး"

မမတင့် အမေးကြောင့် သင်း သူ့လက်ပွေ့အိတ်ထဲမှ ဖုန်းကို ထုတ်ယူကာ ဓါတ်ပုံဖိုင်ကို ဖွင့်လိုက်သည်။

"ရော့. . ဒီမှာကြည့်ကြ"

"ဟင်. ."

"ဟော့တော်. ."

"အမလေး. . ဒီပိုးက ဘယ်တော့များမှ သေတော့မှာလဲကွယ်"

"နှင်း. . နှင်း ဘယ်လိုမှ မယုံနိုင်ဘူး မမသင်းရယ်၊ နှင်းနဲ့လည်း လက်ထပ်ပြီးတာ ကြာသေးတာမဟုတ်ဘဲနဲ့ ခုလိုလုပ်ရလေသလား"

"နှင်း မျက်ရည်လေးဝဲကာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ပြောရှာ၏၊ ဓါတ်ပုံထဲမှာ လက်ဆွဲထားသော မိန်းကလေးက နှင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ပင် ငယ်မည့်ပုံစံမျိုး၊ ဝတ်စားထားသည်ကလည်း မမတင်မှအစ နှင်းအဆုံး ဘယ်သူမှ မဝတ်ရဲလောက်သည့် ဘောင်းဘီတိုကျပ်ကျပ်နှင့် ယခုခေတ် မိန်းကလေးတွေလို ဒီဇိုင်းမျိုး. . .

"ဒီလူ့အကြော ဘယ်တော့များမှ ထောင်လို့ပြီးတော့မလဲဟင်"

"ဇရှိပြီးသား လူတစ်ယောက်ရဲ့ မယားဖြစ်နေကြတာကိုက သင်းတို့ ကံဆိုးတာပဲ၊ အဲဒီနေ့က နှင်း အိမ်ကအပြန် တည်းခိုခန်းထဲက ထွက်လာတဲ့ သူတို့အတွဲကိုမြင်ပြီး သင်းလည်း အားလုံးကို ပြချင်တာနဲ့ ဓါတ်ပုံလှမ်းရိုက်ထားလိုက်တာ"

"အမလေး. . ဘုရား. . ဘုရား၊ ဒီအသက်အရွယ် ရောက်နေတာတောင် ဒီစိတ်တွေက အားကောင်းနေတုန်းပါလား၊ ငါတို့ မိန်းမတွေဘဝတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရောဂါကူးပြီး တစ်ပြိုင်နက်တည်း ဘဝဆုံးကြရတော့မယ်ထင်တယ်"

လဲ့ ရွှေရေးကို မျှော်တွေးရင်း ကိုယ့်ဘဝတွေကို ရင်လေးနေမိသည်။ မိန်းမခုနစ်ယောက် ယူထားသည့်အပြင် နောက်ထပ် အပြင်မှာလည်း. . ခုလို ကြားပေါက်အပျော်ရှာတတ်သော ယောကျ်ားတစ်ယောက်၏ ဇနီးမယားဖြစ်ရတာဟာ သေမင်းကို တစ်နေ့ဆယ်ကြိမ်လောက် မျှော်မျှော်ကြည့်နေရသလိုပင်။

ဘဝတွေ ဘယ်တော့ မှောင်အတိကျလာမလဲ၊ သို့ဆိုလျှင် လူ့လောကတွင် ကျန်ရစ်ခဲ့မည့် လူမမယ်ကလေးတွေ၏ဘဝ ဘယ်လိုဆက်ရှင်သန်ကြမလဲ။ တွေးကြည့်ရုံနှင့်ပင် ကျောချမ်းလာသည်မို့ ရှေ့ဆက် ဘယ်လိုနေသွားကြမည်ဆိုတာကို စနစ်တကျ စီစဉ်မှဖြစ်တော့မည်။







# အခန်း(၁၁)

"ဟော ကိုယ့်မိန်းမတွေက တယ်လဲ ဝိရိယကောင်းနေကြပါလား၊ အားလုံး စုံစုံညီညီ ရောက်နေကြတာပဲ"

"ရောက်ရမှာပေါ့၊ ဒီနေ့ ဇနီးမယားတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ကြရတဲ့ လုပ်အားခတွေ ထုတ်ရမယ့်နေ့လေ"

မမတင် ထိုသို့ခပ်ငေါ့ငေါ့ ရွဲ့ပြောလိုက်သည်။ လစဉ်လတိုင်း ဒီလိုပုံစံမျိုးနဲ့ လစာထုတ်နေရသည်မှာ ရိုးနေပြီမို့ ထူးပြီးတော့လည်း ဒေါသထွက်မနေတော့။



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်နေကြပြီမို့ ကိုယ့်ရင်ထဲက ခံစားမှုတွေကို ဦးစားပေ စဉ်းစားမနေတော့ဘဲ ကလေးတွေအတွက် ငါတို့ဘဝတွေကို ပေးဆပ် ဦးမည်ဟူသော စိတ်ကို နှလုံးသွင်းပြီး တန်းစီစံနစ်ဖြင့် လစာလာထု ခြင်း ဖြစ်သည်။

"ဒီနေ့ ဘာနေ့လည်း သိလား ကိုယ့်မိန်းမတို့"

ပြုံးရွှင်နေသော အမူအယာဖြင့် မေးနေသဖြင့် အားလုံးတ ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာနေ့မိုလို့လဲဟု အသံတိ မေးကြသည်။

"ဘာနေ့လဲ ကိုကို"

ခိုင်က စမေးသည်။

"မမတင်နဲ့ အိမ်ထောင်သက်တမ်း သုံးဆယ်နှစ် ပြည့်တဲ့နေ့ လား. . ."

နွယ့်အမေးကြောင့် မမတင် ရက်ပြန်တွက်ကြည့်သည်။

"မဟုတ်ပါဘူး"

"ကျွတ်. . ကိုယ့်မိန်းမတွေ တော်တော်လေးကို ဝေးကြတာပဲ ဒီနေ့ ကိုယ့်မွေးနေ့လေ၊ ကိုယ့်ယောက်ျားမွေးနေ့ကို မင်းတို့မို့ မေ့ရ လေခြင်းကွာ၊ လက်ဆောင်ပေးဖို့ ဝယ်လာတဲ့ စိန်လက်စွပ်တွေ တောင် ပေးချင်စိတ် မရှိတော့ဘူး"

"ဪ ယောက်ျားရယ်၊ တင် မသိပဲနေမလား၊ ယောက်ျား နိဒါန်းတွေ မလိုအပ်ဘဲ ပျိုးနေတော့ တခြားကိစ္စလို့ထင်ပြီး စဉ်းစား ခက်နေတာပေါ့၊ တင်က သိလို့ မနက်ကတင် အိမ်မှာ ကောင်းမှုကုသို တွေ လုပ်ပြီးသွားပြီ"

ပါးနပ်လွန်းသော မမတင် သူ့ကို အပစ်မတင်အောင် ပြော တတ်သည်။





"မြင့်က သိသားပဲ၊ တမင် ဖေကြီးကို စနေတာ၊ ဖေကြီးအတွက် လက်ဆောင်တွေတောင် ဝယ်ပြီးသွားပြီ၊ ခု ယူလာမလို့ပဲ၊ အားလုံးရဲ့ ရှေ့မှာ မပေးချင်လို့၊ အဟင်း ဖေကြီးနဲ့ နှစ်ယောက်ထဲတွေ့မှ ပေး မယ်လေ"



အမှန်ဆို မြင့်လည်း ခုမှ သတိရတာပါ။ သို့သော် မိန်းမတွေ၏ လျှပ်တပြက်အကြံဖြင့် ယုံအောင်ရှိုးလိုက်ခြင်း ဖြစ်သည်။

ဒီတော့မှ ဦးကုလားမျက်နှာ ကျေနပ်သောအပြုံးဖြင့် ပြုံးလိုက်ပြီး

"ကိုယ်ကလည်း သိပြီးသားပါ၊ တမင် ကိုယ့်ကို စနေကြတာ ဟုတ်လား"

"စတာမဟုတ်ပါဘူး၊ ကျီစားတာပါ"

နှင်းစကားကြောင့် အားလုံးအလိုက်အထိုက် ဟန်ဆောင်ရယ် မောလိုက်ကြသည်။

"ကဲ. . ကဲ ဒီနေ့ည ဟိုတယ်မှာ ပါတီပွဲလုပ်ဖို့ ကိုယ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပြီးပြီ၊ သားတွေ သမီးတွေနဲ့လည်း ကိုယ့်မွေးနေ့မှာ တစ်စုတစ်စည်းနဲ့ ပျော်ချင်တယ်၊ ဒါကြောင့် ဒီညကို ကိုယ့်မိန်းမတွေက ကိုယ်ပေးတဲ့ လက်ဆောင် စိန်လက်စွပ်ကလေးတွေ ကိုယ်စီဝတ်ပြီး မွေးနေ့ပါတီကို အတူတူ ဆင်နွှဲကြတာပေါ့"

"နွယ်တို့ဆီက ဘယ်လိုလက်ဆောင်လိုချင်လဲ မောင်"

နွယ့်အမေးကြောင့် ဖြူဖွေးနေသော သွားတွေပေါ်အောင် ပြုံးလိုက်ပြီး မိန်းမအားလုံး၏ မျက်နှာတွေကို ဝေ့ကြည့်လိုက်ပြီး. . .

"ဘာလက်ဆောင် လိုချင်သလဲဆိုတော့၊ အင်း ရယ်စရာတော့ ကောင်းနေမလား ကိုယ့်မိန်းမတွေရေ၊ တကယ်ဆို ကိုယ်က အချစ်နဲ့ ပတ်သက်လာရင် အင်မတန်လောဘကြီးတဲ့သူဆိုတော့ ကိုယ့်မွေးနေ့မှာ တန်ဖိုးကြီး လက်ဆောင်တွေ မလိုချင်ဘူး"

"ဒါဆို ဘာလိုချင်လို့လဲ ကိုကြီး"

နှင်းအမေးကြောင့် ဦးကုလား ပြုံးလိုက်ပြီး. . .

"အနမ်းခုနစ်ခု"

"ရှင်. ."

"ဟင်. . ဘာများလဲလို့ အဲဒီအနမ်းဆိုရင်တော့ ငွေတစ်ပြားမှ မကုန်တော့ဘူး၊ တစ်ညလုံးတောင် မနားတမ်း အာဘွားထိုင်ပေးလို့ရတယ်"

"နိုး. . နိုး. . မိန်းမတစ်ယောက်ဆီက အနမ်းတစ်ခုစီပဲ လိုချင်တယ်၊ အဲဒီအနမ်းထဲမှာ ဘယ်တော့မှ မဆိတ်သုန်းမယ့် ချစ်ခြင်းမေတ္တာတွေ စီးဝင်မျောပါနေစေရမယ်"

မိန်းမခုနစ်ယောက်စလုံး ရင်ထဲက မဲ့လိုက်ကြသည်။







# အခန်း(၁၂)

"ဟင်. . ဒါဆို နှင်းမှာ ကိုယ်ဝန်ရှိနေပြီပေါ့ ဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့ မမတင်"

"ဘယ်နှစ်လလဲ"

"ငါးလပါ"

"ဘုရားရေ လက်ထပ်ပြီးတာ သုံးလလောက်ပဲ ရှိသေးတာကို"

"ဟုတ် ဒါ. . ဒါကလေ ဘယ်လိုပြောရမလဲ၊ မမတင် လိုက်မတောင်းပေးခင်ကတည်းက နှင်းမှာ ကိုယ်ဝန်သုံးလ ရှိနေတာ မမရဲ့၊ ဒါကြောင့်လည်း နှင်းတို့လက်ထပ်ဖြစ်ခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မဝံ့မရဲ မလုံမလဲ ရှက်စိတ်ဖြင့် ရှင်းပြနေသော နှင်းကို ကိုယ့်သ မီးလေး ကိုယ့်ညီမလေးသာဆိုလျှင်ဆိုသည့် ဂရုဏာအတွေးမျိုးဖြင့် ကြည့်ကာ အပြစ်လဲ မပြောရက်တော့၊ တစ်ကယ်တမ်း ကိုယ့်ယောကျ်ား ကလည်း လက်သွက်သူပဲ မဟုတ်လား . . .

"ဒါဆိုရင်တော့ မမတင်ရဲ့မိတ်ဆွေ အိုက်ျီဒေါ်ခင်နွယ်ဝင်းဆီ မှာ ဗိုက်အပ်ပေးရမှာပေါ့၊ ဒါနဲ့ ဒီကိစ္စကို ညည်းလေးယောကျ်ားရော သိလား"

ကိုယ့်ယောကျ်ား မဟုတ်သည့်အတိုင်း မေးနေသည်မို့ ခ ဖြည်းဖြည်း ခေါင်းခါပြလိုက်ပြီး . . .

"ဟုတ်ကဲ့ မမတင်၊ သူက လက်မထပ်ခင်ကတည်းက သိပြ သားပါ"

"ဂရုရောစိုက်ရဲ့လား"

နှင်း သက်မတစ်ချက်ကို ခပ်ဖြည်းဖြည်း ချလိုက်ပြီး . . .

"မနေ့ညက နှင်းအိမ်ကို ပြန်မလာဘူး မမ"

"ဘာ . . မနေ့က နှင်းအိမ်မှာ သူအိပ်တဲ့အလှည့်ပဲ၊ ဘာ ကြောင့် ဒင်းကပြန်မလာရတာလဲ"

"မမသင်း ပြောသလိုများ ဖြစ်နေပြီလားမသိဘူး၊ နော် . . မ တင်"

စိုးရိမ်သောလေသံဖြင့် ပြောလာသော နှင်းကို မမတင် ဂရုဏ သက်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး . . .

"ညည်းလေးက ခုမှ ဒီဝေဒနာကို ခံစားရတာပါအေ၊ ကျုပ် က ခံစားလာရတာ တစ်ကြိမ်မကတော့ဘူး . . အရေထူနေပြီ၊ ထူး မခံစားရလို့လည်း ညည်းလေးကို ကျုပ်ကိုယ်တိုင် ကန်တော့ပွဲရွက်ပြ လိုက်တောင်းပေးခဲ့တာပေါ့"





"နှင်း ဝင့်လည်ပြီ ထင်ပါရဲ့ မမတင်ရယ်"

"ညည်းလေး သူ့ကို တကယ်ချစ်လို့လား၊ ဒါမှမဟုတ် ဘဝမှာ ရွေးချယ်စရာမရှိလို့ မှီချင်တာနဲ့ ယူလိုက်တာလား"

"ရှင် . ."

"မမတင်ကို လျှို့မထားနဲ့၊ အရှင်းဆုံးပြောရရင် ကိုကုလားက မမတင်အပေါ် အာရုံမထားတာကြာပြီ၊ မမတင်ကလည်း အိမ်ထောင် ရေးကို စိတ်ကုန်နေတာ အမှန်ပဲ၊ တကယ်ဆို ဒါတွေအားလုံးရဲ့ တရား ခံက မမတင်ပဲ"

နားမလည်ဟန်ဖြင့် မမတင်ကို ကြည့်သည်။

"ဟုတ်တယ် နှင်းရဲ့ သူ မိန်းမစပြီး ရှုပ်တဲ့အချိန်မှာ မမတင်ဟာ သူ့အပေါ် နားလည်လိုက်လျောပေးခဲ့ရာကနေ ခုချိန်ထိ သူရှုပ်လို့ မဝ သေးဘူး"

"အမှန်အတိုင်း ပြောရရင် နှင်း ကိုကြီးကို မချစ်ဘူး မမတင်"

"ဟင် . . မချစ်ဘဲနဲ့ ဘယ်လိုယူလိုက်ရသလဲ"

"မိသားစုတွေ တင့်တောင့်တင့်တယ် နေစေချင်လို့ပါ"

"အို . . ညီမရယ်"

မမတင် သားသမီးချင်း ကိုယ်ချင်းစာမိသွားပြီး နှင်းကို ပို၍ သနားသွားသည်။ လူမိုက်ကြီးကတော့ မိုက်ကောင်းတုန်းပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"မေ မေ. . ဖေကြီးကတော့ မဟုတ်တော့ဘူးဗျာ"

"ဘာမဟုတ်တာတုန်း သားရယ်၊ ရှင်းအောင်လည်း ပြောပေါ့"

"ပြောမယ်. . မပြောလို့ မဖြစ်ဘူး၊ သားသမီးတွေ မိန်းမတွေက အလိုလိုက်နေလို့ စားပိုးနင့်အောင်ကို. . အဲ. . အတှာပြုနေတယ်"

ဘာပြောလို့ ဘယ်ရောက်မှန်းမသိသော သားသင်္ဂဟကိုကြည့်ပြီး ခိုင်ပြုံးလိုက်သည်။

"သားရယ်၊ ကိုယ့်အဖေကို အဲလိုမပြောရဘူးလေ၊ အဖေ ဘာ





ဖြစ်ဖြစ် အဲဒါ မင်းအဖေပဲ"

"သိပါတယ်၊ ဒါပေမယ့် သားသူငယ်ချင်းတွေကတောင် ဖေကြီးကို ဝေဖန်ကြပြီ"

"ဟင်. ."

သားဖြစ်သူ သင်္ဂဟစကားကြောင့် ခိုင် ပန်းသီးလှီးနေရင်းမှ အံ့ဩစွာ လှမ်းကြည့်လိုက်ပြီး. . .

"ဘာပြောနေကြလို့လဲ"

"မင်း ဖားသားကြီးက နောင်ဘဝအတွက်ပါ ကြိုပြီးကဲနေတာလားတဲ့"

အရွယ်ရောက်လာပြီဖြစ်သော သားရှက်တာဟာ အပြစ်ဆိုဖွယ်ရာမဟုတ်။ တကယ်တမ်းမိုက်နေတာက ဖအေလုပ်သူက မိုက်နေတာမို့ ခိုင် ဒေါသထွက်သွားသည်။

သူ မိန်းမတွေ ထပ်မရှုပ်တော့အောင် ဘယ်လိုလုပ်ရပါ့မလဲဟု တစ်ယောက်ထဲ ကြိတ်တွေးလိုက်သည်။

သူ့ကို ပညာပေးမှ ရတော့မည်။

မိသားစုအပေါ် တာဝန်ကျေတာတစ်ခုထဲနှင့် သူ့အရှုပ်တော်ပုံတွေကို ဥပေက္ခာပြု၍မရတော့။

ကြာလျှင် သားသမီးတွေ၏ အနာဂါတ်မှာပါ သူ့အရိပ်အမည်းကြီးတွေ ထင်ကျန်နေလိမ့်မည်။

"တချို့ဆိုရင် သူတို့ သားသမီးကို သားနဲ့ပေါင်းတာ မကြိုက်ချင်ကြဘူး"

ဝမ်းနည်းဟန်ဖြင့် ပြောနေသော သားဖြစ်သူ စကားကြောင့် ခိုင့်ရင်ထဲ နင့်သွားသည်။

အတွေးပင် မဆုံးသေး၊ ကိုယ်ထင်ထားတာ ဖြစ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး မြာပွေတာနဲ့ သားကိုပါ ကာရိုက်တာမကောင်းတဲ့ လူလို သူတို့သတ်မှတ်လိုက်ကြတာ ဘယ်လောက်ဒေါသထွက်ဖို့ကောင်းသလဲ မေမေစဉ်းစားကြည့်ပါဗျာ၊ သားတင်မဟုတ်ဘူး ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေလည်း သူတို့ရဲ့ အပေါင်းအသင်း အသိုင်းအဝိုင်းအလယ်မှာ မိန်းမတွေ ကမ္ဘာစံချိန် ချိုးလောက်အောင် ယူနေတဲ့ ဖေကြီးကြောင့် ဘယ်လောက် အထင်သေးရှုတ်ချခံကြရလိမ့်မလဲ။

သားပြောတာ ဟုတ်နေ၍ ခိုင် တခြားကလေးတွေ အတွက်ပါ စိတ်ပူသွားမိသည်။

အိမ်ထောင်ဦးစီး မကောင်းလျှင် နောက်လိုက်မိသားစုဝင်တွေပါ ထိုအရိပ်မည်းကြီးတွေ လွှမ်းမိုးခံရမည်။ အရေးထဲမှာ ထိုအရေးလောက် အရေးကြီးတာ မရှိတော့။







# အခန်း(၁၄)

"ဓမ္မ. . သင်းတော့ အဲဒီလိပ်စာအတိုင်း လိုက်သွားမယ်"

"ဟုတ်တယ် နွယ်တို့ ဒီအတိုင်း ငြိမ်ခံနေလို့ မရတော့ဘူးနော်"

မမတင် သက်ပြင်းကို ဟင်းခနဲချပြီး မြင့်ကို လှမ်းကြည့်သည်။

"ဘယ်လိုသဘောရလဲ မြင့်"

"မြင့်ကတော့ ဘာအရေးလဲ မမရယ်၊ ကိုကုလား လုပ်ရပ်တွေသာ ရပ်တန်းကရပ်မယ်ဆိုရင် မြင့်လည်း တက်ညီလက်ညီ ပါပြီးသားပဲ"

"ဟုတ်တယ် လဲ့လည်း အစ်ကို နောက်ထပ်မိန်းမတွေ မယူစေချင်တော့ဘူး၊ နားလည်မှုပေးတယ်ဆိုတာ အတိုင်းအတာ တစ်ခုထိပဲ

www.burmeseclassic.com



ရှိတယ်၊ ကလေးတွေရဲ့ နောင်ရေးအတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတော့မှာပဲ”

“ခိုင်လည်း မခံစားနိုင်တော့ဘူး၊ မနေ့ကဆို သားလေး သင်္ဂဟာ တော်တော်လေး စိတ်ပျက်နေပုံပဲ၊ သူ့အဖေကြောင့် သူ တဖြည်းဖြည်း ရှက်တတ်လာပြီလေ၊ ကြာရင် လူတွေကြားထဲမှာ သားသမီးတွေ လူရာမဝင် ဖြစ်ကြတော့မှာ၊ အရင်တုန်းက ငွေရှိရင် ဘာမဆို ဖြစ်တယ်လို့ ထင်ခဲ့မိတာ၊ ခုတော့ အဲလိုမဟုတ်တော့ဘူး၊ လောကမှာ ငွေကြေးဥစ္စာ ဓနအပြင် ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကလည်း လိုသေးတယ်”

အားလုံး၏ ခံစားမှုတွေသည် ယခုအချိန်မှ ပွင့်အန်ထွက်လာကြသည်။

နှင်းကတော့ ဘာမှဝင်မပြောချင်တော့၊ ပြောရမယ်ဆိုရင် ကိုယ်ကလည်း ဝဋ်ကြွေးတစ်ခုကို ဆပ်နေရသလိုပင်. . .

မယားကြီးခြောက်ယောက်ရှိမှန်း သိသိကြီးနှင့် ငွေကြေးလိုအပ်ချက်ကြောင့် လက်ထပ်ခဲ့ရသည့် ကိုယ့်အဖြစ်. . .။

ခုတော့ကိုယ့်အလှည့်. . .။







# အခန်း(၁၅)

“သမီးကြီးအိမ်သူ ဒီနေ့ည မေမေ ဆေးရုံမှာ ညသွားစောင့်အိပ်ရမယ်၊ မအိပ်ရဲရင် သင်္ဂဟာကို ခေါ်အိပ်နော်”

“စနိုးလေးက မသက်သာသေးဘူးလားမေမေ”

“အရင်ရက်တွေကထက်စာရင် သက်သာပါတယ်၊ သင်းသင်းလည်း ပင်ပန်းရောပေါ့၊ ဒီည မေမေစောင့်မယ်၊ မနက်ဖြန် လဲ့သွားစောင့်လိမ့်မယ်၊ သမီးသာ အငယ်တွေနဲ့ အဖော်လုပ်အိပ်ပေးနော်. .”

“အင်းပါ. . စိတ်ချပါ မေမေရယ်၊ ဒါနဲ့ ဖေကြီးကရော ညသွားမစောင့်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



သမီးအိမ်သူ၏ အမေးကြောင့် မေမေမြင့် မဲ့လိုက်ပြီး. .

"သူက စပါယ်ရှယ်နဲ့ ချစ်ငှားပေးပြီးရင် ပြီးပြီထင်နေတဲ့ အ မျိုး၊ အရာရာကို ငွေနဲ့ပဲ အစားထိုးချင်နေတာ ဘေးက အမြင်မတော် မေမေတို့ လဲ့တို့ ခိုင်တို့က သူတို့ကိုယ်တိုင် မွေးထားတဲ့ သားသမီး ကိုယ်ဖိရင်ဖိ ပြုစုကြတာ"

ထိုစဉ် ဖုန်းမြည်လာသည်မို့ မေမေမြင့် လက်ပွေ့အိတ်ထဲ ဖုန်းကို ထုတ်လိုက်သည်။

"ဟဲလို သားကြီးရေ"

သားကြီးဆိုတာ မမတင်၏ သားအကြီးဆုံး နယ်မှာအလုပ်တာ ဝန် ကျနေသူဖြစ်သည်။

"ဩော်. . သက်သာပါတယ်၊ မင်းတို့ ညီမလေးအတွက် ဘာ မပူနဲ့၊ မေမေတင်တို့ မေမေမြင့်တို့ အမေတွေအားလုံး ဂရုစိုက်ကြ တယ်ကွယ်"

အဖေတူ မအေကွဲပေမယ့် တစ်သွေးထဲ တစ်သားထဲ ဆ ထားသလို ကလေးတွေကအစ အားလုံးချစ်ခင်ကြင်နာကြသည်။

"စိတ်ချသား၊ မနက်ကလည်း သမီးသဇင် ဖုန်းဆက်တယ် သူ့ညီမလေးစနိုးကို စိတ်ပူလို့တဲ့၊ ရန်ကုန်ပြန်လာမယ် တကဲကဲ လုပ် လို့ မေမေမြင့်မှာ တားနေရတယ်ကွယ်"

ဦးကုလား၏ သားသမီး ဆယ့်နှစ်ယောက်ထဲမှာ စနိုးလေး အငယ်ဆုံးမို့ အစ်ကိုအစ်မတွေကဝိုင်းပြီး ချစ်ကြသလို အမေတွေ လည်း စကားတတ်လွန်းသော စနိုးလေးကို ချစ်ကြသည်။

"ဘာမှ မပူနဲ့ သားရယ်၊ သွေးလွန်တုတ်ကွေးက စိုးရိမ်ရပေမယ့် လိုအပ်တဲ့ ကုသမှုတွေကို အမြန်ဆုံး လုပ်လိုက်ရလို့ စိုးရိမ်ရတဲ့ အခြေ အနေ အဆင့်ဆင့်ကနေ ကျော်လွန်သွားပါပြီ သားရယ်၊ အေးပါ. .





အေးပါ. . အခြေအနေထူးရင် ဖုန်းဆက်မယ်နော် သား၊ ခုလည်း မေ မြင့် ဆေးရုံမှာ ညသွားစောင့်ရဦးမှာလေ၊ ဒါကြောင့် မင်း ညီမတွေကို မ်မှာစောင့်အိပ်ဖို့ သင်္ဂဟကို ဖုန်းဆက်ခိုင်းနေတာလေ"

အစိုးရိမ်ကြီးလွန်းသော မေမေတင်၏ သားကြီးကို စိတ်မပူစေ မနည်းဖြေနေရသည်။

ဦးကုလားမိသားစု အင်ပါယာကြီးက ဒီလောက်ထိ ချစ်ကြ တာပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ဦး ဒီနေ့ အိမ်မပြန်ဘဲ ညလေးနဲ့ နေပါလားဟင်"

ရင်ခွင်မှာမှီနွဲ့နေသော မိုးညဖြူ၏မျက်နှာလေးကို ငုံ့မိုးကြည့်ပြီး မချင့်မရဲ သက်ပြင်းချလိုက်သည်။

"နေချင်တာပေါ့ ညလေးရယ်၊ ဒါပေမယ့် အိမ်မှာ သမီးက နေမကောင်းဘူးလေ၊ ဦးပြန်မှ ဖြစ်မယ်"

မိုးညဖြူ နှုတ်ခမ်းစူသွားသည်။

"ဟွန်း. . ဦးက ညလေးချစ်သလို မချစ်ပါဘူး"





"ဘာလို့ မချစ်ရမှာလဲကွာ၊ ချစ်လို့ ညလေးရဲ့ အလိုမှန်သမျှကို လိုက်နေတာပေါ့"

"အို. . အဲဒါ ချစ်တာမဟုတ်ဘူး၊ မကောင်းတတ်လို့ဆိုတာ ညလေးသိတယ်"

"ဟာ. . ဒီကလေးမ ဦးရဲ့စေတနာကို စော်ကားတယ်ပေါ့၊ ဟုတ်လား. . ဟင်"

နှာသီးဖျား လုံးလုံးလေးကို ချစ်စနိုး ဆွဲလိမ်ပြီး ပြောလာသော ဦးကုလားကို မျက်လုံးရွဲကြီးဖြင့် မော့ကြည့်ပြီး

"ညလေးတို့ ဘယ်တော့ လက်ထပ်ကြမလဲဟင်"

ထိုအမေးကြောင့် ဦးကုလား ဖြေရခက်ဟန်ဖြင့် အကြည့်တွေကို လွှဲလိုက်ပြီး

"ဒီအတိုင်းလေးပဲ နေတာဟာ ညလေးအတွက် ပိုပြီး ဂုဏ်သိက္ခာ ရှိမနေဘူးလားကွာ"

"ဟင့်အင်း ညလေးဘဝမှာလိုအပ်နေတာ ဂုဏ်သိက္ခာ မဟုတ်ဘူး၊ ဦးနဲ့အတူ နေခွင့်ရမယ့် ပျော်ရွှင်မှုပဲ"

ဖအေနှင့်သမီးလို အရွယ်ချင်း အလွန်ကွာဟနေသော ညလေးကို လက်ထပ်ချင်ပေမယ့် မိန်းမခုနစ်ယောက်နှင့် ကိုယ့်အသိုင်းအဝိုင်း အပေါင်းအသင်း မိတ်ဆွေတွေကို ရှိန်နေတာတော့ အမှန်ပင်။

အသက်က တဖြည်းဖြည်း ရလာပြီ၊ ဒီကိစ္စတွေက ခုချိန်ထိ မရပ်တန့်နိုင်သေးခြင်းဟာ လူတွေ၏ ရှုံ့ချခြင်းကို အပြည့်အဝ ခံယူဖို့ အပြစ်တွေ လုပ်နေသလိုလို စိတ်ထဲမှာ မလုံမလဲ ဖြစ်မိသည်။

ဒီတစ်ခါ လက်ထပ်လျှင် ဇနီးသည်တွေက အပြစ်တွေဝိုင်း ပြောကြတော့မည်။ ထိုသို့အပြစ်ပြောကြပြီဆိုလျှင် ဦးကုလားမှာ ချေပစရာ အကြောင်းပြချက်တွေ မခိုင်လုံတော့။



www.burmeseclassic.com

www.burmeseclassic.com





"ကိုယ်လည်း ညလေးနဲ့ လက်ထပ်ချင်ပါတယ်ကွာ"

"ဒါဆိုရင် လက်ထပ်ဖို့လုပ်လေ၊ ဦးသာ ညလေးကို တကယ် ချစ်ရင် လက်ထပ်ရမှာပေါ့"

"အို. . ကလေးရယ်၊ ပြောရကျပ်လိုက်တာ"

"မကျပ်ပါဘူး၊ ဘာလဲ. . . ညလေးကို အပျော်ကြံတာလား"

"မ. . မဟုတ်ပါဘူး"

"မဟုတ်ရင် ညလေးကို လက်ထပ်ရမယ်"

ဇွတ်အတင်းကြီး ပူဆာနေသော ညလေးကိုကြည့်ပြီး ဦးက လားမှာ ဆက်ပြောစရာ စကားမရှိတော့၊ သူများသားသမီးကို ပ သက်မိပြီ ဆိုမှတော့ ကိုယ့်ဘက်က တာဝန်မယူ၍မှ မရတော့တာ





"အေး. . အေးပါကွာ၊ ကိုယ် လက်ထပ်ပါ့မယ်"

အလိုချင်ဆုံးအဖြေမို့ ညလေးမျက်နှာ လမင်းတစ်စင်းလို ထိန် ထိန်သာသွားသည်။

"ဟင်. . တကယ်နော် ဦး"

"တကယ်ပေါ့၊ ဦးက ညလေးကို ဘယ်တုန်းက လိမ်ဖူးလို့လဲ၊ ညလေး လိုအပ်သမျှကို ဖြည့်ဆည်းပေးဖို့က ဦးရဲ့တာဝန်ပဲလေ၊ ည လေးကလည်း ဦးလိုအပ်တာမှန်သမျှကို ဘေးကနေ အမြဲဖြည့်ဆည်း ပေးရမယ်နော်"

အပေးအယူမျှနေကြသော ဦးကုလားနှင့်ညလေး မျက်နှာပေါ် ၌ ရမ္မက်ကိုယ်စီတွေနှင့်. . .

ဦးကုလား အဖို့ကတော့ နှလုံးသွေးတွေသာ ရပ်တန့်သွားချင် သွားပါစေ၊ မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်နိုင် သည့် အလိုဆန္ဒကြီးမှု ဇီဇကတော့ ဘယ်တော့မှ ရပ်တန့်တော့မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"ဘယ်လို ဖေကြီးက နောက်မိန်းမ ထပ်ယူဦးမယ် ဟုတ်လား အိမ်သူ"

"ဟုတ်တယ် သင်္ဂဟရဲ့၊ ညက မေမေနဲ့ အဲ့ကိစ္စ ပြောနေကြ တာကို အိမ်သူကြားလာတာ"

သင်္ဂဟ စိတ်ပျက်စွာဖြင့် ဆံပင်တွေကြားထဲ လက်ထိုးသွင်းပြီး စိတ်မသက်မသာ သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

"ငါတို့ဖေကြီး မိန်းမအယူကြမ်းပုံများ ဟိုလူမျိုးတွေတောင်





အဘား. . အဘားလို့ လန့်ပြီးအော်ပြေးရမယ့် အပေါက်ပဲ။ ဘယ်နေ့ တော့ အထိနာမလဲ မသိဘူးဟာ၊ အထိနာပြီး အနာထိရင်တော့ ငါတို့ အမေတွေပဲ စိတ်သောကရောက်ရမှာ"

"ညက မေမေနဲ့စကားများကြတယ်၊ ဒီတစ်ခါ မေမေလည်း စိတ်တော်တော်ဆိုးပုံပဲ"

"ဟာ. . ဒီတစ်ခါမှ မဆိုးရင်လည်း ငါတို့အမေတွေရဲ့အပြစ်လို့ ပြောရမှာပဲ၊ အမြဲတမ်း ဖောက်ပြန်နေတဲ့ ငါတို့အဖေကို အလိုတွေ လိုက်လို့လေ၊ ခုတော့ မရှုနိုင်မကယ်နိုင် ဖြစ်နေကြပြီ"

"အိမ်သူတို့ ဘာလုပ်ကြရင် ကောင်းမလဲဟင်၊ ဖေကြီး အဲလို မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူနေတာကို အိမ်လေးရှက် တယ် သင်္ဂဟရဲ့"

"ဩော်. . နင်ပဲရှက်ပြီး ငါက မရှက်တာကျနေတာပဲ၊ ငါက နင့်ထက်တောင် ပိုဆိုးသေးတယ်၊ ရှက်လွန်းလို့ အပြင်ထွက်တိုင်း မျက် နှာဖုံးစွပ်ပြီး ထွက်ရမလို ဖြစ်နေပြီ"

"ဒါဆို အိမ်လေးတို့ ဘာလုပ်ကြရင် ကောင်းမလဲ၊ ဖေကြီး ဟာကို သွားဖြတ်ကြမလား"

အိမ်သူ့စကားကြောင့် သင်္ဂဟ မျက်လုံးပြူးသွားသည်။

"ဟာ. . ဟဲ့. . အဲဒါ နင်ပြောရမယ့် စကားလား. . ဟမ်၊ ဖြတ် မယ်ဆိုရင်တောင် ငါတို့အမေတွေနဲ့ပဲ ဆိုင်တဲ့ကိစ္စ၊ နင်က သမီးလေ"

"အို သမီးလည်း ဖြတ်ပိုင်ခွင့်ရှိတာပဲ၊ လာ သင်္ဂဟပါလိုက်ခဲ့"

အိမ်သူ သင်္ဂဟလက်ကိုဆွဲပြီး ထိုင်ရာမှထသည်။

"ဟာ. . ငါ. . ငါ မဖြတ်ရဲဘူး၊ သွေး. . သွေးသံရဲရဲတွေ မ ကြည့်ရဲဘူး"

သင်္ဂဟစကားကြောင့်. . အိမ်သူ ကြောင်အမ်းအမ်း ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ဘာကို သွေးသံရဲရဲ မကြည့်ရဲတာလဲ၊ သင်္ဂဟက ဘာထင်နေလို့လဲ"

"နင်. . နင်ပဲ ဖေကြီးဟာ သွားဖြတ်မယ်ဆို"

"အေးလေ ဖေကြီးခုတ်ခွဲနေတဲ့ မိန်းမဆီသွားပြီး အဆက်ဖြတ်ခိုင်းမယ်လို့ပြောတာ၊ ဟာ. . ဘာတွေ မဟုတ်ကဟုတ်က လျှောက်တွေးပြီး မျက်လုံးထဲမြင်နေလဲ မသိဘူး"

"သိဘူးလေ နင်ပြောတာ အရင်းမရှိ အဖျားမရှိ"

"ဟွန်း. . ကိုယ့်ဟာကိုယ် လိုရာဆွဲတွေးပြီးတော့များ၊ သင်္ဂဟထင်တဲ့အတိုင်း ဖြတ်စရာလား၊ ဖေကြီး သေသွားမှာပေါ့လို့"

"ဟီး. . ဟီး. . . အဲလို. . သေသွားရင်တောင် ခပ်ကောင်းကောင်း"

"တိုင်ပြောမယ်. . ဖေကြီးလာရင် တိုင်ပြောမယ်၊ ဖေကြီးရေလို့ ကိုကြီးသင်္ဂဟက ပြောတယ်လို့ ဖေကြီး သေသွားရင်တောင် ခပ်ကောင်းကောင်းလို့ ပြောနေကြတယ်လို့"

ခုနှစ်နှစ်အရွယ် သားထူး ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ၊ ဖခင်ကို သေခိုင်းမည်ဆို၍ မကျေမနပ်နှင့် တွတ်ပွတွတ်ပွပြောနေ၏။

"ဟာ. . ဒီကောင်ကလေးက ကလေးလိုနေစမ်း၊ မင်းက ဘာသိလို့ ဝင်ပြောနေတာတုန်း"

"သိတာပေါ့၊ ဖေကြီးကို ဘာလို့ သေသွားရင် ကောင်းတယ်လို့ ပြောလဲ"

"ဟ. . ဥပမာကို ပြောတာ"

"ဥပမာပြောလည်း တိုင်မှာပဲ"





"သားထူး၊ ဖေကြီးက နောက်မိန်းမ ယူဦးမယ်တဲ့၊ အဲဒါကို နင်သိလား"

အိမ်သူ အသံခပ်အုပ်အုပ်ဖြင့် သားထူးကို ပြောလိုက်သည်။ သားထူး ပျော်သွားသည့် ပုံစံဖြင့်. . .

"ဟင်. . တကယ်"

"ဟုတ်တယ်"

"ဟေး. . ပျော်လိုက်တာ"

"ဟဲ့. . နင်က ဘာကိုပျော်နေတာလဲ၊ နင့်အဖေက နောက် ိထွေးတစ်ယောက်ကို ခေါ်လာမှာလေ"

"ခေါ်လာလေ. . ခေါ်လာပေါ့၊ ဖေကြီး နောက်မိထွေး တစ် ယောက်ကို ခေါ်လာတိုင်း သားတို့ မုန့်ဖိုးတွေ အများကြီးရတယ်၊ အ တ်အစား အသစ်တွေလည်း ရတယ်၊ စားချင်တာတွေလည်း အများ ကြီးစားရတယ်"

"ဟာ. . ဒီကောင် အရေးထဲ လာပျော်နေတယ်၊ သွား. . သွား ဘာမှ အထူအပါး နားမလည်ဘူး၊ လက်သီးနဲ့ ဆွဲထိုးလိုက်လို့ ပိုးစား နေတဲ့ရှဲတွေ ကျွတ်ထွက်ကုန်ဦးမယ်"

"အထူအပါး နားမလည်တာ သားမဟုတ်ဘူး၊ ကိုကြီး သင်္ဂဟ ာ့ကသာ အထူအပါး နားမလည်တာ၊ ကိုယ် မုန့်ဖိုးရမယ့် အပေါက်ကို ပျော်ပဲ စိတ်ညစ်နေကြတယ်၊ သားဆိုရင်လေ ကျောင်းမှာ သူငယ်ချင်း တွေနဲ့ အမေဘယ်သူများလဲ ပြိုင်ရင် သားပဲနိုင်တယ်"

ကလေးဘဝပဲ ကောင်းသည်. .

ဖခင် မိန်းမများများယူသည့် အကျင့်ဆိုးကို ကြံဖန်ပြီး ဂုဏ် ယူနေတတ်သေး၏။


အပြစ်ကင်းစင်လွန်းသော သားထူး ပျော်နေပုံကိုကြည့်ပြီး. .

www.burmeseclassic.com



သင်္ဂဟာရော အိမ်သူပါ အပြစ်မပြောရက်တော့။
သူက ငယ်သေးတော့ ဘာသိဦးမှာလဲ။

"သားလို့ ငယ်ပါသေးတယ် တဲ့
ဟုတ်လို့လား လို့ ကြည့်ပါဦး ဗျိုး"









# အခန်း(၁၈)

"မေနိုင်းရေ့ . မေနိုင်း"

ခေါ်သံနှင့်အတူ အခန်းထဲ ဝင်လာသော မိုးညဖြူကို စာကျက်နေရင်းမှ လှည့်ကြည့်လိုက်သည်။ အမြဲတမ်း လန်းဆန်းတက်ကြွနေသော မိုးညဖြူ ခုလည်း ဘာတွေလာကြွားဦးမလည်းမသိ၊ သိပ်အပေါင်းအသင်း မလုပ်ချင်၍ ခပ်ခွာခွာနေပေမယ့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်နေလေတော့ မပတ်သက်ချင်၍လည်း မရ။

"ဘာတွေ အူမြူးလာတာလည်း မိုးည"

"နင့်ကို ပြောစရာတွေ တစ်ပုံကြီးရှိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေနိုင်းနားမှာ ဝင်ထိုင်လိုက်သည်။

"နင့် ပြောစရာတွေက ဘယ်တော့များမှ ကုန်မှာလဲ၊ ခုရော. . ဘယ်ကောင်လေးအကြောင်း ပြောမလို့လဲ၊ ငါ စာကျက်နေတာနော်"

"နင်ကလည်း ပြောတောင်မပြောရသေးဘူး၊ စိတ်က အရင်ဆုံး မရှည်ဘူး"

"ကဲပါ ပြောမှာသာ ပြောစမ်းပါ"

"ငါ လက်ထပ်တော့မယ် သီလား"

မေနိုင်း အံ့ဩသွားသည်။ ရည်းစားတွေ ထည်လဲတွဲကာ. . ယောက်ျားတွေဆီက မြိုးမြိုးမြက်မြက်လေး ချူပြီး၍ဝလျှင် အဆက်ဖြတ် ပစ်တတ်သော မိုးညဖြူက ဒီတစ်ခါ လက်ထပ်တော့မည်ဆို၍ မေနိုင်း အံ့ဩနေမိသည်။

"ဟိုက နင့်ကို ဘယ်လောက်တောင်တင်တောင်းလို့ လက်ထပ် ရတာလဲ၊ ဒီတစ်ခါတော့ မြိုးမြိုးမြက်မြက်လေးထင်တယ်"

"ဟုတ်တယ် ဒီတစ်ခါ ချစ်သူက အရင်တုန်းက ချစ်သူတွေနဲ့ လုံးဝမတူဘူး၊ ငါ့ဘဝကို လုံးဝပြောင်းလဲပေးမှာ"

မေနိုင်း နားထောင်နေရင်းမှ မသိမသာ မဲ့လိုက်သည်။

"ဦးက ငါ့ကို အရမ်းချစ်တယ်၊ လက်ထပ်ပြီးရင် တိုက်တစ်လုံး ဝယ်ပေးမယ်၊ ကားတစ်စီးနဲ့ လက်ဝတ်လက်စား အပြည့်အစုံလည်း ဝယ်ပေးမှာ၊ နောက်ပြီး ငါဖွင့်ချင်တဲ့ ဖန်စီဆိုင်လေးလဲ ဖွင့်ပေးဦးမှာတဲ့"

"ဒါဆို နင့်အတွက် ရတနာသိုက်တွေ့တာပဲ၊ ဒါနဲ့ နေပါဦး. . နင်က ဦးလို့ခေါ် ရအောင် နင့်လူက အသက်ကြီးနေပြီလား"

မေနိုင်းအမေးကို မမှုသည့်ပုံစံဖြင့် ပြောင်စပ်စပ်ရယ်ရင်း. . .

"ကြီးရင်မို ငယ်ရင်ချိုတဲ့ နင်မကြားဖူးဘူးလား အဟိ၊ ငါ့ထက် အသက်ကြီးတာကိုယူတော့ ငါစေချင်သလို စေခိုင်းလို့ရတယ်၊ ငါချုပ် ကိုင်ချင်သလို ချုပ်ကိုင်လို့ရတယ်၊ ငါဆိုးချင်သလို ဆိုးလို့ရတယ်"



"နင့်ထက် အသက်ဘယ်လောက်တောင်ကြီးလဲ"

"ဦးအသက်က ငါးဆယ့်ကိုး ခြောက်ဆယ်လောက်တော့ ရှိပြီ အသားညိုညို ရုပ်ခပ်ဖြောင့်ဖြောင့်ပဲ၊ စီးပွားရေးလုပ်ငန်းတွေ အများ ကြီး ရှိတယ်၊ နာမည်က ဦးဝေယံမင်းရှိတဲ့"

မေနိုင်း ယောင်ရမ်းကာ ရင်ဘတ်ဖိလိုက်ပြီး. . .

"မိုးညရယ်၊ နင် ဦးနှောက်ရော ကောင်းသေးရဲ့လားဟယ်. . ကိုယ့်အဖေအရွယ်လောက်ကြီးကို၊ ဟွန်း. . အဘိုးကြီးနဲ့ နံမှာပေါ့"

"ဦးက ခြောက်ဆယ်နီးပေမယ့် အရွယ်တင်တယ်ဟဲ့၊ စတိုင်လ် ဘလည်း မိုက်သလားမမေးနဲ့၊ တကယ့်ကို ဂျင့်တယ်လ်မန်းစတိုင်လ်"

"အမလေး ကိုယ်ကြိုက်တော့ ဂျင်န်းတဲလ်မန်းတဲ့၊ နင့်အဖေနဲ့ ရွယ်တူလောက်ကြီးကို"

"အာ. . နင်ကလည်း ငါ့မှာ အဖေမှမရှိတော့တာ"

"အေးပါ နင်ကြိုက်ရင် ပြီးတာပဲ၊ ဘယ်တော့ လက်ထပ်ဖြစ်ကြ ာလဲ"

"ဒီအပတ်ထဲ တရားရုံးမှာ လက်မှတ်ထိုးမှာ၊ မင်္ဂလာပွဲ အကြီး အကျယ် လုပ်ပေးချင်ပေမယ့် ငါ့ဂုဏ်သိက္ခာကိုငဲ့ပြီး မလုပ်ပါနဲ့တဲ့၊ ကိုယ့် အဖေ အရွယ်လောက်ကြီးကို ယူတဲ့အတွက် လူတွေဝိုင်းပြီး ကဲ့ရဲ့ကြမှာ င်းလို့တဲ့လေ"

"ဟင်. . မိန်းကလေးဆိုတာ တစ်သက်မှာတစ်ခါ မင်္ဂလာပွဲ ုပ်ရတာ၊ နင်တော့ ဒီအခွင့်အရေးကို ဆုံးရှုံးလိုက်ရပြီ"

"ဟင့်အင်း. . အဲဒီ အခွင့်အရေးလောက်ကို ငါကထူးပြီး မ နေပါဘူး၊ ရွယ်တူကို လက်ထပ်ပြီး သူငါ့ကို ဘယ်အချိန် သစ္စာမဲ့ပြီး ောက်ပြန်မလဲ၊ ဘယ်အချိန် ထားသွားမလဲလို့ စိုးရိမ်နေရမယ့် အတူတူ





www.burmeseclassic.com

www.burmeseclassic.com



ဦးဘဝထဲမှာ ခိုလှုံနေလိုက်တာက ငါ့ဘဝအတွက် ပိုပြီးလုံခြုံလိမ့်မယ်၊ ဪ. . နင့်ကို ကြုံတုန်း ဓါတ်ပုံပြမယ်၊ ငါနဲ့ဦး ဖုန်းနဲ့ ဓါတ်ပုံရိုက်ထားတာရှိတယ်"

မိုးညဖြူ သူ့အိတ်ထဲမှ ဖုန်းကိုထုတ်ကာ ကင်မရာဖိုင်ကို ဖွင့်လိုက်သည်။

"ဒီမှာကြည့်. . အသက်ကြီးပေမယ့် လန်းပါသေးတယ်ဟ"

ဓါတ်ပုံထဲမှ မိုးညကို ရင်ခွင်ထဲ ကျုံ့ဝင်မတတ် ဖက်ထားသော မိုးည၏ လူကိုကြည့်ပြီး မေနိုင်း အံ့သြသွားသည်။

အံ့သြလွန်း၍ ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်သောကြောင့် မိုးည၏လက်ထဲမှ ဖုန်းကို လှမ်းယူလိုက်ပြီး သေချာပြန်ကြည့်လိုက်သည်။

သေချာသည် လုံးဝမမှားနိုင်၊ ဒီပုံထဲမှ မိုးညလူကြီးက တခြားသူမဟုတ်၊ သင်္ဂဟ၏ အဖေဖြစ်သည်။

"ဘယ်လိုလဲ ကြည့်ကောင်းတယ် မဟုတ်လား"

"နင်. . နင်. . သူ့အကြောင်းတွေကိုရော သေချာစုံစမ်းရဲ့လား"

"စုံစမ်းပါတယ်. . အရှုပ်အရှင်းကင်းတယ်၊ အဲ. . ဒါပေမယ့် သမီးလေးတော့ ရှိတယ်တဲ့၊ မုဆိုးဖို ဆိုပဲလား"

မေနိုင်း သက်မချကာ ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်ပြီး. . .

"မဟုတ်သေးဘူး မိုးည၊ တစ်ခုခုတော့ လွဲနေပြီနော်၊ နင် လက်ထပ်ပြီးကာမှ တစ်စုံတစ်ခု ပေါ်လာရင် ခက်နေလိမ့်မယ်"

"ဘာလဲ နင်က အသက်ကွာလွန်းလို့ ငါနဲ့ သဘောမတူချင်တာလား၊ အဟင်း. . ဟင်း ငါ့အတွက် အသက်ကြီးတာ အသက်ငယ်တာ အဓိက မဟုတ်ပါဘူး၊ အဓိကက ဒါလေ"

ပြောင်စပ်စပ် မျက်နှာအမူအယာနှင့် လက်ညှိုးနှင့်လက်မကို





ကွေးဝိုင်းပြသည်။ စိတ်အားထက်သန်လွန်းနေသည်မို့ မေနိုင်း အမှန်တရားကို ဖွင့်ပြောပြဖို့ နှုတ်တွေဆွံ့အသွားသည်။

"အဲဒါလေ. . နင့်ကို အကူအညီ တောင်းချင်လို့"

"သူဌေးကြီးနဲ့ လက်ထပ်တော့မှာဆို ငါ့ဆီက အကူအညီ လိုသေးလို့လား မိုးညရယ်"

"လိုတာပေါ့၊ ငါတို့ လက်မှတ်ထိုးရင် နင်တို့ ချစ်သူနှစ်ဦးက အသိသက်သေ လိုက်ပေးပါလား၊ ငါ့မှာ သူငယ်ချင်းဆိုလို့ နင်ပဲရှိတာ"

မေနိုင်း မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဘယ်လို ငါတို့က အသိသက်သေ လက်မှတ်ထိုးပေးရမယ် ဟုတ်လား"

"အင်းလေ ကူညီပါဟာ၊ ငါလေ တခြားလူတွေလည်း မသိစေချင်ဘူး၊ ငါ့ကို ကိုယ့်အဖေအရွယ်ကြီးကို ယူရမလားဆိုပြီး ဝိုင်းကဲ့ရဲ့ကြမှာပေါ့"

"အင်းလေ. . နင်က ငါ့သူငယ်ချင်းပဲ၊ ကူညီရမှာပေါ့"

အမှန်တရားတစ်ခုကို ကိုယ်ပြောမှာထက် သူ့အလိုလို သိသွားဘာ ပို၍ပင်ကောင်းသေး၏။ စိတ်တော့ မကောင်းပါဘူး၊ မိုးည လက်ထပ်မယ့်လူကြီးဟာ သင်္ဂဟရဲ့ အဖေဆိုတာကိုလည်း သင်္ဂဟ သိသင့်ဘာပဲ။ အဲဒီနေ့မှာ ဘာတွေဖြစ်ကြမလဲ၊ မေနိုင်း သိချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"သား မနက်စောစောစီးစီး ဘယ်သွားမလို့လဲ၊ တစ်ကိုယ်လုံး လဲ မွှေးကြိုင်နေတာပဲ၊ ရှိုးစမိုးကလည်း အပြည့်နဲ့"

မိခင်အမေးကြောင့် ခပ်ဟဟလေးရယ်ပြီး. . .

"သားကောင်မလေးရဲ့ သူငယ်ချင်း ဒီနေ့ တရားရုံးမှာ လက် ထပ်ကြမှာလေ၊ သားရော သားကောင်မလေးရော အသိသက်သေနေ ရာမှာ လက်မှတ်ထိုးပေးကြမှာ"

"ဪ. . လူကြီးလူကောင်း သွားလုပ်ရမယ်ပေါ့၊ ဟုတ်လား"





"အဟဲ. . အဲလိုလည်း မဟုတ်ပါဘူး၊ မေမေရာ. ."

"ကဲပါ. . လာ၊ ဒီမှာ သားကြိုက်တဲ့ နန်းကြီးသုပ်လေးလုပ်ထား ဘယ်. . စားပြီးမှသွား"

"ဟာ ဟုတ်လား၊ ဒါဆိုရင်တော့ စားပြီးမှ သွားမယ်"

သဂ်ဟ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။ ကြက်ပြုတ်ဟင်း ချိုကို တစ်ဇွန်းခပ်သောက်လိုက်သည်။

"ဝါး. . . မိုက်တယ်၊ အမေတွေထဲမှာ သားတို့အမေလောက် သက်ရာကောင်းတဲ့သူ မရှိဘူး၊ ဟား. . ဟား. . ဒါကြောင့် ဖေကြီးက ခမကြီးကို ပိုချစ်တာနေမှာ"

"အမလေး မထင်ပါနဲ့ သားရယ်"

မေမေခိုင် မဲ့ခနဲရယ်ရင်း ပြောသည်။

"ဒါနဲ့ ဖေကြီးရော ညကပြန်လာတယ် မဟုတ်လား၊ အိပ်ယာ က မနိုးသေးဘူးလား"

"အမလေး မင်းအဖေက မနက်မိုးမလင်းခင်ကတည်းက ထွက် သွားတာ၊ ခရီးထွက်စရာရှိလို့တဲ့၊ ဘာအလုပ်တွေ ရှုပ်နေလည်းတော့ ခမေမေလည်း မသိဘူး"

"အံ့တယ်နော် ဒီယောက်ျားလေးတစ်ယောက်ကို မိန်းမခုနစ် ယောက် မထိန်းနိုင်ကြဘူး၊ ဒါဟာ မေမေတို့အားလုံး ညံ့လို့ပဲ"

"မေမေတို့က ညံ့တာမဟုတ်ဘူး၊ သားအဖေကိုက မတင်းတိမ် နိုင်တာဟော့၊ ရှင်းပြီလား. . ဟွန်း. ."

မျက်စောင်းချိုကာ ပြောလိုက်သော မိခင်စကားကြောင့် သဂ် ဟ တဟားဟားဖြင့် အော်ရယ်လိုက်ပြီး ကြက်သားနိုင်းချင်းဖြင့် သုပ် ထားသောနန်းကြီးသုတ်ကို အားရပါးရစားပြီး အငွေ့တထောင်းထောင်း ထဆဲဖြစ်သော ကြက်ပြုတ်ဟင်းချိုကို တရှုးရှူးသောက်ရင်း ခံတွင်း

www.burmeseclassic.com



တွေ့နေသည်။

"ဟုတ်ပါပြီ၊ ကဲ. . စားလို့လည်း ပြည့်သွားပြီ၊ သား လစ်တော့မယ်မေမေ၊ မေနိုင်းကိုဝင်ခေါ်ပြီး တရားရုံးမှာ သွားစောင့်နေရမှာ. . ဟဲဟဲ. . သားတို့အလှည့်ကျရင် အဆင်ချောအောင် အတွေ့အကြုံလေးဘာလေး ယူရအောင်ပေါ့ မေမေရာ"

"အမလေး တော်တော်မိန်းမလိုချင်နေပြီပေါ့၊ ဟွန်း. . အဖေ့ခြေရာ နင်းမယ်တော့ မကြံနဲ့နော်၊ မေမေက လုံးဝခွင့်မလွှတ်ဘူး"

ဖခင်၏ အကျင့်စရိုက်ကို မုန်းနေသော မေမေ့စကားကြောင့် သင်္ဂဟ နှာခေါင်းရှုံ့လိုက်ပြီး. . .

"စိတ်ချမေမေ၊ ဖေဖေ့ကိုကြည့်ပြီး စိတ်ပျက်လွန်းလို့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီးတာနဲ့ ကျန်တဲ့မိန်းမတွေကို မိန်းမလို့ကို မမြင်တော့ဘူး၊ ကဲ. . လစ်ပြီ မေမေရာ"

ကားသော့နှင့် ပိုက်ဆံအိတ်ကိုယူကာ အိမ်ထဲမှ ထွက်ခဲ့လိုက်သည်။







# အခန်း(၂၀)

"မမတင်. . မမတင်"

ကားရပ်လိုက်သည်နှင့် အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်လာသော နှင်းကိုကြည့်ပြီး တရားစာအုပ်ဖတ်နေသော မမတင် စာအုပ်ဘေးချကာ တအံ့တသြ မော့ကြည့်လိုက်သည်။

"နှင်း ဘာဖြစ်လာတာလဲ၊ အလန့်တကြားနဲ့. . လာ. . လာ. . ထိုင်"

"ကိုကြီး. . ကိုကြီးလေ"

ရှေ့ဆက်ပြောဖို့ စိုးရွံ့နေသည့် နှင်းကိုကြည့်ပြီး မမတင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူသွားသည်။

“ဟင်. . ကို. . ကိုကုလား ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ”

“ဒီနေ့ နောက်မိန်းမနဲ့ လက်မှတ်ထိုးမယ့်နေ့”

မမတင် အံ့ဩစိတ်လှုပ်ရှားသွားပုံဖြင့် ထိုင်ရမလို ထရမလို ဖြစ်ကာ. . .

“ဟင်. . ဒင်း. . ဒင်းက ငါ့အတန်တန် မှာထားရက်နဲ့ ရှေ့ဆက်တိုးတယ်ပေါ့ ဟုတ်လား၊ ဒီအသက်အရွယ်ရောက်တာတောင် အကြောက မသေချင်သေးဘူး၊ ထတုန်းရွတုန်း ဖြစ်နေတယ်. . တွေ့မယ်”

မမတင် ကျိန်းဝါးလိုက်ပြီး ဖုန်းကောက်ကိုင်ကာ ကျန်တဲ့မယားတွေဆီပါ ဖုန်းကောက်ဆက်လိုက်သည်။

ဒီတစ်ပွဲကိုတော့ လုံးဝအပြင်းအထန် ကန့်ကွက်မှ ဖြစ်မည်။ သေခါနီး ရိက္ခာယူကောင်းတုန်း ရှိနေသေးသည်။ ဦးကုလားကိုမှ ပြောမရလျှင် တစ်ဖက်မိန်းကလေးနဲ့တွေ့ပြီး ရှင်းသင့်တာကို ပြတ်ပြတ်သားသားရှင်းရမည်။

ဒီတစ်ခါတော့ ဦးကုလား မလွယ်တော့။

“ကဲ. . နှင်းက လိုက်မနေနဲ့နော်၊ မမတို့ ခြောက်ယောက်ပဲ သွားမယ်”

“ဖြစ်. . ဖြစ်ပါ့မလား၊ ဟိုဘက်မိန်းကလေးက သူ့အမျိုးတွေပါလာရင် ပြဿနာက အကြီးအကျယ်ကိုတက်မှာ”

“အို. . ဖြစ်တယ်၊ ညည်းလေး ပါရင်သာမဖြစ်တာ၊ ကိုယ်ဝန်က ရင့်နေပြီ၊ မတော်ထိခိုက်မိကုန်မှဖြင့် ကိုကုလားရဲ့ လက်ကျန်သွေးလေး မျိုးပြုတ်သွားမယ်”

“နှင်း မမတို့အတွက် စိတ်ပူလို့ပါ”





“မပူနဲ့၊ မမတင်က အနုအကြမ်းရတယ်၊ ကိုကုလားရဲ့ ဒီလိုကိစ္စမျိုးတွေက မမဘဝမှာ အဆန်းတကြယ် မဟုတ်တော့ဘူး၊ ရင်ထဲမှာ အသမာတက်နေပြီမို့ ထူးပြီးလည်း မနာကျင်တော့ပါဘူး၊ ခုလိုက်ပြီး ပွဲဖျက်မယ်ဆိုတာ မမတင်အတွက် မဟုတ်ဘူး၊ ကလေးတွေရဲ့ အနာဂါတ်အတွက်၊ တို့မျှားရဲ့ သားသမီးတွေရှေ့ရေး ဖအေရဲ့ နာမည်ဆိုးကြီးတွေ ပိတ်ဆို့နေမှာစိုးလို့ ခုလို ရှင်းထုတ်သင့်တာကို ရှင်းထုတ်ရမှာ. . ၊ နောက်ပြီး နှင်း ကလေးမွေးချိန်မှာ သူ နှင်းနားမှာရှိနေရမှာလေ”

မယားပြိုင်တွေဆိုပေမယ့် ညီအစ်မအရင်းတွေလို မေတ္တာမျှပေးဆပ်နိုင်ကြသည်မို့ နှင်းသည် နာကျင်မှုတွေကြားမှ ပီတိမျက်ရည်ဝေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

“ဦး. . ကြည့်ပါဦး၊ ညလေး လှရဲ့လား”

ကားပေါ်က ဆင်းဆင်းချင်း သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု မရှိသောဟန်ဖြင့် ဦးကုလားကို မေးသည်။

“ညလေးက လှပြီးသားပဲ၊ ဟောဒီ လောကကြီးထဲမှာ ညလေးလောက် ဘယ်သူမှမလှဘူး. . ဟဲ. . ဟဲ”

ဦးကုလား၏ စကားကိုသာ ဖနီးခြောက်ယောက်ကြားလျှင် နေရာမှာတင် ဘုန်းခနဲ လဲသေမလားမသိ။

“တကယ်နော် ဦး၊ ပြီးမှ ညလေးကို အလိုမလိုက်လို့ကတော့





မလွှယ်ဘူး”

ငယ်ဂုဏ်မောက်ပြီး ကျိန်ဝါးနေသော ညလေးကို စိတ်မဆိုးသည့်အပြင် ချစ်စနိုးဖြင့် နှာသီးဖျားလုံးလုံးကလေးကို ဆွဲညှစ်လိုက်သည်။

ထိုကြည်နူးခန်းကို လှမ်းကြည့်နေကြသော အကြည့်စူးစူး မျက်လုံးခြောက်စုံကိုတော့ သတိမထားမိကြ။

“မမတင် ကြည့်စမ်းပါဦး၊ ဘယ်လောက် အသည်းယားစရာကောင်းလိုက်တဲ့ မြင်ကွင်းလဲလို့. . ဟွန်း. . ဟွန်း၊ ခိုင်တော့ စိတ်တွေမနည်းချုပ်ထားရတယ်”

“နေပါဦး တရားရုံးထဲဝင်မှ ဒီကိစ္စကိုရှင်းပါ၊ ခုနေရှင်းရင်. . ဈေးဆိုင်တွေရော ဝန်ထမ်းအသွားအလာတွေရော ရှုတ်နေတာ၊ အားလုံး အရှက်တွေကွဲကုန်မယ်”

“ဟုတ်တယ် မမခိုင်၊ လှဲကတော့ အဲဒီမိန်းကလေးရဲ့ မျက်နှာကို စိတ်ရှိလက်ရှိ ဆွဲခြစ်ကုတ်ဖွဲ့ပစ်လိုက်ချင်တာ”

“ကိုယ့်လူ မကောင်းတာကိုလည်း ထည့်ပြောဦး လှဲရေ၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ့်အိမ်က နွားကမှ မကောင်းတာ၊ ဟွန်း. . ဝါးကားဖြတ်သွားရင်တောင် အလွတ်မပေးချင်တဲ့ ယောကျ်ားမျိုးနွယ်ကတော့လေ. . ကလေးတွေရဲ့ ရှေ့ရေးကြောင့် နို့မို့လို့ကတော့ ဒင်းကို တစ်ခါတည်းကို ကွာပစ်လိုက်တယ်”

“ကွာချင်တာထက် ဘဝကို အစကသာ ပြန်စလို့ရရင်လေ. . ၊ မြင့်ကတော့ သူလိုယောကျ်ား ဝေးဝေးက ရှောင်ပြီးသားပဲ၊ ကြည့်ပါဦး သူ့ကိုယ်သူ ဆယ့်ခြောက်နှစ်သားလေးများ မှတ်တယ်”

“ဟော. . ဟော. . ဟိုမှာဝင်လာပြီ၊ တရားသူကြီး ရုံးခန်းထဲမဝင်ခင် ဇာတ်လမ်းစလိုက်ရင် ကောင်းမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . ဟဲ့. . ငါတို့ကိုမမြင်စေနဲ့၊ ကွယ်ထား. . ကွယ်ထား"

မျက်နှာကို ဂျာနယ်ကိုယ်စီဖတ်ရင်း ကွယ်ထားကြသည့် မြင်ကွင်းက မိန်းမခြောက်ယောက်စလုံး ဂျာနယ်ဖတ် ပြိုင်ပွဲဝင်နေကြသလို ညီညာနေသည်။

အရှေ့မှ ဖြတ်လျှောက်သွားသော ဦးကုလား ထိုမြင်ကွင်းကို လှည့်ကြည့်သွားပေမယ့် သူ့မိန်းမတွေ ဆိုတာကိုတော့ နည်းနည်းမှ ရိပ်မိပုံမပေါ်. .

မမတင် လေသံမှုသောအသံဖြင့် အချက်ပေးလိုက်သည်မို့ အားလုံး ဖိုက်တာဒီဇိုင်းတွေဖြင့် ပြိုင်တူထလိုက်ကြသည်။

အားလုံး၏ ခြေလှမ်းတွေသည် ဖွဲ့မယ်ဆိုသော သဘောကို ဆောင်နေသည်မို့ မြန်ဆန်သွက်လက်၍ နေသည်။







# အခန်း(၂၂)

"ကိုကုလား. ."

မမတင်၏ ခပ်မာမာခေါ်လိုက်သော အသံကြောင့် ဦးကုလား မျက်နှာခတ်ပျက်ပျက်ဖြင့် မဝံ့မရဲ လှည့်ကြည့်သည်။

"ဟင်. . မင်း. . မင်းတို့ ဒီကိုဘယ်လိုရောက်လာတာလဲ"

"လူတစ်ယောက်ရဲ့ ပါးစပ်ပေါက်တစ်ပေါက်က ဘူးအပေါက် တစ်ရာလောက်တောင် လုံခြုံမှုမရှိဘူးဆိုတာ ရှင် မစဉ်းစားမိဘူးလား"

"ဟုတ်တယ် အစ်ကို၊ ရှင် ခိုင့်ကိုပြောတော့ ခရီးထွက်ရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မနက်က အစောကြီးထွက်သွားတာပေါ့"

"ကို သိပ်ပြီးတရားလွန်တာပဲ၊ ရှင့်ရဲ့ဆန္ဒတွေ ခုထိမပြီးမြောက်နိုင်သေးဘူးလား၊ မြင့် ရှင့်ကိုသိပ်အထင်သေးတယ်"

အမျိုးသမီး ခြောက်ယောက်၏ တစ်ယောက်တစ်ပေါက် ပြောနေသံကြောင့် မိုးည ဦးကုလား၏လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပြီး မော့ကြည့်ကာ. . .

"ဦး. . သူ. . သူတို့က ဦးရဲ့ညီမတွေ အစ်မတွေလားဟင်"

"အဲ. . မ. . မဟုတ်ဘူး၊ ဟို. . ဟိုလေ"

"ကဲ. . ထစ်အမနေစမ်းပါနဲ့၊ ပြောစရာရှိတာကို ဖြောင့်ဖြောင့်တန်းတန်း ပြောချလိုက်၊ ရှင်မပြောရင် ကျွန်မပြောရမလား ကိုကုလား"

ကိုကုလားဟူသော အသုံးအနှုန်း အခေါ်အဝေါ်ကြောင့် ညလေး တအံ့တသြ မော့ကြည့်သည်။ ညလေးသိထားသည့် နာမည်က ဒီလိုနာမည်မှ မဟုတ်တာ၊ ဦးဝေယံမင်းရှုံဆိုတဲ့ တကယ့်ဂရိတ်နာမည်မျိုး. . .

"ဦး. . ဦးကုလားတဲ့လား"

"ဟေ့. . . ဘာအခုမှ အံ့သြချင်ဟန် ဆောင်ပြနေရတာလဲ ကောင်မလေး၊ ဒီအဘိုးကြီးက မင်းရဲ့ ဦးလေးအရွယ်တင်မကဘူး. . အဖေအရွယ် အဖိုးအရွယ်လို့တောင် ပြောလို့ရတယ်အေး၊ ဒါနဲ့များ. . လက်ထပ်ရတယ်လို့"

"အန်. . အန်တီတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ညလေးတို့ရဲ့ မင်္ဂလာရှိတဲ့အချိန်တွေကို အုပ်စုဖွဲ့ပြီး လာနှောင့်ယှက်နေရတာလဲ"

"အောင်မယ်. . အောင်မယ်၊ သူခိုးက လူပြန်ဟစ်လို့ပါလား ဟမ်. . မအဝှာမ. . "





"မိုးညဖြူပါ"

မိုးည မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောသည်။

လဲ့ ရွှေသို့ မျက်နှာချင်းဆိုင် တိုးကပ်သွားပြီး မိုးညကို ရန်လိုစွာကြည့်ပြီး. . .

"ဒီမှာ ညည်းဟာညည်း မိုးညဖြူမကလို့ မိုးညမှောင်ဖြစ်ဖြစ် ငါတို့ စိတ်မဝင်စားဘူး၊ ညည်းနှယ်အေ ရုပ်ကလေး သနားကမားနဲ့ သူများမယားငယ် ဖြစ်ရတယ်လို့၊ ညည်း မိဘတွေ မရှိဘူးလား ဟမ်၊ ရှိတယ်ဆိုရင်တောင် ဘယ်လိုဆုံးမသွန်သင်ထားကြသလဲ၊ ဘာလဲ သွားပေါ်ရင်နေ ကားပါရင် ဆွဲသာစီလိုက်လို့ သင်ပေးထားလို့ ငါ့ယောက်ျားကို ရုပ်ဇန်းပြပြီး ဆွဲစီလိုက်တယ်ပေါ့. . ဟုတ်လား၊ အဲလိုဆိုရင်တော့ တစ်ခါတည်း အိမ်သာလိုက်ခဲ့၊ အငယ်ဆုံး မယားအဖြစ် ထမီလျှော်ခိုင်းမယ်"

ရင့်သီးရိုင်းပျသော လဲ့စကားကြောင့် မိုးညဒေါသတို့ ထွက်လာကာ. . .

"ဒီမှာ အန်တီတို့ စကားကိုယဉ်ယဉ်ကျေးကျေးပြောပါ၊ သူများမိဘကို မပုတ်ခတ်ပါနဲ့"

"မပုတ်ခတ်ပါဘူး. . ဒဲ့ကိုပြောတာ၊ ငါတို့က ညည်းလို ပိုင်းလုံးမကို ယဉ်ယဉ်ကျေးကျေးပြောဖို့လိုလို့လား. . ဟမ်"

"ဦး. . သူတို့. . သူတို့ ညလေးကို စော်ကားနေကြတယ်၊ ပြောလေ. . အဟင့်. . ညလေးရှက်တယ် သိလား၊ ဘဝမှာ တစ်ခါမှ အရှက်မရဖူးဘူး၊ အဲဒီမိန်းမကြီးက သူ့အမျိုးတွေပါခေါ်လာပြီး ညလေးကို အရှက်ခွဲနေတယ်"

ခြေဆောင့်ပြီး မကျေမနပ်ပြောနေသော ညလေးကို ချော့သိမ့်အကြည့် တောင်းပန်တိုးလျှိုးသောအကြည့်နှင့် ကြည့်လိုက်၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေကို တောင်းပန်သော အကြည့်ဖြင့် ကြည့်လိုက်နှင့် ဦးကုလား မျ
များနေသည်မှာ အမှန်ပါ။

"အောင်မလေး၊ သူများ မယားငယ်ခံတဲ့မိန်းမက ရှက်တတ်
သေးတယ်ပေါ့. . ဟုတ်လား၊ ဟမ်. . "

"တော်. . တော်ကြပါတော့ကွာ၊ မင်းတို့ သားသမီးချင်း ကိုယ်
ချင်းစာကြပါ"

ခိုင်ရင်ဘတ်ဖိပြီး. . .

"အလိုတော် ရှင်က ခိုင်တို့ကိုကျတော့ သားသမီးချင်း ကိုယ်
ချင်းစာတဲ့၊ ရှင်ကျတော့ ကိုယ်မွေးရင် ကိုယ့်သမီးထက်ငယ်တဲ့ မိန်
ကလေးကို သားသမီးချင်း ကိုယ်ချင်းစာပြီး အလွတ်ပေးလိုက်ပါလားလို့"

"အယ်. . ဒါ. . ဒါကတော့ ငါက ရင်ခုန်တာကိုး"

"ရှင့် ရင်ခုန်သံတွေက ဘယ်တော့ရပ်မှာလဲ၊ ရင်ခုန်တယ် ဆို
ရင်လည်း အရှိန်ပြင်းပြင်းသာခုန်ပြီး တစ်ခါတည်း သေပစ်လိုက်တော့
ဟွန်း. . သားသမီးတွေက တစ်ဒါဇင်နဲ့တစ်ယောက်ဖြစ်လို့ အကြီးဆုံး
တောင် အသက်သုံးဆယ်ကျော်ပြီ၊ ရှင်က ခုထိ ထလို့ ရွလို့ကောင်း
တုန်း"

မထူးတော့ပြီမို့ ရင်ထဲမှာ အောင်းထားသမျှတွေကို ဖွင့်ချပစ်
လိုက်တော့သည်။

"ခိုင် မင်း ကိုယ့်ကိုဘယ်လိုပြောလိုက်တာလဲ"

"ရှင် နားမလည်ဘူးလား"

"ဦး. . ဒါ. . ဒါတွေက ဘာတွေလဲ၊ ဦးပြောတော့ သမီးလေး
တစ်ယောက်ပဲ ရှိတယ်ဆို၊ မိန်းမလည်း မရှိတော့ဘူးဆို"

"ညည်း အဲလောက်တောင် ယုံလွယ်ရလား၊ ဒီမှာကြည့်စမ်း. .
ငါတို့ အခုဘယ်နှစ်ယောက်လဲ ရေကြည့်စမ်း"





အရေးထဲ လူရေခိုင်းနေသည့်နွယ့်အပြောကြောင့် မိုးညဖြူ
မျက်လုံးလေးဝေ့ကာ လူရေကြည့်သည်။

"ခြောက်. . ခြောက်ယောက်ပါ"

"အေး. . ဒါတောင် တစ်ယောက်က ကိုယ်ဝန် နေ့စေ့လစေ့နဲ့
မီး ထားခဲ့တာ၊ နို့မို့ဆို. . ခုနစ်ယောက်"

"အဲ. . အဲဒါ ညလေးနဲ့ ဘာဆိုင်လဲ"

ဦးကုလား မရှုနိုင်မကယ်နိုင်ဖြစ်ကာ ခေါင်းတွေ စုံကုတ်နေ
သည်။ အရင်မိန်းမတွေတုန်းက ပေါ်တင်ယူခဲ့ပေမယ့်. . ခုတော့ ခိုး
ကြောင်ခိုးဝှက်ကလေးတောင် ယူခွင့်မရတော့။

"ဦး. . လုပ်ဦး ဘာတွေလဲကွာ စိတ်ညစ်လိုက်တာ၊ ညလေး
ငိုချလိုက်တော့မယ်နော်"

"ငို. . ငို. . အဲဒီမှာ ချီးတွေ သေးတွေထွက်အောင် အားရပါးရ
ငိုချလိုက် ဟုတ်ပြီလား၊ ဒီမှာ ညည်းမသိရင် မှတ်ထား၊ တို့အားလုံးက
သူ့မိန်းမတွေချည်းပဲ"

"ရှင်. . "

မိုးညဖြူ တစ္ဆေသရဲ တွေ့သလို ထိတ်လန့်သော မျက်နှာဖြင့်
ဦးကုလားမော့ကြည့်ပြီး. . .

"ဦးဝေယံမင်းရှုံ ဒါ. . ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ပြောတော့
မိန်းမမရှိဘူး၊ သမီးလေးတစ်ယောက် ရှိတယ်ဆို၊ ခု. . ခုတော့ မိန်းမ
တွေက ခုနစ်ယောက်တောင်လား၊ ဒါ. . ဒါဆို ညလေးနဲ့ လက်ထပ်ဖြစ်
ရင်. . ရှစ်. . ရှစ်ယောက်ပေါ့၊ ဟုတ်လား"

မမတင် ခါးကို ဟန်ပါပါယောက်ပြီး မဲ့ကာရွဲ့ကာဖြင့်. . .

"ဘယ်ကမလဲ၊ အတည်မယူဘဲ အပြင်မှာတွဲနေတဲ့ မိန်းမတွေ
ပါပါရင် ရေတောင်မရေတွက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား. . ဘုရား"

မိုးညှ လန့်ပြီး ဘုရားပင် တမိလိုက်သည်။

"မိုးညှ လူစုံပြီလား၊ ငါတို့ နောက်ကျသွားတယ်ဟယ်"

မေနှိုင်းနှင့် သင်္ဂဟ၊ ရုံးခန်းရှေ့သို့ ကပျာကယာ လျှောက်လာကြသည်။

သင်္ဂဟ အဖေနှင့်အမေများကို မထင်ထားသည့် နေရာမှာ တွေ့လိုက်ရ၍ အံ့သြကာ. .

"ဖေကြီး ဒီကိုဘယ်လိုရောက်နေတာလဲ၊ မေမေတို့ကရော ဘယ်လိုလုပ်လာပြီး စုနေကြတာလဲ"

သင်္ဂဟအမေးကြောင့် ဦးကုလားဘာပြောရမှန်းမသိ၊ မေနှိုင်းကတော့ ဘာမှမသိသလိုဟန်ဖြင့် အခြေအနေကို မသိမသာ အကဲခတ်၍ နေသည်။

"ဒီမှာ မင်းအဖေလေ၊ ကိုယ့်သမီးအရွယ် ကောင်မလေးကို မေမေတို့မသိအောင် တိတ်တိတ်ပုန်း လက်ထပ်မယ် သတင်းကြားလို့ လာစောင့်ဖမ်းတာ"

သင်္ဂဟ မျက်လုံးပြူးသွားပြီး ဖခင်ဖြစ်သူကို ကြည့်သည်။

"ဟင်. . ဒါ. . ဒါဆို သားအသိသက်သေ လာထိုးပေးရတဲ့ မေနှိုင်းသူငယ်ချင်း လက်ထပ်မယ့်သူက ဖေကြီးပေါ့. . ဟုတ်လား"

"ဟုတ်တယ်. . ဟုတ်တယ်၊ အဲဒါ. . မင်းအဖေ ကြီးမိုက်ကြီး ကြီးလေထလေ ကြီးထကြီး"

"ဟာဗျာ ဖေကြီးရာ၊ သား. သားမျက်နှာကို ဓါးနဲ့ အစိတ်စိတ် အမွှာမွှာခွဲပြီး ဆားပက်လိုက်တာလားဗျာ၊ သားချစ်သူရှေ့မှာမှ အရှက်တွေ ပိုးစိုးပက်စက် ခွဲရလား၊ ယူမယ်ဆိုရင်လည်း လွတ်လွတ်ကျွတ်ကျွတ် မိန်းမမျိုးကိုယူပေါ့၊ ဒီလောက် မိန်းမခုနစ်ယောက် ယူပြီးလည်း





ဖေကြီးလောဘတွေက မငြိမ်းနိုင်သေးဘူးလားဗျာ"

သင်္ဂဟ တော်တော်လေးရှက်လွန်း၍ စိတ်ထဲရှိရာကို ဖြောင်းပင်ဖွင့်ပြောချလိုက်သည်။

ဒီတစ်ခါ တစ်စခန်းထသူက မေနှိုင်းဖြစ်သည်။

"သင်္ဂဟ. . ဒါ. . ဒါဆို ရှင်. . ရှင့်အဖေက မိန်းမတွေအများကြီးပေါ့"

မိုးညှ ဝင်ပြောသည်။

"ဟုတ်တယ်. . ဒီမှာ ရပ်နေတဲ့ မိန်းမကြီးတွေက သူ့မိန်းမတွေတဲ့လေ၊ ငါ. . ငါတော့. . ရေတိမ်နစ်တော့မလို့၊ သွား. . သွားရအောင်ဟယ်"

မိုးညှ မေနှိုင်းလက်ကိုဆွဲကာ ပြန်ရန်ပြင်သည်။

မေနှိုင်း သင်္ဂဟအား သံသယအကြည့်ဖြင့် ကြည့်ပြီး. . .

"သင်္ဂဟ ရှင့်ကိုရော မေနှိုင်း ဘယ်လိုယုံကြည်ရမလဲ၊ ဖအေလုပ်သူက ရှစ်ယောက်မြောက်ယူတယ်၊ ရှင်ကရော မေနှိုင်းအပြင် ဘယ်နှစ်ယောက်ယူဖို့ စဉ်းစားထားလဲ၊ တော်ပြီ ရှင့်ကို မေနှိုင်း မယုံရဲတော့ဘူး"

"ဟုတ်တယ်. . မိုးညှ သူတို့သားအဖတွေ အတူတူပဲနေမှာလား. . ငါတို့အရှက်တွေ တရားသူကြီးရောက်လာရင် ပိုကွဲလိမ့်မယ်၊ ဒီရုံးထဲက မြန်မြန်ထွက်ကြရအောင်"

ဆိုင်းမဆင့်ဗုံမဆင့် အစိမ်းဖြတ်ဖြတ်သွားသော မေနှိုင်းကြောင့် သင်္ဂဟ တော်တော်လေးသွေးပျက်ကာ ကျန်ခဲ့ရင်း. . .

"ဖေကြီးတွေ့လား၊ အဲဒါဖေကြီးကြောင့် အဲဒါဖေကြီးကြောင့် သားကိုပါ အထင်လွဲသွားပြီ၊ မှတ်ထားဖေကြီး သားဘဝမှာအဖြစ်ချင်ဆုံးက ကိုယ်ကျင့်တရားကောင်းတဲ့သူပဲ၊ ဖေကြီးလို ဘယ်တော့မှ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေရဘူး”

“ဟုတ်သား. . အမေတို့လည်း လိုက်မယ်”

မာထန်စွာပြောပြီး. . သင်္ဂဟ ချာခနဲ လှည့်ထွက်သွားသည်။ သင်္ဂဟနောက်မှ အမေခြောက်ယောက်ပါ ခတ်သုတ်သုတ်လာကြသည်။ နေရာမှာတင် ငူငူကြီး ရပ်နေသူက ဦးကုလားပင် ဖြစ်သည်။

ဟိုအရင်ဘဝကတည်းက ကိုယ့်ရာဇဝင်ကို ဘယ်လိုပုံစံနဲ့ ရေးမိနေသလဲဆိုတာ ကိုယ်ကိုယ်တိုင် တစ်ခါမှ ပြန်ပြီးမဆန်းစစ်ကြည့်ခဲ့ဘူး။

သားဖြစ်သူက ပြောသွားသည်။ လောကမှာ သူအဖြစ်ချင်ဆုံးက ကိုယ်ကျင့်တရား ကောင်းတဲ့သူပဲတဲ့၊ ဖေကြီးလို ဘယ်တော့မှ မဖြစ်စေရဘူးတဲ့။

သူ တကယ်ပဲ လူမိုက်ကြီးလုံးလုံး ဖြစ်နေခဲ့ပြီလား၊ ပတ်ဝန်းကျင်အလယ်မှာ အသိုင်းအဝိုင်း အပေါင်းအသင်းတွေအလယ်မှာ သူဟာ ခေါင်းမော့ပြီးနေခဲ့သမျှ သားဖြစ်သူ ပြောသွားသည့် စကားတစ်ခွန်းက သူ့ဘဝကို ဟိုးအောက်ဆုံးထိရောက်အောင် အရှိန်ပြင်းပြင်း ဆွဲချလိုက်သလိုပါပဲ။

ဒီဗီဇကြောင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုလူစားလဲဆိုတာ ကိုယ်တစ်ခါမှ ပြန်မစစ်ဆေးဘူးခဲ့။ ခုတော့. . ခုတော့ ကိုယ်ဟာ တစ်ကယ့်ကို ကိုယ်ကျင့်တရား မကောင်းတဲ့သူလား။

နဖူးစပ်မှ ချွေးတွေအသီးလိုက် ကျဆင်းလာကာ ခြေထောက်ပင် ခိုင်ခိုင်မရပ်ချင်တော့။ အမြဲတမ်း ကာစတန်မာအဖြစ် ကိုယ့်ကိုခင်မင်နေခဲ့သော တရားသူကြီး ဦးမောင်မောင်နိုင်၏ ဆိုင်းဘုတ်ကို သိမ်ငယ်စွာ မော့ကြည့်လိုက်ပြီး ခြေလှမ်းတွေနောက်ကို အလန့်တကြား ပြန်ဆုတ်မိလိုက်သည်။





ခုချိန်မှာ သူ့ကိုတွေ့ရင် ဘယ်လိုပြောရမလဲ။

လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်အထိ ပျော်ရွှင်နေခဲ့သော ပျော်ရွှင်မှုတွေသည် ခုတော့ အစပင် ရှာမရတော့။

ရှက်စိတ်တွေက ရင်ထဲမှာ မီးရှူးမီးပန်းတွေ ပစ်လွှတ်နေသလို ဖွာလန်ကြဲနေသည်။ ကိုယ့်အပေါ် နားလည်လိုက်လျောပေးခဲ့မိသော ဇနီးမယားတွေအပေါ်မှာ အမြဲတမ်း စိတ်ဒုက္ခတွေပေးခဲ့မိပြီဆိုတာ ခုမှပင် သတိကပ်မိတော့၏။

ဒီထက်ဆိုးတာက ကိုယ်တိတ်တိတ်ပုန်း လက်ထပ်မည့်ပွဲမှာ သားက ဘူမသိကိုးမသိ အသိသက်သေနေရာမှာ ဝင်လုပ်ပေးဦးမတဲ့။

အရှက်လွန်နေသော သား၏ မျက်နှာကို ဘယ်လို ရင်ဆိုင်ရမှန်းမသိအောင် ထွက်ပေါက်ပိတ်ခဲ့တာ ကိုယ်သာလျှင် အသိဆုံးပါ။

မိန်းမတွေကိုချစ်တတ်လွန်းသော စိတ်တစ်ခုကသာ ကိုယ့်ဘဝမှာ ကိုယ်ကျင့်တရား ပျက်ပြားစေတဲ့လူ ဖြစ်ခဲ့လေသလား။

ဝါသနာက တော်တော်ဆိုးရွားတယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

“မ မမြင့်ရေ ဒီနေ့ ကိုကို နွယ့်ဆီ ပြန်မလာပါလား၊ ဘယ် အိမ်ရောက်နေလဲဟင်”

စပီကာဖွင့်ထား၍ နွယ့်စကားပြောသံကို အတိုင်းသား ကြား နေရသည်မို့. . မမမြင့်ရော မမတင်ရော တစ်ယောက်မျက်နှာတစ် ယောက် ကြည့်လိုက်ကြသည်။

“မလာဘူး နွယ်ရဲ့၊ ပုံစံကြည့်ရတာ ဟိုကောင်မလေးကို အရူး အမူးဖြစ်ပြီး လူမသိသူမသိ ခိုးပြေးသွားပြီ ထင်တယ်”

“အမလေး. . ဘုရား. . ဘုရား”





တစ်ဖက်ဖုန်းမှ နွယ်၏ မချိတင်ကဲဖြစ်နေသော အသံကို မြင့် နားထောင်ပြီး ကိုယ်ကိုယ်တိုင်ပါ ရင်ထဲမှာ မီးတောက်သွားမိသည်။

“ခိုင်တို့ သင်းတို့ဆီရော ဖုန်းဆက်ကြည့်ပြီးပြီလား နွယ်”

“ဆက်ပြီးပြီ မရှိဘူး၊ သင်္ဂဟလည်း အိမ်မှာ သောင်းကျန်းနေ တယ်တဲ့”

“ဟင်. . ဟုတ်လား၊ အေးလေ သားသင်္ဂဟလည်း ရှက်ရှာမှာ ပေါ့ကွယ်၊ ဖြစ်ချင်တော့ ရည်းစားရှေ့မှာ အရှက်ပြန်းပြန်းကွဲရရှာတာ လေ၊ ဒါနဲ့ နှင်းရော. . သူ့ဆီမှာများ ရောက်နေလား”

“ဟင့်အင်း မရှိလောက်ဘူး၊ သူတောင် နွယ့်ဆီ ဖုန်းဆက်ပြီး ကိုကို့အကြောင်း မေးသေးတဲ့ဟာ၊ ခုလေးတင် သူနဲ့ ဖုန်းပြောပြီး မမ မြင့်ဆီ ဆက်လိုက်တာ”

“ဒါဆိုရင်တော့ သေချာပါပြီ၊ အဲဒီ မိန်းကလေးဆီကို သွား တာပဲ ဖြစ်မှာပါ”

“ဒါ. . ဒါဆို ဘယ်လို လုပ်ကြမလဲ”

“ဘယ်လိုလုပ်ရမှာလဲ၊ ညတွင်းချင်း ပြန်ခွဲရမှာပေါ့၊ ကောင်မ လေးက အဖေအရွယ်လောက် ရှိတဲ့ဟာကြီးကို ကပ်တယ်ဆိုတာ ငွေ မက်လို့ ဒါ အသိသာကြီးပဲ၊ ကဲပါလေ. . ဖုန်းထဲမှာ ပြောနေကြာတယ်၊ သင်္ဂဟ ကောင်မလေး မေနိုင်းဆီသွားပြီး အဲဒီကောင်မလေးအိမ်ကို လိုက်သွားရမှာပဲ”

“ဟုတ်. . ဟုတ်ကဲ့၊ ဒါဆို မမမြင့်တို့ ခုပဲထွက်ကြတော့ နွယ် စောင့်နေမယ်၊ သင်္ဂဟကိုပါ ခေါ်ထားလိုက်မယ်”

“အေး. . အေး”

မမမြင့် ဖုန်းကိုချလိုက်ပြီး မမတင့်နှင့်အတူ ကားမောင်းပြီး ထွက်လာခဲ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်. ."

"တွေ့ကြသေးတာပေါ့ ကုလားရယ်၊ ဒီလောက် မိန်းမတွေနဲ့ ထိတွေ့နေရတာတောင် မိန်းမကိစ္စ အရှုပ်အရှင်းကို မပြီးနိုင်ဘူး. . တွေ့မယ်၊ ဒီတစ်ခါတော့ လုံးဝကို မလိုက်လျောဘူး"

မမတင့် ခပ်ပြတ်ပြတ်ပြောပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းလိုက်သည်။







# အခန်း(၂၄)

"ဟင်. . . သင်္ဂဟ ဘာလာလုပ်တာလဲ"

မေနိုင်းမျက်နှာမှာ သင်္ဂဟမျက်နှာကို မြင်သည်နှင့် တင်းမာခက်ထန်သွားသည်။

"ကိုယ့်ကို သံသယအကြည့်တွေနဲ့ မကြည့်ပါနဲ့ မေနိုင်းရယ်၊ ကိုယ်က ဖေကြီးသားဖြစ်ပေမယ့် ဖေကြီးရဲ့အကျင့်စရိုက်မျိုး ဘယ်တော့မှ မလုပ်ပါဘူး၊ မေနိုင်းကို တစ်ဘဝစာလုံးအတွက် ချစ်တာပါ"

မေနိုင်း မျက်နှာမဲ့လိုက်သည်။

"ရှင့်အဖေလည်း အဲလိုအပြောကောင်းလို့ မိုးညက မုဆိုးဖို



www.burmeseclassic.com

www.burmeseclassic.com



ကြီးထင်ပြီး ကြွေသွားတာလေ”

“ဒါက သူတို့ကိစ္စပါ မေနိုင်းရာ၊ ကိုယ့်ကို ဘာမဟုတ်တဲ့ သံသယတွေနဲ့ အစိမ်းဖြတ် မဖြတ်ပါနဲ့ကွာ၊ ကိုယ် မခံစားနိုင်ဘူး၊ ရှုံးတော့မယ်ကွ. . ရှုံးတော့မယ်”

“ရှုံးပေါ့”

“ကိုယ့်ကို မရွဲ့နဲ့၊ ကိုယ် တကယ်ရှုံးသွားနိုင်တယ်ကွ၊ ခု ကိုယ့်အနာဂါတ် ပျောက်နေသလိုကို ခံစားနေရတယ်”

“ပွမ်. . ပွမ်. . ပွမ်. . ”

ချစ်သူရှေ့မှာ ဒူးထောက်မတတ် ကြွေပြနေသော သင်္ဂဟ. . ကားဟွန်းသံကြောင့် ဖီးလ်ပျက်သွားကာ ခြံဝတွင်ရပ်ထားသော ကားကို မချင့်မရဲ လှည့်ကြည့်လိုက်သည်။

ကားပေါ်မှ မေမေနွယ် ဆင်းလာသည်။

“သားရေ လိပ်စာရပြီလား၊ အချိန်မလွန်ခင် အမှီလိုက်ရအောင်လေ”

“နေပါဦး မေမေနွယ်၊ မေနိုင်းက ကျွန်တော့်ကို ခုထိ သံသယ ဝင်နေတုန်းပဲဗျ”

ကလေးတစ်ယောက်လို တိုင်တည်ပြောဆိုနေသော သင်္ဂဟကို ကြည့်ပြီး နွယ် သနားသွားသည်။ ထို့ကြောင့် မေနိုင်းနားသို့ လျှောက်လာပြီး. . .

“သမီးရယ်. . သားကို အထင်မလွဲပါနဲ့ကွယ်”

မေမေနွယ်ပါ ဝင်ပါလာ၍ မေနိုင်းမျက်နှာထား စောစောကလောက် မတင်းမာတော့၊ အနည်းငယ် ပြေလျော့သွားသည်။

“သားက သူ့အဖေရဲ့ သားဆိုပေမယ့်၊ စိတ်ဓါတ်ရော အကျင့်ပါ မတူပါဘူးကွယ်၊ ဘယ်တုန်းကမှလည်း နာမည်ပျက်ဆိုတာ မရှိခဲ့ပါ





ဘူးကွယ်”

မေမေနွယ့်စကားကို နားထောင်နေပေမယ့်. . မေနိုင်းမျက်စောင်းတွေက သင်္ဂဟအပေါ်မှာ အယုံအကြည်မရှိသေး။

အဖေ့ခြေရာ နင်းမယ့်သားဆိုတဲ့ အစွဲကြီးက မေနိုင်းအာရုံမှာ ဖျောက်ဖျက်၍ မရသေးတာတော့ သေချာသည်။

“ဪ. . အန်တီ၊ စောစောက. . လိပ်စာလို့ ပြောတယ်နော်၊ တခြားအကြောင်းများ ရှိနေလို့လား”

“ရှိတယ် သမီးရယ်၊ ပြောရမှာလည်း ရှက်ပါတယ်ကွယ်၊ ဒါပေမယ့် မပြောလို့လည်း မဖြစ်ဖူးလေ”

“ဟုတ်ကဲ့. . ပြောပါ အန်တီ”

“ဒီလိုပါကွယ်. . သင်္ဂဟရဲ့အဖေ ဒီညနေပြန်မလာဘူးလေ၊ အန်တီတို့အထင်တော့ မိုးညဆိုတဲ့ ကောင်မလေးဆီများ ရောက်နေသလားလို့ပါ၊ အမှားတွေ အကြီးကြီးမဖြစ်ခင်မှာ မြန်မြန်လိုက်မှ ဖြစ်မယ်ကွယ်၊ သူ့ကို ဒီလိုအမှားမျိုးတွေ ထပ်ပြီးမကျူးလွန်စေချင်တော့ဘူးလေ”

မေမေနွယ့်စကားကြောင့် မေနိုင်းတွေဝေသွားသည်။

နေ့လည်က မိုးည တော်တော်လေး ခံပြင်းဒေါသထွက်ခဲ့ပြီး အရှက်တွေလည်း ကွဲခဲ့တာပဲ၊ ဒီလောက်နဲ့ ဒီလူကြီးကို ပြန်လက်ခံစရာ အကြောင်းမှ မရှိတာ။

“ဟိုလေ. . အရင်ဆုံး သွားမကြည့်ခင် သူရှိမရှိ ဆက်ကြည့်ရင်ရော အန်တီ၊ မေနိုင်းအနေနဲ့ ဆက်တာဆိုတော့ သူ ဖုန်းကိုင်မှာ သေချာပါတယ်”

“အေးပါကွယ် ကောင်းပါပြီ သမီးသဘောပါ၊ ဆက်မယ်ဆိုလည်း ဆက်ကြည့်ပေါ့”

မေနိုင်းဂါဝန်အိတ်ကပ်ထဲက ဖုန်းကိုထုတ်ပြီး မိုးညဆီ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်သည်။ စက်ပိတ်ထားသည်နှင့် တိုးနေသည်။

"စက်ပိတ်ထားတယ် အန်တီ"

"ဟင်. . ဒါ. . ဒါဆို သေချာပါပြီ၊ သူတို့နှစ်ယောက် အတူတူရှိနေလို့ စက်ပိတ်ထားတာ ဖြစ်မယ်၊ သား သင်္ဂဟ ဘာပဲဖြစ်ဖြစ် ပိုပြီးသေချာအောင် လိုက်သွားကြည့်ကြမယ်နော်၊ လာ. . မမတို့ ကားပေါ်မှာစောင့်နေကြတာကြာပြီ၊ သူတို့လည်း စိတ်တွေမောနေလောက်ပြီ"

"ဒါဆို မေနိုင်း လိုက်ပို့ပါ့မယ် အန်တီ"

"အေးကွယ်. . ကျေးဇူးတင်ပါတယ်"

မေနိုင်းမျက်နှာလေးသည် သင်္ဂဟတို့နှင့်အတူ မျှဝေခံစားပေးနေသည့် အမူအရာတွေ ပြည့်နှက်ကာ ဒေါသအရိပ်တို့ ပျက်၍နေတာသိသာ၏။







# အခန်း(၂၅)

"မိုး

ညရေ. . မိုးည"

မှိန်တုတ်တုတ်သာလင်းသော မီးအလင်းရောင်နှင့် အိမ်ကလေးရှေ့မှာ ကားရပ်လိုက်ပြီး ကားပေါ်မှ မေနိုင်း ဆင်းလိုက်သည်။

မေနိုင်းခေါ်သံကို ထူးသံမထွက်လာသေးသဖြင့် မေနိုင်း ခြံထဲဝင်ပြီး ထပ်ခေါ်သည်။

"မိုးည. . မိုးည"

"ဟေ. . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးညအသံ ခတ်အုတ်အုတ် ထွက်လာသည်။

"ဒီမှာ ဧည့်သည်တွေပါတယ်၊ နင့်ကို တွေ့ချင်လို့တဲ့"

အားနာပေမယ့်လည်း ကိုယ်မှလိုက်မပို့လျှင်မဖြစ်၍ မေနိုင်း ခေါ်လာရခြင်း ဖြစ်သည်။

ကားပေါ်မှ အားလုံးဆင်းလာသည်။ မေနိုင်းနား လျှောက်လာကြသည်။ သင်္ဂဟကတော့ မျက်နှာပူ၍ ကားပေါ်မှာ ငုငုကြီးထိုင်ကျန်ရစ်ခဲ့သည်။

မိုးည အိမ်ကလေးထဲမှ ထွက်လာသည်။ မမတင်တို့ကို မြင်တော့ အံ့အားသင့်သွားသည်။

"ဘာ. . ဘာလာလုပ်ကြပြန်တာလဲ၊ အန်တီတို့ ယောက်ျားနဲ့ မိုးည ဘာမှမပတ်သက်တော့ဘူးလေ"

"ဘာမှမပတ်သက်ရင် ငါ့ယောက်ျား အိမ်ကိုပြန်လာရမှာပေါ့၊ ခု လုံးဝကိုပြန်မလာဘူး"

မိုးညကို စွပ်စွဲနေသည်မို့ မိုးည သည်းမခံနိုင်တော့။

"ဒီမှာ ရှင်တို့ယောက်ျားကို အဲဒီလောက် စိတ်မချ ဖြစ်နေရင် တိုင်မှာ ကြိုးနဲ့ချည်ထားပါတော့လား၊ ဘာဖြစ်လို့ သူများအိမ်ကို လာရှာရတာလဲ"

"ရှာရမှာပေါ့၊ ညည်းလေးလို မိန်းကလေးမျိုးက ငွေမက်လို့ တို့များရဲ့ယောက်ျားကို လက်ထပ်တာ အသိသာကြီး၊ ဒီတော့. . လွယ်လွယ်နဲ့ အလွတ်ဘယ်ပေးလိမ့်မလဲ"

"ကြာပါတယ် မမလဲ့ရယ်၊ သူ့ကိုမေးရင်တော့ မရှိဘူးဘဲ ပြောမှာပေါ့၊ လာ. . အထဲတက်ရှာမယ်"

စိတ်မြန်လက်မြန်ဖြင့် နွယ်က အိမ်ပေါ်ကို အရင်ဆုံး တက်သွားသည်။ နွယ်တက်မှတော့ အားလုံးလည်း မနေတော့၊ အိမ်ပေါ်မှာ





ဦးကုလားကို တက်ရှာကြသည်။

"ရှင်တို့ ဦးကုလား ဒီမှာမရှိဘူးလို့ ပြောနေတယ်နော်၊ ပြောမရရင် ပိုင်နက်ကျူးလွန်မှုနဲ့ ရဲစခန်းကိုလှမ်းပြီး ဖုန်းဆက်တိုင်လိုက်မယ်"

ဆွေ့ဆွေ့ခုန်မတတ် ပြောနေသော မိုးညကို မမတင်တို့ မယားအဖွဲ့ ဂရုမစိုက်၊ သူတို့ဂရုစိုက်တာ ဒီအိမ်ထဲမှာ ဦးကုလားရှိမရှိ ဆိုတာပဲ အရေးကြီးသည်။

"ဟင်. . မမမြင့်၊ ဒါ. . ဒါ ခိုင့်ရဲ့ လည်စီးပုဝါလေးပဲ၊ ဒီကို ဘယ်လိုရောက်လာတာလဲ"

အဝတ်တန်းပေါ်တွင် တင်ထားသော လည်စည်းပုဝါကို ဇိုးဇိုးဇတ်ဇတ် လှမ်းယူလိုက်သည်။

"ဟင်. . ဒီမှာ ဒါ ငါတို့သုံးတဲ့ ရေမွှေးပုလင်းမျိုးပဲ၊ အမလေး ဒါ. . ဒါ. . ကိုကိုဝယ်ပေးထားတာတွေပဲ ဖြစ်မယ်၊ သူ့အရည်အချင်းနဲ့ ဒီလေးငါးသောင်းတန်တဲ့ရေမွှေးမျိုး သုံးနိုင်မလား၊ အမလေးဟယ်. . တန်ရာတန်ရာကို မမှန်းဘူး. . တကယ်ပါပဲ"

နွယ်ယူကြည့်နေသော ရေမွှေးပုလင်းကိုမြင်တော့ မိုးည ပြေးဝင်လာသည်။

"ဒီမှာ ရှင်တို့ယောက်ျားကို လာရှာတာလား၊ မိုးည အိမ်ထဲက ပစ္စည်းတွေကို ခိုးဖို့လာကြတာလားဟမ်၊ ရှင်တို့ သားသမီးချင်း ကိုယ်ချင်းစာကြပါ၊ ကိုယ်လက်ထပ်မယ့်ယောက်ျားမှာ မိန်းမခုနစ်ယောက်တောင် ရှိနေပါလားဆိုတာ သိလိုက်ရတဲ့ မိုးညရဲ့ ခံစားချက်ကို နည်းနည်းလေးမှကို ကိုယ်ချင်းမစာကြဘူးလား၊ ဟင်. . ပြောကြပါဦး၊ အီး. . ဟီး. . ဟီး. . ဟီး"

အသံကုန် ဟစ်ပြောရင်းဖြင့် မိုးည တဟီးဟီးဖြင့် ငိုချလိုက်သည်။

www.burmeseclassic.com



ရုတ်တရက်ကြီး ပြကနဲ ငိုချလိုက်သော မိုးည၏ ငိုသံကြောင့် အားလုံး ကြောင်စီစီတွေ ဖြစ်ကုန်ကြသည်။

“အယ်. . ဟော့. . ဟော့. . ညည်းကို ငါတို့ ဘာလုပ်နေလို့ အဲ လောက်ငိုနေရတာလဲ၊ ဆံပင်ဆွဲပြီး ပါးရိုက်နေလို့လား. . . ဟမ်”

မမခိုင် ကက်ကက်လန်အောင် ရန်တွေ့သည်။

“အမလေး အဲလိုရိုက်လိုက်တာကမှ ခံသာပါတယ်၊ ခုတော့ အိမ်ပေါ်တက်ပြီး စုံထောက်တွေလို ဟိုလှန်ဒီမွှေနဲ့ သက်သက်မဲ့ သိက္ခာ လာချနေတယ်၊ သွား. . ရှင်တို့ရဲ့ယောက်ျားကြီးက ဒီမှာမရှိဘူး၊ သွား ကြ. . သွားကြ”

မိုးည အတင်းအော်ထုတ်သည်။

အိမ်ကလေးထဲမှ အော်သံဟစ်သံတွေကြောင့် မေနိုင်းနှင့်သင်္ဂ ဟ အိမ်လေးပေါ် အပြေးတက်ခဲ့ကြသည်။

“မေမေတို့ ဘာဖြစ်တာလဲ”

“အန်တီ ဦးမရှိဘူးဆိုရင် ပြန်ကြရအောင်နော်”

ခိုင်နှင့်လှဲ့ကို မေနိုင်းက ဆွဲသည်။ သင်္ဂဟ မမတင်နှင့် တခြား အမေတွေကို ဆွဲသည်။

“မေမေတို့ ပြန်ကြရအောင်ဗျာ၊ ဖေကြီးလည်း ရှိတာမှမဟုတ် တာ၊ သူများနေရာမှာ မကောင်းပါဘူးနော်၊ လာ. . လာ ပြန်ကြမယ်”

“ဒီမှာ တို့ကလည်း မင်းလို မလောက်လေး မလောက်စားက လေးမလေးဆီကို အချိန်ကုန်ခံပြီး မလာချင်ပါဘူး၊ တို့ယောက်ျား ခုထိ ပြန်မလာလို့ လိုက်လာတာ”

“လိုက်ရှာချင်ရင် တခြားမှာလိုက်ရှာပြီး တွေ့တာနဲ့. . ခုနစ် ယောက်စလုံး ခုနစ်ပုံပုံပြီး ကော်နဲ့ကပ်ထားကြ. . ဒီကိုလာပြီး မပတ် သက်နဲ့၊ မိန်းမခုနစ်ယောက်ရှိတဲ့ အဘိုးကြီးဆိုတာ စောစောကတည်းက





မသိလို့ ခုသိတော့ ကိုယ့်ကိုယ်ကိုယ် သတ်တောင်ပစ်ချင်နေတာ၊ ဟွန်း ဒီအဘွားကြီး ခုနစ်ယောက်နဲ့မှ မယားပြိုင် ဖြစ်လာရတယ်လို့. . ဝေါ့ တွေးကြည့်ရင် အော်ကလီဆန်တယ်”

မိုးည မထူးတော့ပြီမို့ ကိုယ်နိုင်ရာကို ဇွတ်တင်တော့သည်။

မိုးည စကားကြောင့် အားလုံး ဆွေ့ဆွေ့ခုန်ကာ ဒေါသတွေ အထွင့်အထိပ် ထွက်ကုန်ကြသည်။

“ဘာ. . ဘာပြောတယ်၊ အမလေး စော်ကားလိုက်တာ”

“လင်ခိုးမလေး ငါတို့ကသာ ညည်းလေးကို အော်ဂလီဆန်ရ မှာဟဲ့”

“မိုးညက မသိလို့ ခိုးမိသလိုဖြစ်သွားတာ၊ ခုတော့ အလကား ပေးရင်တောင် အိမ်မှာ မိုးညရဲ့လုံချည်တောင် မလျှော်နိုင်ဘူး ရှင်းလား အဲဒီလို ပြောကြစတမ်းဆို ရှင်ကြီးတို့လည်း တစ်ယောက်လင်ကို တစ် ယောက်ခိုးနေတဲ့ လင်ခိုးမအကြီးစားတွေ၊ ဟွန်း လောကမှာ ယောက်ျား ရှားကြလို့ထင်တယ်၊ တစ်ယောက်ထဲကို မျှပေါင်းနေကြတယ်”

“အမလေး အောက်တန်းစားမလေး”

“ငါတို့ယောက်ျားကို မရမှန်းသိလို့ ခုလိုတွေ ပြောနေတာ မ ဟုတ်လား၊ မစားရတဲ့အမဲ သဲနဲ့ပက်နေတာ”

သင်္ဂဟ မနေသာတော့ ငယ်ကျိုးငယ်နာဖော်ကာ သူနိုင်ကိုယ် နိုင် ပြောနေကြသော အမေတွေနှင့် မိုးည၏ စကားတွေက ချစ်သူမေ နိုင်းရှေ့မှာ ခေါင်းမဖော်ဝံ့တော့. . .

“တော်ကြပါတော့၊ တော်ကြပါတော့. . မေမေတို့ရာ ဘာတွေ ပြောနေကြမှန်း မသိဘူး၊ သား ရှက်တယ်ဗျ”

သင်္ဂဟ ရှက်လွန်း၍ အားလုံးကို အော်ပစ်လိုက်သည်။

အမေတွေအားလုံး သင်္ဂဟကို မျက်လုံး ပေကလပ်ပေကလပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တအံ့တသြ လှည့်ကြည့်ကြသည်။

သင်္ဂဟ အိမ်ကလေး လှုပ်ခါယမ်းမတတ် ဒေါသတကြီးဖြင့် ဆင်းသွားသည်။







# အခန်း(၂၆)

"ဖေဖော ကကြီး မှန်မှန်ပြောစမ်း၊ ငါ ဘာကောင်လဲ ငါ ဘာကောင်လဲ"

ကန်ရေပြင်ဘေးမှာ ကားရပ်ပြီး လရောင်တွေ ဖျတ်ဖျတ်လူး နေသော ရေပြင်ကို အမိပွါယ်မဲ့ငေးကြည့်ပြီး အရူးတစ်ယောက်လို အော်ဟစ်၍ မေးလိုက်သည်။

ကန်ရေပြင်ဘက်မှ လေတစ်ချက် ဝှေ့ခနဲတိုက်ခတ်လာသည်။ ညဥ့်သည် ပို၍ပို၍ နက်ရှိုင်းလာသည်။ အိမ်ပြန်ဖို့. . အဲ. . အိမ်တွေကို ပြန်ဖို့ ကားကိုဦးလှည့်လိုက်တိုင်း အိမ်တွေကိုယ်စီမှာ ရှိနေသည့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် သားသမီးတွေကို ဘယ်လိုမျက်နှာနှင့် ကြည့်ရမလဲ။

ဒီနေ့လုပ်ရပ်က သူခိုးလူမိ ဖြစ်ခဲ့တာကိုး၊ ကလေးရှက်တော့ငို လူကြီးရှက်တော့ရယ်ဆိုသလို . . ကိုယ့်အခြေအနေက ငို၍ရယ်၍ မရသော အခြေအနေမျိုး ဖြစ်နေခဲ့တာ ကိုယ်အလျှင်အသိဆုံး။

လုပ်ခဲ့မိသမျှအမှားတွေထဲမှာ ဒီအမှားကိုပဲ အမှားဟု မြင်ခဲ့မိ၍ မျက်နှာတောင် မပြဝံ့တော့။ ထို့ကြောင့်သာ ဘီယာကို အဖော်ပြုပြီး ဒီလိုနေရာကို တစ်ယောက်ထဲထွက်လာခဲ့မိခြင်း ဖြစ်သည်။

"သူများတွေအမြင်မှာ ငါက ကိုယ်ကျင့်တရား မကောင်းသူ ဖြစ်နေရတယ်၊ အေ့ . . ဟုတ်တယ်၊ ငါက တော်တော်လောဘတက်တာပဲ၊ တစ်ချို့က . . အေ့ . . ငွေကို လောဘကြီးတယ်၊ တစ်ချို့က ပညာကို လောဘကြီးတယ်၊ တစ်ချို့က စည်းစိမ်ဥစ္စာ၊ တစ်ချို့က ရာထူး၊ ငါက ငါကရော ဒါတွေအားလုံးထက် မိန်းမအယူ လောဘကြီးတာ . . ဟား ဟား . . ဟား . . ဟား၊ ငါက မိန်းမလောဘကြီးတာ၊ လောဘကြီးတော့ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် လက်ထပ်တယ်၊ ငါ သူတို့တွေကို ရှာကျွေးနိုင်တယ်၊ လူတန်းစေ့ ထားနိုင်တယ်အေ့၊ ဒါပေမယ့် ကိုယ်ကျင့်တရား မကောင်းဘူးတဲ့"

ကန်ရေပြင်ဘေးမှ တစ်ယောက်ထဲ စကားတွေ တတွတ်တွတ် ပြောနေ၏။ လူကလည်း တော်တော်ကိုမူးနေပြီ၊ ခေါင်းပင် သိပ်မဖော်နိုင်တော့။

"ဟေ့လူ ခင်ဗျား၊ ဒီမှာ ဘာလုပ်နေတာလဲ . . ပြန်လေ"

လုံခြုံရေးတစ်ယောက် အနားရောက်လာပြီး ပြန်ဖို့ပြောသည်။ ဦးကုလား ခပ်မဲ့မဲ့ ရယ်လိုက်သည်။ ဖွင့်ဖို့ပင် အားမရှိတော့သော မျက်လုံးကို ခပ်ရေးရေး ဖွင့်ကြည့်သည်။

ဓါတ်မီးတိုင်အလင်းက ခပ်ရေးရေးမို့ ထိုလူကိုလည်း ခပ်ရေး





ရေးသာ မြင်ရသည်။

"ဘယ်ကို ပြန်ရမလဲ . . အေ့"

ထိုလုံခြုံရေး ခေါင်းကုတ်လိုက်ပြီး အူကြောင်ကြောင်ကြည့်ပြီး

"ခင်ဗျားအိမ်ကိုပေါ့ဗျ"

"အဟတ် အိမ်ကိုဟုတ်လား၊ ဟား . . ဟား . . ဟား၊ အိမ်က အများကြီး . . မိန်းမကလည်း အများကြီး၊ ဘယ်အိမ်ကို ပြန်ရမလဲ"

"ဟာ ဒီလူ ခင်ဗျားပြန်ချင်တဲ့အိမ်ကို ပြန်ပေါ့ဗျ၊ ဒီမှာနေလို့ မရဘူး၊ ပန်းခြံပိတ်တော့မယ်"

"ပိတ်တယ် . . ဟုတ်လား၊ အေ့ ဘာပိတ်တာလဲ"

"ပန်းခြံလေ ပန်းခြံ"

"ခင်ဗျား ပိတ်ရတာလား"

"ဟုတ်တယ်"

"ဒါဆို ကျုပ်ကိုလည်း ပိတ်ပေး"

ဦးကုလားစကားကြောင့် လုံခြုံရေး ခေါင်းကုတ်လိုက်သည်။

"ဟာ . . ဒီလူ ဘာတွေ ပြောနေတာလဲ၊ ခင်ဗျားကို ဘာပိတ်ပေးရမှာလဲ"

"နှလုံးသားတံခါး"

"အယ် . . ခင် . . ခင်ဗျားနော်၊ ကျုပ်က လုံခြုံရေး ဆိုပေမယ့် သိက္ခာနဲ့ ကိုယ်ကျင့်တရားကို အလေးထားတယ်၊ ယောကျာ်းအချင်းချင်း ဇယားလာမချနဲ့၊ ဒါမျိုး ဝါသနာမပါဘူး"

လုံခြုံရေး တလွဲတွေးပြီး ဆတ်ဆတ်ခါသွားသည်။ မျက်နှာလဲ တော်တော်ပျက်သွားပုံရသည်။

"ခင်ဗျားက ပိတ်တဲ့လူဆို၊ ကျုပ် နှလုံးသားကိုလည်း ကျေးဇူးပြုပြီး ပိတ်ပေးပါ၊ ရင်ခုန်သံတွေက အမြဲလတ်ဆတ်နေတာလေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ကိုယ်ကျင့်တရားမကောင်းတဲ့ သူလို့ ပြောခံနေရတာ၊ လုပ်ပါ ကူပါဦးနော်”

ဦးကုလား လုံခြုံရေးလက်ကို လှမ်းဆွဲသည်။

“ဟာ. . ဘာလဲဟ၊ ခင်ဗျား နှစ်ဖက်ချွန်တိုင်း ကျုပ်ကို မချွန်ခိုင်းနဲ့၊ ဒါမျိုး ဝါသနာမပါဘူး၊ ဟင်း. . မိန်းမတောင် ယူရသေးတာ မဟုတ်ဘူး”

“မိန်းမ ဟုတ်လား၊ အဟတ်. . ယူမလား၊ ကျုပ်မှာ မိန်းမပေါ်တယ်၊ ခင်ဗျားကို မျှပေးမယ်၊ အေ့. . လုပ်ပါ၊ ကျုပ် ရင်ခုန်သံတွေရပ်အောင် လုပ်ပေးစမ်းပါ”

“ဟာ. . ဟေ့လူ ကျုပ်. . ကျုပ် အော်လိုက်မှာနော်၊ ဟင့်. . တကယ်ပဲ စိတ်ဆင်းရဲတယ်၊ လူကို အညှန့်ချိုးနေတာလား”

လုံခြုံရေး တော်တော်လေး စိတ်ပျက်နေသည်။ ဦးကုလားနေရာမှာ မိန်းကလေးတစ်ယောက်သာ ဖြစ်လိုက်တော့၊ ထိုသို့ဆိုလျှင် ကြာသလားလို့ ရင်ခုန်သံတွေကို ငြိမ့်ငြိမ့်လေးစီးမျောအောင် အစွမ်းကုန်ကို ပြုစုပေးလိုက်မှာ. . .

ဦးကုလားကိုကြည့်ပြီး လုံခြုံရေး တော်တော် စိတ်ပျက်နေသည်။

“ဟေး. . ဒါ ဘာဖြစ်တာလဲ”

အမျိုးသမီးတစ်ယောက်ဟု ထင်ရလောက်အောင်လှသော အခြောက်မတစ်ယောက် လုံခြုံရေးနားသို့ ခပ်နွဲ့နွဲ့ လျှောက်လာသည်။

“ဒီမှာဗျာ၊ ကျုပ်ကို မူးပြီးရစ်နေတယ်၊ ခင်ဗျား အသိလား၊ ခေါ်သွားပါဗျာ၊ ပန်းခြံ ပိတ်တော့မယ်ဗျ”

“အဲဒါ ချယ့်အသိပါ၊ ချယ် ခေါ်သွားလိုက်ပါ့မယ်”

“ဟောဟိုမှာ သူ့ကား၊ ခင်ဗျား ကားမောင်းတတ်သလား”





“အင်း. . မောင်းတတ်တယ်၊ ချယ့်ကားကိုတော့ ဟော့ဟိုက စားသောက်ဆိုင်ရှေ့မှာ ရပ်ခဲ့တယ်၊ မနက်မှ လာပြန်ယူလိုက်မယ်နော်”

“ရတယ်. . ကြိုက်တဲ့အချိန်လာယူ၊ ခုလောလောဆယ်တော့ ဒါကြီးကို ခေါ်သွားပါဗျာ”

“အဟင်း ခေါ်သွားရမှာပေ့ါ ရှင်ကလည်း. . ဒါပေမယ့် ချယ်တစ်ယောက်ထဲ မနိုင်ဘူး၊ ရှင်ပါကူမှ ရမှယ်လေ”

“ရတယ်. . ကျုပ်ကူမယ်”

ဦးကုလားကို လုံခြုံရေးပါ ဝိုင်းကူပြီး သူ့ကားနောက်ခန်းထဲ ထည့်လိုက်သည်။

“ငါ. . ငါ အိမ်မပြန်ဘူးနော်၊ မပြန်ဘူး. . အေ့. . ”

ပြောရင်းဖြင့် ဦးကုလား ဆိုဖာခုံပေါ်မှာ ဆန့်ဆန့်ကြီး မှောက်သွားသည်။ ချယ်ရီမောင်မောင် ပြုံးလိုက်သည်။ ကားကို ကန်တော်ကြီးထဲမှ ခတ်ဖြည်းဖြည်း မောင်းထွက်ခဲ့လိုက်သည်။

“ဒီတစ်ညတော့ ရှင်. . ချယ့်လက်ထဲမှာ ယုန်သူငယ်လေး ဖြစ်ဦးတော့မှာပေ့ါ၊ ချယ့်ကို အရှက်ခွဲခဲ့သလို ရှင့်ကိုလည်း ချယ် အရှက်ပြန်ခွဲရမယ်”

ချယ်ရီမောင်မောင် ကားမောင်းရင်းမှ တစ်ယောက်ထဲ ကျိန်းဝါးလိုက်သည်။

တစ်ချိန်က ဦးကုလား ပြောခဲ့ဖူးသည့် “အခြောက်မတွေနဲ့ ပတ်သက်မဲ့အစား တိရိစ္ဆာန်ရုံက မျောက်မတစ်ကောင်ခေါ်ပြီး ပတ်သက်လိုက်ရတာကမှ ဂုဏ်သိက္ခာရှိတယ်”ဟု ပြောခဲ့သော စကားသည် ချယ်ရီမောင်မောင်၏ ရင်ထဲမှာ ဆူးတစ်ဆူးအဖြစ် နစ်ဝင်နေခဲ့တာ ကြာပြီပဲ။

ခုတော့ ဒီဆူးကို ထုတ်ပစ်ဖို့ အချိန်တန်လာ၍ ချယ်ပိုတိုက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဆိုင် လဲကွဲနေသည့် ဦးကုလားကို တွေ့လိုက်ရခြင်း ဖြစ်သည်။

မိန်းမတွေမှာပဲ အချစ်တွေရှိတာမှ မဟုတ်တာ၊ မိန်းမစိတ်ဝင်နေသည့် ချယ်ရီမောင်မောင်တို့လို လူတန်းစားမျိုးတွေမှာလည်း အချစ်ရှိတာပဲ။

ချယ်ရီမောင်မောင် သူ့အစွမ်းအစ ဘယ်လောက်ရှိသလဲ ဆိုတာကို သက်သေပြရမှာမို့ ဒီတစ်ခါတော့ ဦးကုလား မိန်းမတွေလည်း ငုတ်တုတ်မေ့ဖို့သာ ပြင်ထားပေတော့။

ချယ်ရီမောင်မောင် ကားမောင်းရင်း တဟားဟား အော်ရယ်လိုက်သည်။

နောက်ခန်းမှာတော့ ဦးကုလား ရေချိန်လွန်ကဲ ဘာမှမသိတော့။







# အခန်း(၂၇)

"ဒါတို့ ဘယ်လိုလုပ်ကြမလဲ ခိုင်ရေ၊ နှင်းကလည်း ကလေးမွေးဖို့ ဗိုက်က သရိုးသရီ ဖြစ်နေပြီ၊ ခုချိန်ထိ ကိုကုလားကို ရှာမတွေ့ဘူး၊ ဖုန်းဆက်တော့လည်း ဆက်သွယ်မှု ဧရိယာပြင်ပနဲ့ပဲ တိုးတယ်"

နှင်းကလွဲပြီး ကျန်သည့်ခြောက်ယောက်မှာ ဦးကုလားကို ရှာမတွေ့သည့်ကိစ္စဖြင့် ခေါင်းချင်းဆိုင်နေကြသည်။

ကလေးတွေကိုလည်း ဦးကုလားနှင့် ပတ်သက်ဖူးသည့် မိန်းမကလေးတွေဆီ ဖုန်းဆက်စုံစမ်းခိုင်းကြည့်သည်။ အခြေအနေ ဘာမှမ



www.burmeseclassic.com

www.burmeseclassic.com



ထူးခြား။

"မြင့်တို့ကို စိတ်ဆိုးသွားပြီလား မသိပါဘူး မမခိုင်ရယ်"

"စိတ်ဆိုးတာထက် ရှက်သွားတာဖြစ်မယ်"

ခိုင့်စကားကြောင့် နွယ်မဲ့လိုက်ပြီး. . .

"သူက ရှက်မလား မမခိုင်ရယ်၊ ဟွန်း. . သူက ဖြစ်နိုင်ရင်လေ လောကကြီးထဲမှာရှိသမျှ မိန်းမမှန်သမျှ သူ့မယားလုပ်ချင်နေတဲ့ လူစားမျိုး၊ သူ့ကြောင့် သင်္ဂဟ ဘယ်လောက်စိတ်ဆင်းရဲသွားသလဲ"

"မေမေ ဖေကြီးက ဟိုမိန်းမကို လက်မထပ်ရလို့ တရားပေါက်ပြီး ရိပ်သာများ ဝင်သွားလား"








လဲ့၏သမီးငယ် ပြောလိုက်သောစကားကြောင့် အမေအားလုံး ပြိုင်တူ မဲ့လိုက်ကြပြီး. . .

"သမီးအဖေက နောင်ဆယ်ဘဝရှိရင်တောင် တရားနဲ့ အဝေးကြီးနေမယ့် လူစားမျိုးပါကွယ်၊ မေမေ့အထင်တော့ မေမေတို့ကြောင့် သူ့လက်ထပ်ပွဲ ပျက်ရတယ်ဆိုပြီး စိတ်ဆိုးသွားတာ ဖြစ်မယ်"

"အိမ်ပြန်မလာပေမယ့် အလုပ်ကိုတော့ သွားမှာပေါ့"

သားသမီးတွေပါ ဘယ်သူမှ ရတက်မအေးကြ။

"ဟော. . ရပြီ၊ ရပြီ ဖုန်းဝင်သွားပြီ"

သင်း ဖုန်းခေါ်နေရင်းမှ လိုင်းဝင်သွား၍ ဝမ်းသာအားရ လှည့်ပြောသည်။

အားလုံး သင်းဆီသို့ အာရုံစိုက်သွားကြသည်။

"ဟဲလို. . ကို. . ဟဲလို"

"သင်း စပီကာဖွင့်စမ်း"

မမတင် စကားကြောင့် သင်းဖုန်းခေါ်နေရင်းမှ စပီကာကိုဖွင့်လိုက်သည်။

"ဟဲလို"

ချွဲပစ်ပစ်အသံတစ်သံ ဖုန်းထဲမှထွက်ပေါ်လာ၍ အားလုံး တအံ့တဩဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက် အလန့်တကြား ကြည့်လိုက်ကြသည်။

"ဘယ်. . ဘယ်သူကြီးလဲ မသိဘူး"

ခပ်တိုးတိုးပြောကြရင်း. . .

"ဟဲလို ဒါဦးကုလားဖုန်းပါ၊ မင်းက ဘယ်သူလဲ၊ ဘာကြောင့် ဦးကုလားဖုန်းက မင်းလက်ထဲ ရှိနေရတာလဲ"

မေးခွန်းတွေ တရစပ်မေးပြီးသည့်အဆုံး တစ်ဖက်မှ ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသည်။

"ဟော့ ဘာရယ်တာလဲ၊ ငါပြောတဲ့အထဲမှာ ရယ်စရာမပါဘူး ဘယ်မှာလဲ ငါ့ယောက်ျား"

သင်း စိတ်မရှည်တော့၍ အော်လိုက်သည်။

"အို ဘယ့်နှယ်. . လူကို ဘလိုင်းကြီး လာအော်နေရတာလဲရှင့် ကိုကုလားက အိပ်တုန်း၊ ညက သူနဲ့ကျွန်မ ပျော်ရွှင်ပြီး ခု မိုးလင်းမှ အိပ်ပျော်သွားတာ၊ အခု သူ ကျွန်မကုတင်ပေါ်မှာ"

"ဘာ. ."

"ဟဲ့. . ပလုတ်တုတ်"

သင်း ဝုန်းခနဲ ထရပ်လိုက်၍ အနားမှာထိုင်နေသော မမတင် လန့်ပြီး ထအော်သည်။

"နင်. . နင် ဘယ်သူလဲ"

"ချယ်ရီမောင်မောင်"

"ဘာ. . အ. . အခြောက်မ၊ ကိုကုလားက အခြောက်မဆီ ဘယ်လိုရောက်နေတာလဲ"

"သူလား. . စိတ်ညစ်လို့တဲ့ တို့နဲ့ စိတ်လာဖြေတာ"

"ဘာ. . မဟုတ်တာမပြောနဲ့၊ အခု ဘယ်မှာလဲ ငါတို့ ခုပဲလာခဲ့မယ်"

"ဟယ်. . အသံကြီးက ကြောက်စရာကြီးပါလား၊ ခိ. . ခိ. . လာလေ မယားတွေ အကုန်လာမှာလား"

"ငါတို့ဘာသာ ဘယ်နှစ်ယောက်လာလာ နင့်အပူမပါဘူး၊ ငါ့ယောက်ျားကို နင်ခေါ်ထားရအောင် နင်လည်း ယောက်ျားပဲလေ"

"အို သူများကို အဲလိုမပြောနဲ့၊ သူများက ဖြတ်ဖောက်ချုပ်"

အားလုံး မျက်လုံးပြူးသွားကြသည်။





"ယုံဘူးလား၊ မယုံရင်လာခဲ့၊ မှတ်တမ်းတင်ရိုက်ထားတဲ့ အခွေ ထိုးပြမယ်၊ ဒါပဲနော်. . ချယ်က ရှစ်ယောက်မြောက် မယားထွေးလေးပဲ"

"အဲဒီမှာလဲသေလိုက်စမ်း၊ ငါ့ယောက်ျားကို ခုနစ်ကြိမ်ပဲ အမှား ခံတော့မယ်၊ ရှစ်ကြိမ်မြောက်အမှားကို ဘယ်တော့မှ မကျူးလွန်စေရ ဘူး"

သင်း. . အသံကုန်ဟစ်လိုက်သည်။

ဖုန်းကို ခပ်ဆောင့်ဆောင့်ပိတ်ပြီး ဒေါသတွေ အလိပ်လိုက် ထွက်နေသော မျက်နှာကြီးဖြင့်. . .

"မမတင်. . ဒီ. . ဒီလူ အခြောက်မကိုတောင် အလွတ်မပေး တော့ဘူး၊ သင်း ရှက်တယ်၊ ကလေးတွေသာသိရင် ဒင်းကို အရမ်းမုန်း သွားကြတော့မယ်"

"အခု သူက ဘယ်မှာလဲ"

"ချယ်ရီမောင်မောင့် ကုတင်ပေါ်ရောက်နေတယ်၊ အိပ်တုန်း တဲ့"

"ဘာ. . လာ. . လိုက်သွားကြရအောင်"

"အိမ်သိလို့လား"

"မြင့်သိတယ်၊ ဇီဝဇိုးလမ်းထဲမှာနေတယ်"

"ဒါဆို ခုပဲလိုက်ကြရအောင်၊ ဒီလူ တော်တော်လေး တရား လွန်နေပြီ"

အားလုံး ဒေါသတွေ စလွယ်သိုင်းကာ ကားတစ်စီးဖြင့် ဒုန်း ဆိုင်းထွက်လာခဲ့ကြ၏။

ဦးကုလား ခြေငြိမ်သွားအောင် ဘယ်လိုလုပ်ရပါ့။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

ချယ်ရီမောင်မောင် အိမ်ရှေ့သို့ ရောက်သည်နှင့် ကားကို ကျွိခနဲ ထိုးရပ်လိုက်သည်။

ကားပေါ်မှ အားလုံးဆင်းလာကြသည်။ ပုံစံတွေက တကယ့်ဖိုက်တာ ပုံစံတွေမို့ တော်ရုံတန်ရုံ မြင်တာနှင့်ပင် လန့်စရာ။

သံဘာဂျာတံခါး ဂျိန်းခနဲ ပွင့်လာသည်။

"မင်္ဂလာပါ စီနီယာမမတို့၊ လာ. . ဝင်ကြပါ၊ ကိုကိုကတော့ တခွီးခွီးနဲ့အိပ်တုန်း. . ဟင်း. . ဟင်း. . ဟင်း"





ထုရိုက်ပစ်ချင်စရာကောင်းသော **ချယ်ရီမောင်မောင်တို့ အာ**စိမ်းလိုက် ဝါးစားချင်သော အကြည့်တွေဖြင့်ကြည့်ရင်း **ချယ်ရီမောင်**မောင့်ကိုယ်ကို တိုက်ပြီး ခြောက်ယောက်စလုံး အိမ်ထဲဝင်ခဲ့လိုက်ကြသည်။

"ဘယ်မှာလဲ ငါတို့ ယောကျ်ား"

"မမတို့ ယောကျ်ားလား ရှိပါတယ်၊ သူ တစ်ကယ်ဆိုးတယ်သိလား၊ မမတို့နဲ့လည်း ဒီလိုပဲလားဟင်၊ ခစ်. . ခစ်. . ခစ်"

"ဘာ. . ဘာဆိုးတာတုန်း"

"အရက်မူးရင်း သွေးဆိုးတာကို ပြောတာပေါ့လို့၊ ညကဆိုရင်လေ သူ့စိတ်တိုင်းကျ ပြုစုပေးနေရတာနဲ့ ချယ်လဲ တစ်စက်မှ မအိပ်ရပါဘူး မမတို့ရယ်"

အခြောက်တို့၏ အမူအယာအတိုင်း ယိမ်းလိုက်၊ မဲ့လိုက်၊ နွဲ့လိုက်၊ ပြုံးလိုက်နှင့် ရယ်စရာကောင်းချင်ပေမယ့် မယားပြိုင်ဆိုသော အမြင်နှင့် ထုရိုက်ပစ်ချင်စရာ ကောင်းသေးတော့၏။

"ဟဲ့. . အခြောက်မ အပိုတွေမပြောနဲ့၊ နင့်ကို ငါတို့က နံပါတ်ရှစ်မယားအဖြစ် အသိအမှတ် မပြုနိုင်ဘူး"

"ဟယ်. . အဲလိုတော့ မခေါက်နဲ့လေ၊ ရှင်တို့ရဲ့ ယောကျ်ားကြီးကချယ့်ကို ခြေတော်တင်ပြီးပြီ၊ ချယ့်ဘဝက ကျိုးသွားပြီ၊ အညွန့်ကိုပြောပါတယ်၊ ချယ့်ကို တရားဝင် မယူဘူးဆိုရင်တော့ တရားစွဲမယ်၊ ဟစ်တိုင်တက်ပစ်မယ်"

"ဟဲ့. . တရားဝင်ယူရအောင် နင်က ယောကျ်ားလေ"

"အို. . ဟင့်အင်း၊ ချယ်ယောကျ်ားမဟုတ်ဘူး. . ဖြတ်ဖောက်ချုပ်. . ဖြတ်ဖောက်ချုပ်ပါဆို"

အားမလိုအားမရဖြစ်နေသော ချယ်ရီမောင်မောင့်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ဒေါသတွေ ဂလုခနဲ မျိုချလိုက်ကြသည်။

ဒီအိမ်က ချယ်ရီမောင်မောင်၏ အိမ်ပိုင်နက်ထဲမှာမို့ လိုတာ ထက်ပိုပြီး ပွဲကြမ်း၍မရ၊ စခန်းကို ဖုန်းဆက်ပြီး ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲလျှင် ဦးကုလားနှင့် မယားခြောက်ယောက် တန်းစီပြီး အချုပ် ခန်းထဲ ရောက်နေလျှင် ကမ္ဘာပင်ကျော်သွားနိုင်သည်မို့ ဒေါသကို မျိုချ ကြဖို့ တစ်ယောက်ကိုတစ်ယောက် အချက်ပေးလိုက်ကြသည်။

“ကဲ. . ငါတို့ကို ကိုကုလားရှိတဲ့အခန်းကိုပြ”

“လာလေ. . ချယ့်အခန်းထဲ သွားကြမယ်”

အားလုံးကို ချယ်ရီမောင်မောင် ဦးဆောင်ပြီး ဦးကုလား အိပ် မောကျနေသော အခန်းထဲသို့ ခေါ်လာလိုက်သည်။

“အမလေး. .”

“ဟင်. .”

“ဟော့တော်”

“ဘုရား. . ဘုရား. . ညက ဒီ. . ဒီလောက်တောင် ကဲထားကြ သတဲ့လား”

“ဒီလူ အရမ်းတရားလွန်တာပဲ၊ အခြောက်လည်း အလွတ်မ ပေးတော့ပါလား မမတင်ရယ်၊ နွယ် ရှက်လိုက်တာ”

“အရှက်တရား မရှိတဲ့လူ”

“တစ်ခါထဲ အဆိပ်ကျွေးသတ်ပစ်လိုက်ရင်တော့ ဒီလူ မိန်းမရှုပ် တဲ့ကိစ္စတွေ ငြိမ်းမယ်ထင်တယ်”

ခုတင်ထက်တွင် တခွီးခွီး တခေါခေါဖြင့် သံစုံကြူးကာ မှောက်ခုံ ကြီး အိပ်မောကျနေသော ဦးကုလားကိုကြည့်ပြီး ညက ဘယ်လောက် ကဲထားသလဲဆိုတာ ခန့်မှန်းကြည့်နိုင်သည်မို့ အားလုံး၏ရင်မှာ အူနု ကျွဲခတ်ကာ ဦးကုလားကို အမုန်းကြီးတ်ပစ်ချင်လောက်အောင်ကို ဒေါသ





ထွက်နေကြသည်။

“ကဲ. . မမတို့ အပြင်ခဏ ထွက်ပေးကြပါလား၊ ကိုကို့ကို ချယ်နှိုးလိုက်မယ်လေ၊ ဒီပုံစံကြီးနဲ့ သူနိုးလာရင် မမတို့ကို သူရင်ဆိုင်ရ ခက်နေမှာပေါ့၊ အဟင်း ဖြေးဖြေးလေးနဲ့နှိုးမှ ကိုကို့အာရုံတွေ ကြည်လင် လန်းဆန်းလာမှာ. . .

အညှုလွန်နေသော ချယ်ရီမောင့်မောင့်ကိုကြည့်ပြီး မိတ်ကပ် နိုင်းချင်းလိမ်းထားသော မျက်နှာကို စိတ်ရှိလက်ရှိ ကုတ်ဖဲ့ပစ်ချင်ကြ တာပါ။

ဦးကုလားကတော့ တခွီးခွီးနှင့် အိပ်၍ကောင်းတုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"မောင်ကုလား. . မင်းကို မိန်းမတွေ စောင့်နေကြ တယ်၊ မြန်မြန်ထ. . မြန်မြန်ထ"

လူမမြင်ရပဲ အသံသာကြားရသည်မို့ ဦးကုလား အိပ်နေရာမှ ကုန်ရုန်းထလိုက်သည်။ ဘေးဘီဝဲယာကိုကြည့်တော့ ဘယ်သူမှ ရှိမနေ ကိုယ်ကိုယ်တိုင် ဘယ်နေရာရောက်နေမှန်းမသိ၊ ယခုပြောနေတာ ဘယ် သူလဲ၊ ဘယ်က အသံတွေ ထွက်နေတာလဲ။

"ဘယ်. . ဘယ်သူလဲ"





"ငါက မင်းရဲ့ကိုယ်စောင့်နတ်ပေါ့ကွ၊ မင်းက မိန်းမတွေနဲ့ပဲ ပျော်မွေ့ချင်နေတဲ့သူဆိုတော့ မသေမချင်း မင်းစိတ်ကြိုက် ပျော်မွေ့ရ အောင် မင်းအတွက် ပျော်စရာတွေ ဖန်တီးထားတယ်"

"ဗျာ. . ခင်ဗျားက ကျုပ်ရဲ့ကိုယ်စောင့်နတ် ဟုတ်လား"

"ဟုတ်တယ် မင်း မသေမချင်း ဒီမိန်းမတွေနဲ့ ပျော်ပါးရမယ်၊ ဟိုးရှေ့ကို ကြည့်လိုက်စမ်း၊ အဲဒါတွေက မင်း ပေါင်းသင်းရမယ့် မိန်းမ တွေပဲကွ"

အသံရှင် ကိုယ်စောင့်နတ် ညွှန်ပြရာသို့ မျှော်ကြည့်လိုက်သည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် နောက်သို့ပင် အလန့်တကြားဖြင့် ခြေတစ်လှမ်း ဆုတ်မိသွားသည်။

"မိန်း. . မိန်းမတွေ မနည်းပါလား"

"ဟား. . ဟား. . ဟား. . မင်းအကြိုက်လေ၊ ဘယ့်နှယ်လဲ သ ဘောကျတယ် မဟုတ်လား"

"ဗျာ. ."

ညို့နေအောင်ကို များပြားလှသော မိန်းမတွေက ဦးကုလား ပေါင်းသင်းရမည့် မိန်းမတွေဆိုပဲ. . .

"ဘုရား. . ဘုရား"

တိုင်းပြည်တစ်ပြည်လောက် ထူထောင်လို့ရမည့် မိန်းမထုကြီး ကိုကြည့်ပြီး ရင်ထဲမှာ မောရှသွားကာ ခေါင်းမွေးတွေပင် ထောင်ထမ တတ် ထိတ်လန့်သွားသည်။

ဒီလောက်များပြားလှသည့် မိန်းမတွေကို တစ်နေ့ အယောက် တစ်ရာနှုန်းနှင့် ပေါင်းသင်းသည်ပင်ထားအုံး နောက်နှစ်တစ်ရာ အသက် ဆက်ရှင်ခွင့် ရှိခဲ့မည်ဆိုလျှင်တောင် ကုန်နိုင်ဦးမည်မဟုတ်။

အတွေးနှင့်ပင်သူက မောဟိုက်သလိုလို အမောဆို့သွားသလို

www.burmeseclassic.com



လိုနှင့် လှုပ်ကိုမလှုပ်ချင်တော့။

မျက်လုံးအပြူးသားနှင့် ကြည့်နေမိသော ဦးကုလားပုံစံကြောင့် ကိုယ်စောင့်နတ်ထံမှ ရယ်သံထွက်လာသည်။

"ဟား. . ဟား. . ဟား. . ဟား ဘယ်လိုလဲ ခံနိုင်ရည် ရှိပါ့မလား"

"ဒါ. . ဒါ. . ရွဲ့တာလား"

"မင်းရဲ့ အခွင့်အရေးလေ၊ ကိုယ် ဝါသနာပါတာဆိုရင် ပျော်ပျော်ကြီး လက်ခံရမှာပေါ့"

"ကျုပ် သေသွားမှာပေါ့ဗျ၊ ခင်ဗျားကလဲ"

စိတ်ထဲက အချဉ်ပေါက်ပြီး ဘုဂလန့်ပင် ပြန်ပြောလိုက်သည်။ ဒါ သက်သက်မဲ့ ဒဏ်ပေးတဲ့သဘောလား၊ ဒေါသကြားမှ ယယ်ယယ်က အဖြစ်ကို ပြေးပြီး သတိရမိသွားသည်။ ဦးကုလားယယ်ယယ်က ဩဇာသီး အရမ်းကြိုက်ခဲ့ဖူးသည်။

အမေဝယ်ကျွေးသော တစ်လုံးနှင့်မဝ၍ အတန်းဖော် သူငယ်ချင်းထံမှ လုစားခဲ့ဖူးသည်။ ဒါကို အမေသိတော့ စားရသလောက်တော် သည့်ကလေးဆိုပြီး ဩဇာသီးကို ခြင်းလိုက်ဝယ်၊ ဘေးမှာ ကြိမ်လုံး တစ်လုံးချပြီး "ကုန်အောင်စားစမ်း၊ မကုန်ရင် သေဖို့သာပြင်"ဟု ခြိမ်း ခြောက်ခံရဖူး၍ အမေ့ကို ကြောက်ကြောက်နှင့် ကုန်အောင်စားခဲ့ရ သည်။ ဗိုက်ပေါက်ထွက်မတတ် စားခဲ့ရ၍ ထိုအချိန်ကတည်းက ဩဇာ သီးဆိုလျှင် လှည့်ကိုမကြည့်ချင်တော့။

ခုလည်း ကိုယ်စောင့်နတ်က. . ဒီလောက်တောင် စားရသ လောက်တတ်. . အဲ. . အဲ. . ပေါများနေသလောက် မက်နေတဲ့ မိန်းမ ဆိုပြီး ခုလို သုံးမကုန် စားမကုန်အောင် ဖန်တီးပေးလာသည်။

ဩဇာသီးတစ်ခြင်းကို ကုန်အောင်စားနိုင်ခဲ့ပေမယ့် ထိုမိန်းမ





တွေကိုတော့ ဘယ်လိုမှကုန်အောင် မပျော်ပါးနိုင်၊ တစ်ရက်ထဲနှင့် အမောဆို့ပြီး သေသွားနိုင်သည့်ကိန်းတွေ၊ ကြည့်ရုံနှင့်ပင် မိန်းမတွေကို လှည့်မကြည့်ချင်တော့။

ထို့ကြောင့် ခေါင်းကို ပြုတ်ထွက်မတတ် ခါယမ်းလိုက်ပြီး. .

"မယူဘူး၊ မပေါင်းဘူး၊ တော်ပြီ ဒီနေ့ကစပြီး ဘယ်မိန်းမနဲ့မှ မပတ်သက်ဘူး"

"မင်းက မပတ်သက်ချင်ပေမယ့် ဟိုမှာ မင်းဆီလာနေကြပြီ"

အမျိုးသမီးထုကြီးက ဦးကုလားထံသို့ နှစ်လိုသော အပြုံးတွေ ကိုယ်စီပြုံးကာ တရွေ့ရွေ့လျှောက်လာကြသည်။ သန်းနှင့်ချီပြီး ရှိနေ သော အမျိုးသမီးတွေကိုကြည့်ပြီး ဦးကုလား သွေးပျက်သွားကာ. . .

"သွား. . သွား မလာကြနဲ့ မလာကြနဲ့၊ ငါ. . ငါ အဲလောက်ထိ မတတ်နိုင်လို့ပါ၊ ဟင့်အင်း. . မလာနဲ့"

ပြောရင်းဖြင့် ဦးကုလား တဟီးဟီး ငိုချကာ ငိုသံပါကြီးနှင့် ငြင်းဆန်၏။

ထိုနေရာမှာ ဆက်ရပ်နေလျှင် သူတို့လက်ချက်နှင့် အသက် ပါသွားနိုင်သည်မို့ ဦးကုလား နောက်လှည့်ကာ ခြေကုန်သုတ်ပြီး ပြေးရ လေတော့သည်။

ဘဝမှာ မိန်းမတွေနှင့်ပတ်သက်လာလျှင် "ဟင့်အင်း"ဟု ငြင်း ဘူးတာဟာ ဒါ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

ထိုငြင်းဆိုမှုသည် ဦးကုလား၏ တစ်ခဏတာ ငြင်းဆန်မှုမ တုတ်၊ တစ်ဘဝစာ ငြင်းဆန်မှုပင်ဖြစ်သည်။

ပြောနေရင်းမှ ကိုယ်ကိုယ်ကိုယ် ဒေါသထွက်မိတာက တစ်ချိန် လုံး မိန်းမတွေနှင့် အချိန်ကုန်ခဲ့ခြင်းပါပဲ။

သူ အသက်ရှင်သန်နေတာက မိန်းမတွေအတွက်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အမိပ္ပါယ်မဲ့လိုက်တာ။

"တော်ပြီ . . တော်ပြီ မပတ်သက်ဘူး၊ လုံးဝ မပတ်သက်ဘူး၊ ငါ့ကိုယ်ကျင့်တရားတွေကို ရာဇဝင်အသစ် ပြန်ရေးခိုင်းမယ်"







# အခန်း(၃၀)

"သွား . . . မလာနဲ့၊ မလာကြပါနဲ့"

"ကို . . ကို . . ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲလို့"

"ဟော့တော် အိပ်မက်မက်ပြီး ယောင်နေလိုက်ပုံများ"

ချယ်ရီမောင်မောင်နှင့် ဇနီးခြောက်ယောက် ခုတင်ထက်တွင် တစ်ယောက်ထဲ ရုန်းရင်းဆန်ခတ်ဖြစ်ကာ အော်ဟစ်နေသော ဦးကုလား ကိုကြည့်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ပျာယာခတ်ကုန်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကုလား ဘာဖြစ်တာလဲ. . ထ. . ထ"

မမတင် ဦးကုလားလက်မောင်းကို လှုပ်နှိုးသည်။

မျက်နှာတပြင်လုံး ချွေးသီးချွေးပေါက်ကျနေသော ဦးကုလား မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။ အရင်ဆုံး မြင်ရသည်က မမတင်၊ မမခိုင်နှင့် ကျန်သည့်ဖနီးတွေ၊ နှင်းကတော့ မပါ။ ဒါ ဘယ်နေရာလည်း ဆိုတာလည်း ကိုယ်တိုင်မသိ။

"ဟာ. ."

"မမတင်. . ခိုင်. . လဲ့. . အားလုံး ဘာလို့ဒီမှာ စုပြုံရောက်နေကြတာလဲ၊ ဒါ. . ဒါကရော ဘယ်နေရာလဲ၊ ကျွန်တော်က ဘာလို့ ဒီကိုရောက်နေတာလဲ"

မေးခွန်းပေါင်းများစွာနှင့်အတူ အခန်းထဲကို ကြောင်စီစီဖြင့် ဝေ့ကြည့်လိုက်သည်။

"ကိုယ်. . ကိုယ်ဘယ်ရောက်နေလဲ. . မြင့်"

မြင့်ဘက်ကို လှည့်ကြည့်၍ နားမလည်စွာ မေးလိုက်သည်။

မြင့် မဲ့ကာ မျက်စောင်းဝေ့လိုက်ပြီး. . .

"ဒါ ရှင့်မယားငယ်အိမ်ကိုလေ"

"ရှင် ညက ချယ်နဲ့အတူ အိပ်တာလေ"

ချယ်ရီမောင်မောင်အသံကြောင့် ဦးကုလား ကုတင်ထက်မှ ဝုန်းခနဲ ထခုန်လိုက်ပြီး. . .

"ဘာ. . ငါ. . ငါက. . နင်. . နင်နဲ့အိပ်တာ၊ ဟုတ်လား အခြောက်မ"

"အင်းလေလို့ ကြည့်. . သူနော်၊ ညကတော့ မိုင်ကုန်အောင်ကဲပြီးတော့ ခုမှမသိချင်ဟန်ဆောင်တယ်ပေါ့၊ ဘာလဲ မယားကြီးတွေလာလို့ ရှက်သွားတာလား"





"ဟာ. . ဘာတွေလာပြောနေတာလဲ၊ မသိဘူး ငါဘာမှမသိဘူး၊ နင်နော်. . နင်၊ ငါ့ကို ဒီရောက်အောင် ဘယ်လိုခေါ်လာလဲ၊ ဟမ် အခြောက်မ"

"အို. . တွေ့လား၊ သူပဲ ညက ချယ်နဲ့အတူ ဒီညကို ကုန်ဆုံးပါရစေဆို၊ ချယ်မပြောဘူးလား. . ရှင်က စားပြီး နားမလည်လုပ်ရင် ဘယ်လိုလုပ်မလဲလို့မေးတော့ ရှင်က စားပြီးရင် ကိုယ်တာဝန်ယူမှာပါဆို"

ချယ်ရီမောင်မောင် ငိုမဲ့မဲ့ပြောသည်။

မယားကြီးခြောက်ယောက် ဒေါသအမျက်ကိုယ်စီဖြင့် ချယ်ရီမောင်မောင့်ကို ဝိုင်းကြည့်နေကြသည်။

"ကို ရှင့်ကို ခိုင်တို့ အရမ်းစိတ်ကုန်သွားပြီ. . သိလား၊ ခိုင်တို့ ဒီလောက် အခွင့်အရေးတွေ ပေးထားပါလျက်နဲ့ ကိုမို့လို့ ဒီလိုဇာတ်တုံးသားကို ပတ်သက်ရတယ်လို့"

ခိုင့်စကား မဆုံးလိုက်. . .

"ဟာ. . ဘာ. . ဘာလဲ၊ ငါ ညက ဒီကို ဘယ်လိုရောက်လာလဲဆိုတာတောင် ငါသိခဲ့တာ မဟုတ်ဘူး"

"ရှင်နော် လူကိုမစော်ကားနဲ့၊ နံပါတ်ရှစ်နေရာမှာ မထားချင်တော့လို့ ခုလိုပြောနေတာ ချယ်သိတယ်၊ ညကစပြီး ရှင့်ရဲ့ တရားဝင်နီးဖြစ်သွားပြီ၊ ဒါကိုမှ ဆက်ငြင်းနေမယ်ဆိုရင် ချယ့်ဘဝကို ဖျက်ဆီးတဲ့ ဒိမ်းကောင်အဖြစ် တရားစွဲမယ်. . ဒါပဲ"

"ဘာ. ."

မယားကြီးခြောက်ယောက် ပြိုင်တူမျက်လုံးပြူးကာ. . တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ဒီအခြောက်မ တစ်ဘယ်လိုလုပ်မည့်ပုံကြီး။ ထိုစဉ် ဦးကုလား ဖုန်းထမြည်လာသည်၊ ဒေါသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆွေ့ဆွေ့ခုန်နေသောဦးကုလား ဖုန်းကောက်ယူကာ ထူးလိုက်သည်။

“ဟဲလို”

“. . . . .”

“ဘာ. . နှင်း. . နှင်း. . ဆေးရုံမှာ ကလေးမွေးဖို့ ဗိုက်နာနေပြီ ဟုတ်လား”

ပြုံးတုံးပြဲတဲ ဦးကုလား အမူအရာကိုကြည့်ပြီး မမတင်တို့၏ အာရုံတွေပြောင်းကာ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပြီ။

“ဟယ်. . ဒါ. . ဒါဆို ဆေးရုံကို အမြန်လိုက်ရမှာပေါ့”

“နှင်းရေ. . ကိုယ်. . ကိုယ် ခုပဲလာပြီနော်”

ချယ်ရီမောင်မောင်၏ ပိန်ခြောက်ခြောက် ခန္ဓာကိုယ်ကို ဝင်တိုက်ပြီး ဦးကုလား အခန်းထဲမှ ဒရောသောပါး ပြေးထွက်သွား၏။

“ဟဲ့. . နွယ်ရေ ပိုက်ဆံအိတ် ကားသော့ယူခဲ့”

မမမြင့် ခိုင်းစေချက်ကြောင့် မှန်တင်ခုံပေါ်မှ လည်သာလယ် ပွေ့အိတ်နှင့် ကားသော့ကိုလှမ်းယူပြီး အားလုံး ဦးကုလားနောက်သို့ လိုက်ခဲ့ကြသည်။

“ကိုကို ချယ့်ဆီ ပြန်လာရမယ်နော်”

ချယ်ရီမောင်မောင့်အသံကို ဦးကုလား မကြားနိုင်တော့။

လူ့လောကထဲကို ဦးကုလား၏ သွေးသားလူသားလေး တစ်ယောက်ဝင်လာဖို့ ဟန်ရေးပြနေပြီမို့ ခြေကုန်သုတ်ရတော့၏။







# အခန်း(၁၀)

“အ. . နာတယ်. . နာတယ်၊ သား သင်္ဂဟ၊ မင်းအဖေ မလာသေးဘူးလား”

“ဗျာ. . လာ. . လာတော့မှာပါ၊ မေမေနှင်းရဲ့”

နှင်း ဗိုက်နာလွန်း၍ သင်္ဂဟလက်ကို အားနှင့်ဖျစ်ညှစ်ထား၏။ သင်္ဂဟမှာ နာလွန်း၍ ကြိတ်မှိတ်သည်းခံနေရ၏။

“အား. . နာတယ်. . နာတယ်၊ အမေရေ”

ကော့ပျံနေအောင် အော်ဟစ်ညည်းတွားနေသော မေမေနှင်းတို့ ကြည့်ပြီး သင်္ဂဟ အံ့လည်းအံ့ဩ သနားလည်း သနားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဂဟကို မွေးတုန်းကလည်း မေမေဒီလိုပဲ နာကျင်နေရမှာပဲ။ သင်္ဂဟနားသို့ နာ့စ်မလေးတစ်ယောက် ရောက်လာသည်။

“ခွဲမွေးရမယ်နော်၊ လိုအပ်တဲ့ ဆေးဝါးတွေ ဝယ်ပေးထားပါ”

ကမ်းပေးလာသော ဆေးစာရွက်ကို လှမ်းယူရင်း မေမေနှင်းကို သနားသွားပြန်သည်။ လူ့လောကထဲကို သူ့အလိုလို တိုးမဝင်နိုင်ရှာသော ညီလေးကို ဓါးတွေ ကတ်ကြေးတွေ အကူအညီယူပြီး ခွဲထုတ်ရမည့်အဖြစ်။

“သား. . သား”

အဖေနှင့်အဖေ့ မိန်းမများ သင်္ဂဟနှင့် မေမေနှင်းဘေးသို့ အပြေးရောက်လာကြသည်။

“နှင်း မမတို့ဆီဘာလို့ ဖုန်းမဆက်တာလဲကွယ်”

မမတင် စိတ်ပူစွာပြောသည်။

ဦးကုလား မေမေနှင်းလက်ကို တယုတယ ဆုပ်ကိုင်လိုက်ပြီး

“နှင်း ကိုယ့်ကိုခွင့်လွှတ်ပါကွာ၊ ကိုယ် ညကနှင်းဆီ ပြန်မလာတာ အမူးလွန်သွားလို့”

သူ့အမှား သူသိပြီမို့ ဦးကုလား နှင်းကိုတောင်းပန်လိုက်သည်။ ဒီအခြေအနေမှာ နှင်းစိတ်ဆိုးနေ၍လည်းမဖြစ်။ ကိုယ်စပြီး လက်ထပ်ကတည်းက သူ့မှာ မိန်းမရှုပ်သော အကျင့်ကရှိနေပြီးသားမို့ ထူးပြီးတော့လည်း စိတ်ဆင်းရဲမနေတော့။ ခုချိန်မှာ နာကျင်မှုတွေကသာ နှင်း၏ အသိစိတ်တွေကို စိုးမိုးနေ၏။

နှင်း၏မိဘတွေနှင့် မေနိုင်းတို့သားအမိတွေပါ ရောက်လာကြသည်။ မေနိုင်း အင်္ဂဟကိုမြင်တော့ ခပ်သွက်သွက်ခြေလှမ်းတွေ တုံ့ဆိုင်းသွားကာ. . .

“သင်္ဂဟ. . ရှင်. . ရှင်က ဒီကိုဘယ်လိုရောက်နေတာလဲ”





သင်္ဂဟ၏အဖေနှင့် မေနှင်း လက်ထပ်ထားသည်ကို မေနိုင်း လုံးဝမသိ။

“အဲဒါ ကိုယ်တို့မေမေနှင်းလေ၊ ဖေကြီးရဲ့မိန်းမပေါ့”

သင်္ဂဟ စကားကြောင့် မေနိုင်း၏အမေ မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ မေနှင်းကို လှမ်းကြည့်လိုက်သည်။ ထိုအကြည့်သည် အာမြစ်တင်သော အကြည့်ဖြစ်သည်။ ထိုစဉ် နာ့စ်လေးဝင်လာသည်။

“လူနာကို မွေးပြီးရင် သွေးသွင်းရပါမယ် သွေးလိုပါတယ်”

ဦးကုလား နာ့စ်လေးကို လှည့်ကြည့်လိုက်သည်။

“ကျွန်တော့် သွေးကိုယူပါ ကျွန်တော့်သွေးက အိုသွေးပါ”

“လိုအပ်မယ်ဆိုရင် လဲ့တို့သွေးကိုလည်း ယူပါ၊ အိုသွေးပါပဲ”

“ဟုတ်ကဲ့. . ဒါဆို သွေးဖောက်ခန်းကို လိုက်ခဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

"ငါ လုံးဝမကျေနပ်ဘူး မေနိုင်း"

စိတ်ညစ်နေပါသည်ဆိုမှ မိုးညကတမှောင့်မို့ မိုးညကို မျက်မှောင်ကျုံ့ပြီးကြည့်ကာ. . .

"နင်က ဘာတွေကို မကျေနပ်ရပြန်ပြီလဲဟယ်၊ ဒီမှာညစ်နေရတဲ့ကြားထဲ"

"နင်က ဘာတွေမကျေမနပ်ဖြစ်နေရတာလဲ"

တစ်ယောက်ကိုတစ်ယောက် မေးခွန်းတွေအပြိုင်အဆိုင်မေး





နေကြသည်။

"နင်သာ ဦးဝေယံမင်းရှုံနဲ့ လက်ထပ်ဖြစ်ရင် နင်က ငါ့ရဲ့မိထွေးယောကျ္ာမ ဖြစ်နေလောက်ပြီ"

"ဟမ်. . ဘယ်လို မိထွေးယောက္ခမ ဟုတ်လား၊ နင်ပြောတာ ငါနားမလည်ဘူး"

"ငါလေ သင်္ဂဟကိုချစ်တယ် သင်္ဂဟရဲ့အဖေ မိန်းမတွေ အများကြီးယူလို့ သင်္ဂဟလည်း သူ့အဖေခြေရာနင်းမှာပဲဆိုပြီး စိုးထိတ်ပေမယ့် ငါ သင်္ဂဟကို မေ့လို့မရဘူး၊ ဒါပေမဲ့ဟာ. . "

မေနိုင်း အသံတိမ်ဝင်သွားသည်။ တော်တော်လေးလည်း ခံစားနေရပုံပေါ်သည်။

"ဒါပေမဲ့ ဆက်ပြောလေ"

"ငါ့အဖေက သဘောမတူဘူးတဲ့၊ ငါ့အဒေါ်ယောကျ်ားကို ငါခုထိ မမြင်ဖူးခဲ့ဘူး၊ မိန်းမတွေများတာ သိခဲ့ပေမယ့် သင်္ဂဟနဲ့ ပတ်သက်နေလိမ့်မယ်လို့လည်း မထင်ထားဘူးလေ၊ ခု ငါ့အမေက ဦးကုလားနဲ့ သင်္ဂဟ သားအဖတော်တာ သိသွားပြီး လုံးဝသဘောမတူတော့ဘူး"

သူ့အဖြစ်က ကိုယ့်အဖြစ်ထက်ပိုဆိုးနေ၍ မိုးညဘာဆက်ပြောရမှန်းပင် မသိတော့။

"အေးဟာ ငါတို့တွေ သူတို့နဲ့မှသွားပြီး ပတ်သက်မိရတယ်လို့၊ ဒါပေမဲ့ ငါကတော့ လုံးဝကို ဒီအတိုင်းနဲ့ မကျေနပ်နိုင်ဘူး ငါ့ရဲ့ နစ်နာကြေးအတွက် ငါယူရမယ်"

မိုးည၏ လောဘတွေက ခပ်ငွေငွေ ကျန်သေးသည်။

"ဒါကနင့်ကိစ္စပဲ ငါ့ဆီက ဘာမှအကြံဉာဏ်လာမတောင်းနဲ့နော်"

မိုးည အရှုပ်ထဲဝင်ပါဖို့ နေနေသာသာ ကိုယ့်ပြဿနာကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ဘယ်လိုဖြေရှင်းရမှန်းမသိ။

မိဘတွေက သဘောမတူဘူးပြောတိုင်း မိုးည မေ့လို့မရတာ ဟာ. . သင်္ဂဟအား တကယ့်ကို နှစ်နှစ်ကာကာ ချစ်မိသွားခြင်းကြောင့် ဖြစ်သည်။

"ဘာတွေကြိတ်ပြီး တိုင်ပင်နေကြလဲ ဟိုကောင်လေးကိစ္စဆို ရင် ရပ်တန်းကရပ်နော်"

အခန်းဝတွင်လာရပ်ရင်း လှမ်းပြောလိုက်သော အမေ့စကား ကြောင့် မေနိုင်း လေသံပင်မဟရဲတော့။

"ဟုတ်ကဲ့ပါအန်တီ မေနိုင်းက ဘာမှမပြောပါဘူး၊ သမီးကိစ္စကို ပြောနေတာပါ"

"အေး. . အဲဒါဆိုရင်ပြီးရော"

အမေ ပြန်ထွက်သွားတော့မှ မေနိုင်း လေသံခပ်တိုးတိုးဖြင့်

"နင့်ကိစ္စထက် ငါ့ကိစ္စက ပိုပြီးပြင်းထန်တယ် တွေ့လား"

"ငါ့ကိစ္စက သိပ်မပြင်းထန်ပေမယ့် သူတို့တွေ ငါ့ကြောင့် မရှု နိုင်မကယ်နိုင် ဖြစ်စေရမယ်. . အဟင်း. . ဟင်း. . ဟင်း"







# အခန်း(၃၃)

"ဟင်. . ဘယ်လို. . ဘယ်လို၊ ကိုကို့မှာ HIV ရှိနေ တယ်. . ဟုတ်လား"

တော်တော်လေး သွေးပျက်သွားသော နွယ်၏အမေးကြောင့် မမတင် ခပ်ဖန့်ဖန့်ပြုံးလိုက်သည်။ ကိုယ်စထားတဲ့ ဇာတ်တွေကို ကိုယ် ကိုယ်တိုင်ပဲ ပြန်သိမ်းပေးရမှာပေါ့။

" ဒီဆေးမှတ်တမ်းထဲမှာတော့ ကိုကုလား HIV positive ရှိနေ ပေမယ့် အပြင်မှာတော့ မရှိပါဘူး၊ မရှိလို့လဲ နှင်းကိုသွေးပေးလို့ ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒါပေမဲ့ ငါတို့မိန်းမဉာဏ်နဲ့ ဒီအချက်ကို အခွင့်အရေးရှိရှိ အသုံးချရမယ်”

နွယ် သဘောပေါက်သွားဟန်ဖြင့်. . .

“ဒါဆို မရှိတာကို အရှိလုပ်ပြီး လှည့်စားမလို့ပေါ့၊ ဟုတ်လား မမတင်”

“ဟုတ်တာပေါ့၊ အဲဒီအတွက် ငါ့မိတ်ဆွေရဲ့သားက ငါ့ကို ဆေးမှတ်တမ်းအတု လုပ်ပေးတယ်၊ လိုအပ်ရင် ဆေးကုသခွင့် အပိတ်ခံထားရတဲ့ ဆရာဝန်တစ်ယောက်ဆီကိုတောင် ခေါ်သွားပေးဦးမယ်တဲ့၊ ငွေတော့နည်းနည်းပေးရမှာပေါ့”

“သူ့ကိုတစ်သက်လုံး စိတ်ဒုက္ခပေးတော့မလို့လား မမတင်”

တကယ်တမ်းတော့ နွယ်မလုပ်ရက်. . .

“ငါတို့ကို တစ်သက်လုံး စိတ်ဒုက္ခပေးလာတဲ့သူက သူပါနွယ်ရယ်၊ ငါတို့က ခုမှသူ့ကို စိတ်ဒုက္ခပေးမှာပါ၊ ဒါဟာလည်း တို့တစ်တွေအတွက်ဆိုတာထက် တို့သားသမီးတွေရဲ့ ရှေ့ရေးအတွက်ဆို ပိုမှန်မလားပဲ၊ ဒါမှလည်း သူ့ကိုယ်သူ အနေအထိုင် ဆင်ခြင်တော့မှာပေါ့”

“အင်းလေ. . မမ ပိုင်တယ်ထင်ရင် ကြိုက်သလိုလုပ်ပါ၊ ဒါနဲ့ တခြားသူတွေကိုရော ပြောပြီးပြီလား”

“မပြောရသေးဘူး. . နွယ်တစ်ယောက်ထဲ သိသေးတယ်လေ၊ သူတို့အားလုံးလည်း မမတင်ရဲ့ အစီအစဉ်ကို လက်ခံနိုင်ကြမှာပါ”

“နွယ်တို့အားလုံး သူ့ကိုလိမ်တာ သိသွားရင် သူအရမ်း စိတ်ဆိုးသွားမလား မမတင်”

စိုးရိမ်ဟန်လေးဖြင့် နွယ်မေးသည်။

“ဆိုးပါစေပေါ့၊ ဘယ်သူမပြု မိမိမှုတဲ့ ဒီလိုတွေဖြစ်အောင် သူလုပ်တာပဲ၊ အခြောက်မကိုတောင် အလွတ်မပေးမှတော့ သူ့ရဲ့ အရှုပ်





တော်ပုံတွေက ကမ်းကုန်နေပြီ၊ သူယူသမျှမိန်းမတွေကို ကန်တော့ပွဲလိုက်လိုက်ရှက်ပြီး မိန်းမတောင်းပေးရလို့ မမတင်ရဲ့ခေါင်းတွေလဲ ခံနိုင်ရည်မရှိတော့ပါဘူးကွယ်၊ ဒီကိစ္စတွေကိုဖြစ်လာတဲ့ အမိက တရားခံတွေထဲမှာ မမတင်လည်းပါတယ်၊ ဒါကြောင့် မမတင် ကိုယ့်ဇာတ်ကို ကိုယ်နိုင်အောင် ပြန်ထိန်းရတော့မှာ”

သဘောထားကြီးလွန်းသော မမတင်ကို နွယ်တို့အားလုံး ချစ်ကြသည်။ အစ်မကြီးတစ်ယောက်လို သံယောဇဉ်တွယ်ကာ ကိုယ့်ကိုကိုယ် အားလုံးရဲ့မယားပြိုင်လို့ သဘောမထားဘဲ ညီအစ်မတွေလို စိတ်မျိုးမွေးနိုင်ခဲ့တာဟာ မမတင်ကို စံနမူနာယူခဲ့လို့ပါ. . .

“မမတင် သူ့ကိုဘာကြောင့် ခုလို မိန်းမတွေတစ်ယောက်ပြီး တစ်ယောက် ယူနေတာကို လက်ပိုက်ကြည့်နေသလဲ သိလား”

နွယ် ခေါင်းခါပြသည်။ မမတင်ထံမှ သက်ပြင်းချသံ ခပ်ရွှေရွှေ ပေါ်ထွက်လာသည်။ မမတင်၏အကြည့်တွေက ပြတင်းပေါက်ကိုကျော်လွန်၍ အုပ်ဆိုင်းနေသော သစ်ပင်တွေဆီသို့ အကြည့်ရောက်သွားသည်။

“မမတင်နဲ့ သူလက်ထပ်တော့ ခုဒီလို ချမ်းသာတဲ့ အခြေအနေမျိုး မဟုတ်ဘူး၊ ဘဝကို အခက်အခဲမျိုးစုံနဲ့ ကျော်ဖြတ်ရတယ်၊ သူက ပွဲရုံတစ်ခုက သာမန်စာရေးလေးတစ်ယောက်ဆိုတော့ မိသားစု စားဝတ်နေရေးက ဘယ်လိုဖူလုံတော့မလဲ၊ မမတင်လည်း တစ်ဖက်တစ်လမ်းက နေပြီး ကြံ့ရာအလုပ်ဝင်လုပ်ပြီး ကလေးတွေရဲ့ ကျောင်းစရိတ်အတွက် မမတင်က ဝိုင်းဝန်းရှာဖွေရတယ်၊ အဲဒီအချိန်ကာလတုန်းက ငွေကြေးကြောင့် ဘဝတွေကြပ်တည်းခဲ့ရတော့ ကိုကုလားက လူရိုးလူအေးပေါ့၊ တစ်ရက်မှာ မမတင်ရဲ့အိမ်နီးနားချင်း သူငယ်ချင်းတစ်ယောက်က ဗေဒင်ဆရာကြီးတစ်ယောက်ဆီ ခေါ်သွားတယ်၊ အဲဒီ ဗေဒင်ဆရာအ

www.burmeseclassic.com



ဘိုးကြီးက မှန်လဲတော်တော်မှန်တယ်၊ ရှေ့ဖြစ်နောက်ဖြစ်တွေကို ကိုယ်ကိုယ်တိုင် ပြေးကြည့်သလိုမှန်နေတော့ မမတင်လည်း သူပြောသလိုလိုက်လုပ်ရတော့တာပေါ့၊ မမတင်က ဆင်းရဲတွင်းထဲက ရုန်းထွက်ချင်နေတဲ့သူလေ"

ပြောရင်းဖြင့် မမတင် သက်မတစ်ချက်ကို ခပ်ဖြည်းဖြည်းချပြန်သည်။

"ဗေဒင်ဆရာကြီးက ဘာပြောတယ်မှတ်သလဲ"

မမတင် နွယ့်ကို ကြည့်ပြီးမေးသည်။

"ဘာပြောလဲ မမတင်"

"ညည်းယောကျ်ားရဲ့ ဇာတာက မိန်းမတွေတစ်ယောက်ပြီးတစ်ယောက်ယူမှ သူ့ရဲ့ဘုန်းကံက တက်မှာတဲ့၊ သူ့ကိုယ်ထဲမှာ ရာဇသွေးရှိနေတဲ့အတွက် ဘုရင်တွေက မိဖုရားတွေအများကြီးထားသလို ညည်းယောကျ်ားလည်း မိန်းမတွေအများကြီးယူကြည့် ကျိကျိတက်ကို ချမ်းသာလာမှာတဲ့. . ."

"ဟင် အဲလိုကြီးလား"

"ဟုတ်တယ် သိပ်ကိုထူးဆန်းတဲ့ ဟောချက်ပါပဲ"

"ပထမတော့ မမတင်လည်း မုန့်ကိုသာဝေစားနိုင်မယ်၊ အချစ်ကိုတော့ မဝေစားနိုင်ဘူးဆိုပြီး ဒီကိစ္စကို တင်းခံနေသေးတယ်၊ ဒါပေမဲ့ နွယ်ရယ် မမတင်ချို့တဲ့တဲ့ဒဏ်ကို ခံနိုင်ပေမယ့် ကလေးတွေကိုတော့ ခုလိုချို့ချို့တဲ့တဲ့ မနေစေချင်ဘူး၊ ဒီဗေဒင်ဆရာကြီးပြောတာ ဟုတ်မဟုတ် စမ်းချင်တဲ့ စိတ်ကလေးဝင်လာပြီး အဲဒီမှာတင် မမတင်ရဲ့ ဆွေမျိုးနီးစပ်ထဲက ညီမလေးက ရန်ကုန်တက်ပြီး အလုပ်လုပ်ဖို့လာတော့ မမတင် သူ့ကိုအိမ်မှာခေါ်ထားပြီး ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်မယ်ဟဲ့ဆိုပြီး သူတို့နှစ်ယောက်ကို နီးစပ်သွားအောင် တိတ်တိတ်လေး ကြံစည်





ခဲ့တယ်"

"ဟင်. . ဒါ. . ဒါတွေက တကယ်လား"

နွယ် အံ့သြ၍မဆုံးတော့ပါ။ ဒါဆို. . မမတင်က ငွေကြောင့်ကိုယ့်ယောကျ်ားကို ခုလိုလုပ်ရပ်မျိုးတွေ လုပ်စေခဲ့တာပေါ့။

"ဟုတ်တယ် နွယ်၊ အဲဒီမိန်းကလေးဟာ သင်္ဂဟတို့ အမေခိုင်ပဲပေါ့၊ ခိုင်ကလည်း မမတင်ကို နဂိုရှိရင်းစွဲ ချစ်ကြောက်ရိုသေရတော့ သူနဲ့ကိုကုလားမှားမိခဲ့တဲ့အပြစ်အပေါ် အကြွေးတစ်ခုလို သဘောထားပြီး မမတင် ဘာပဲစီမံစီမံ သူနာခံခဲ့တယ်"

"အဲဒီတော့ စီးပွားရေးရော တက်လာလား"

"အင်း. . သိသိသာသာပဲ၊ ပွဲရုံပိုင်ရှင်ကြီးက ကိုကုလားရဲ့ လုပ်ရည်ကိုင်ရည်ကို သဘောကျပြီး လုပ်ငန်းခွဲတစ်ခုကို ဦးစီးခိုင်းခဲ့တယ်၊ ထင်ထားတာထက်ပိုပြီး အောင်မြင်လာတော့ အဲဒီလုပ်ငန်းရဲ့ အကျိုးအမြတ်တစ်ဝက်ကို ပေးစားခဲ့တယ်၊ အင်း. . အရှင်းဆုံးပြောရရင်တော့ စီးပွားရေးက သိသိသာသာကို တိုးတက်လာတယ် ဆိုပါတော့ကွယ်၊ ဒါပေမဲ့ မမတင်ရဲ့လောဘတွေက ရပ်လို့မရခဲ့ဘူး လူတွေရဲ့လောဘက ဘယ်တော့မှ မသေဆုံးသွားဘူးဆိုတာ သိပ်မှန်တယ်၊ ခိုင်နဲ့တရားဝင်လက်ထပ်ပြီးတော့ လှဲ့နဲ့နီးစပ်အောင် မမတင် ထပ်ကြိုးစားတယ်"

ဒီတစ်ခါ သက်မမောချသူက နွယ်ပင်ဖြစ်သည်။

"လှဲ့ကလဲ မမတင် ထားရာနေစေရာသွား မိန်းကလေး တစ်ယောက်လေ၊ ရုပ်ကလေးကလည်းချောတော့ ကိုကုလားကို သိပ်ပြီးမဖြဲဆွယ်လိုက်ရဘူး လှဲ့နဲ့တစ်ခါ နီးစပ်သွားပြန်ရော"

"စီးပွားရေးရော ထပ်တက်လာသေးလား"

"ဟုတ်တယ် ပွဲရုံလုပ်ငန်းအပြင် အဝေးပြေးကားတစ်စီးဝယ်ပြီး ထောင်နိုင်တဲ့အခြေအနေအထိ ဖြစ်သွားတယ်လေ၊ ပွဲရုံပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကလည်း သားသမီးကျောထောက်နောက်ခံမရှိတော့ ကိုကုလားကိုပဲ သူ့သားလိုသဘောထားပြီး စီးပွားရေးလုပ်ငန်းတွေမှာ ပံ့ပိုးပေးတယ်၊ ယူလိုက်တဲ့ မိန်းမသုံးယောက်စလုံးကိုလည်း ရွှေအပြည့် ငွေအပြည့်နဲ့ တစ်အိုးတစ်အိမ်စီ ထူထောင်ပေးနိုင်ခဲ့တယ်"

"ဒါဆိုရင် မမမြင့်တို့ မမသင်းတို့ကိုရော မမတင် ကိုယ်တိုင်ပေးစားခဲ့တာလား"

"မတုတ်ဘူး. . သူတို့တွေကိုတော့ ဦးကုလားစိတ်ကြိုက် သူ့ဘာသာ သူလက်ထပ်ခဲ့တာပါ၊ ခြံခုန်စရှိတဲ့နွား ခြံခုန်မှာပဲဆိုတဲ့ စကားပုံ ကြားဖူးတယ် မဟုတ်လား၊ အထူးသဖြင့် ယောကျ်ားတွေက ငွေဒဏ်မခံနိုင်ကြဘူးကွယ်. . ၊ သူတို့ရဲ့အစွမ်းအစလေးတွေလဲ တောက်ပြောင်လာရော မိန်းမကိစ္စလေးတွေက သူတို့အတွက် အပန်းဖြေစရာ ဖျော်ဖြေမှု ဖြစ်စေခဲ့တယ်၊ ဒါပေမဲ့ မမတင် မကန့်ကွက်ပါဘူး ကြည်ကြည်ဖြူဖြူပဲ လက်ခံခဲ့ပါတယ်"

ဒါကိုတော့ နွယ်ကောင်းကောင်း လက်ခံပါသည်။ နွယ်တို့နှင့် လက်ထပ်ခဲ့စဉ်တုန်းက မမတင်သည် နွယ့်ကို အစ်မကြီးတစ်ယောက်လို နွေးနွေးထွေးထွေး ဆက်ဆံခဲ့သည်။

နှင်းနှင့် လက်ထပ်သည့်အချိန်ထိ ကန်တော့ပွဲရှက်ပြီး အစ်မကြီးတစ်ယောက်လို မိန်းမလိုက်တောင်းပေးခဲ့တာ နွယ် မျက်မြင်ကိုယ်တွေ့ပဲ. . . ။

မိန်းမခုနစ်ယောက် ယူပြီးသည့်တိုင် စီးပွားရေးက လျော့ပါးမသွား။ လုပ်ငန်းတွေ တိုးတက်သထက် တိုးတက်လာခဲ့သည်မို့ မပူမပင်နေနေရသော နွယ်တို့မိန်းမခုနစ်ယောက်စလုံး. . ဦးကုလားကို တစ်ယောက်မှအချစ်မလျော့ခဲ့။

"ဒါပေမဲ့. . ခုတော့ လက်မခံနိုင်တော့ဘူး၊ ခုချိန်မှာ မမတို့





အားလုံး ငွေထက်ဂုဏ်သိက္ခာက ပိုအရေးကြီးလာပြီ၊ နောက်ပြီး ကလေးတွေရဲ့ အနာဂတ်အတွက်ရောပေါ့"

"ကောင်းပါတယ် မမတင်၊ နွယ်လဲ ကို့ကို ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်အဖြစ် ရှေ့ဆက်လျှောက်စေချင်တယ်"

"ကောင်းပြီ. . ဒါဆို မမတင်တို့ အတူတူစွန့်စားကြည့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ညည်း ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ထိမထင်သည့်ပုံဖြင့် ဧည့်ခန်းထဲဝင်လာသော မိုးညကိုမြင်တော့ ဦးကုလား၏ HIV ကိစ္စကို တိုင်ပင်နေကြသော ခိုင်တို့အားလုံး တအံ့တသြဖြစ်ကာ ခိုင်ကပင် စတင်၍ ခပ်ရင့်ရင့်မေးလိုက်သည်။

"ဒီလိုနေရာကို မိုးညက အကြောင်းကိစ္စမရှိဘဲ လာပါ့မလား အန်တီကြီးတို့ရယ်၊ ကိစ္စရှိလို့လာတာပေါ့"

သူတို့ကို အန်တီကြီးဟု ခေါ်လိုက်သောအသုံးအနှုန်းကြောင့်





သင်းတို့ နွယ်တို့ ဒေါသထွက်သွားကြသည်။

"ဘာအန်တီကြီးလဲ. . . တို့အသက်တွေက ခုမှ သုံးဆယ့်ငါး လောက်ပဲ ရှိသေးတာ"

"ဘာပဲဖြစ်ဖြစ် မယားကြီးတွေဆိုတော့. . ဝါက ရှိသေးတယ်လေ"

"ကဲပါ. . ဘာမှအပိုတွေ ပြောမနေနဲ့၊ လာရင်းကိစ္စကိုပြော"

"လျှော်ကြေး"

"ဘာ"

အားလုံးပြိုင်တူ အော်လိုက်ကြသဖြင့် ဘာဟူသော အသံက ဧည့်ခန်းထဲ ဟိန်းသွားသည်။

"ညည်းလို မယားငယ်မက လျှော်ကြေးတောင်းတာ ဆန်းတော့ မဆန်းပါဘူးလေ၊ ဒါပေမဲ့ တို့အားလုံးကတော့ ညည်းကို သနားတယ် သားသမီးချင်းလည်း ကိုယ်ချင်းစာပါတယ်"

"မလိုပါဘူး မိုးညက သနားစရာသတ္တဝါ မဟုတ်ဘူး"

"ဒါပေမဲ့ မသနားလို့ မရတော့ဘူး၊ ငယ်ငယ်ရွယ်ရွယ် လှတပတလေးနဲ့ ဒီလိုကံကြမ္မာဆိုးကြီးက ဝင်မွှေရတယ်လေခြင်းဆိုပြီးတော့လေ"

"ဟုတ်တယ်. . ညည်းရော ကိုကုလားရော သိပ်ကိုသနားစရာကောင်းတယ်"

"ဘယ်လို. . ကံကြမ္မာဆိုးဟုတ်လား၊ အဟင်း. . မိုးညအတွက် ကြမ္မာဆိုးဝင်တာမှန်တယ်၊ အခုလေ မိုးညမှာ ဦးကုလားနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီ၊ အဲဒါသိကြရဲ့လား၊ ဒီတော့. . ဒီကလေးကို တာဝန်ယူရင်ယူ. . မယူရင် လူသိရှင်ကြားဖြစ်သွားအောင် အရှက်ခွဲပစ်လိုက်မယ်"

"ညည်းအဲဒီအတွက် နစ်နာကြေးလိုချင်လို့ရော ညည်းဘဝက



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးရှင်သန်မှာတဲ့လား. . ဟမ်၊ အခု ငါတို့အားလုံး ဘာအတွက် စိတ်ဆင်းရဲသောကဖြစ်နေရသလဲ သိလား၊ ခုလေ. . ကိုကုလားဆီမှာ HIV ရှိနေပြီ၊ အဲဒါကို ညည်းသိလား၊ ဒီတော့ ညည်းနဲ့ပတ်သက်ခဲ့တဲ့အတွက် ကိုကုလားဆီကရောဂါတွေ ညည်းဆီမှာရှိနေရောပေါ့"

"ဟင်"

မိုးည ငယ်ထိပ်မြွေပေါက်သွားပြီ။ နားထဲသို့ မိုးကြိုးတွေ တဂျိန်းဂျိန်းပစ်ခွင်းနေသလိုကို HIV ဆိုတဲ့ စကားလုံးကြီးက ကျယ်လောင်မြည်ဟီးသွားသည်။ ဇောချွေးတွေပါ ချက်ချင်းဆို့တက်လာပြီး. . .

"ဒ. . ဒါ. . ဒါ တကယ်လား"

"ဟုတ်တယ်. . ကာယကံရှင်တောင် မသိသေးဘူး၊ အသိမပေးဘူးလို့တောင် စိတ်ကူးထားကြတာ၊ ဒါပေမဲ့ မပြောလို့တော့မဖြစ်ဘူး ဒီရောဂါရှိနေလျက်နဲ့ မိန်းမဆက်ရှုပ်နေမယ်ဆိုရင် အားလုံးဒုက္ခရောက်ကုန်မယ်"

"စိတ်မကောင်းပါဘူး မိန်းကလေးရယ်၊ ခုချိန်မှာ ငါတို့ အပူသောကနဲ့ ငါတို့မို့ ညည်းလေးပြဿနာကို မဖြေရှင်းပေးနိုင်ဘူး"

မိုးည ဆောက်တည်ရာမရဖြစ်စွာ ကတုန်ကယင် ထရပ်လိုက်သည်။

"ရှင်. . ရှင်တို့သိပ်ကိုယုတ်မာတယ်၊ ရှင့်ယောက်ျားနဲ့ပတ်သက်ခဲ့မိတာ မိုးညဘဝတော့ သွားပြီ"

ပြောရင်းဖြင့် မိုးည ဧည့်ခန်းထဲမှ သွေးရူးသွေးတန်း ထထွက်သွားသည်။

သွေးရူးသွေးတန်း ထထွက်သွားသော မိုးည၏ကျောပြင်ကို ကြည့်ပြီး ခိုင်တို့အားလုံး ပြုံင်တူပြုံးလိုက်ကြသည်။

"စစ်ဆင်ရေးတစ်ခုတော့ အောင်မြင်သွားပြီ မမတင်ရေ"





"ဒါပေါ့ ခိုင်ရယ်၊ ကိုယ့်ယောကျာ်းကို သိက္ခာမကျစေချင်ပေမယ့် ဒီလိုနည်းလမ်းသုံးပြီး အမှားတွေကို ရပ်နိုင်အောင်လုပ်ရမှာပဲ"

"ဟုတ်တယ် မမတင်၊ မြင့်တော့ ကိုကို ဒီညပဲ ဖွင့်ပြောလိုက်ရင် ကောင်းမယ်ထင်တယ်"

"ကောင်းပြီလေ. . ဒီည တို့အားလုံး ကိုကုလားနဲ့ တွေ့ကြတာပေါ့"

"သူ. . ဒီနေ့ နှင်းအိမ်မှာ အိပ်မယ့်ရက်လေ၊ ကလေးငယ်ငယ်လေးကိုပါ သူ့ကြောင့်ဂယက်ရိုက်မှာ စိုးရတယ်နော်"

လဲ့စကားကြောင့် အားလုံးတွေဝေသွားကြသည်။

"နှင်းကိုကြိုပြောထားပြီးပြီပဲ ဒီကလေးကို ဆွဲထည့်စရာမှ မလိုတာ၊ အဖေတစ်ယောက်အနေနဲ့ ပူမယ်ဆိုရင်လည်း နွယ်တို့ ဘာမှမတတ်နိုင်ဘူး၊ နောက်ပြီး. . ဒါက တစ်ကယ်မှမဟုတ်တာ"

"အေးလေ. . ဒါဆိုလည်း ခုပဲစကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"**ဟင်**. . . ကိုကုလား"

ဆိုင်းမဆင့် ဘုံမဆင့်ရောက်လာသော ဦးကုလားကိုမြင်တော့ အိမ်ရှေ့ခန်းတွင် TVထိုင်ကြည့်နေကြသော မေနိုင်းတို့မိသားစု အံ့သြသွားကြသည်။

"ကျွန်တော် ပြောစရာရှိလို့ ရောက်လာတာပါ"

"သြော်. . ဟုတ်ကဲ့ ထိုင်ပါခင်ဗျာ. . ထိုင်ပါ"

မေနိုင်းအဖေမှာ ပျာပျာသလဲ ကြိုဆို၏။

ဦးကုလား ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည်။





"အမေကြီးရေ ကိုကုလားအတွက် တစ်ခုခုတော့ စီစဉ်ပါကွာ"

"ဟုတ်ကဲ့"

"ဟာ. . နေပါစေ ကျွန်တော်ဘာမှမစားတော့ပါဘူး၊ ပြောစရာရှိတာလေးပြောပြီးရင် ပြန်မှာပါ"

ဦးကုလားစကားကြောင့် မေနိုင်းရော မေနိုင်းမိဘတွေပါ ဦးကုလား ဘာပြောမလဲဆိုသည့် အကြောင်းအရာကို သိချင်နေကြသည်မို့

"ဟုတ်ကဲ့ ကျွန်တော်တို့ကို ဘာများပြောချင်လို့ပါလဲ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောပါ"

"ဒီလိုပါ. . ကျွန်တော်ဟာ မိန်းမတွေအများကြီး ယူထားတယ်ဆိုတာ နှင်းနဲ့ပတ်သက်ပြီး သိပြီးလောက်ရောပေါ့၊ မိဘတွေက သူတို့ရဲ့သားသမီးလေးတွေရဲ့ အိမ်ထောင်ဘက်ကို အကောင်းဆုံးဖြစ်စေချင်ကြတယ်ဆိုတာ ကျွန်တော်လည်းခံစားမိပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကြောင့် ကျွန်တော့်သားကိုပါ အထင်မသေးစေချင်လို့ ခုလို လာတွေ့ရတာပါ၊ တကယ်တော့ ကျွန်တော်က သိပ်ကိုမိုက်မဲတဲ့ လူတစ်ယောက်ပါ၊ ခုတော့ ကျွန်တော့်သားကြောင့် ကိုယ်ကျင့်တရားကောင်းတဲ့ လူတစ်ယောက်ဖြစ်အောင် ကျွန်တော်ရပ်တည်တော့မှာပါ"

ပြောရင်းဖြင့် မေနိုင်းကို လှမ်းကြည့်လိုက်သေးသည်။

"ကျွန်တော့်သား အဖြစ်ချင်ဆုံးဆန္ဒက သိပ်ကိုလေးစားဖို့ကောင်းပါတယ်"

"ဘာများလဲ ကိုကုလားရယ်"

မေနိုင်းအဖေ၏ အမေးကြောင့် ဦးကုလား ခပ်ယဲ့ယဲ့ရယ်လိုက်ပြီး

"လောကမှာ သူအဖြစ်ချင်ဆုံးက ကိုယ်ကျင့်တရားကောင်းတဲ့သူပါတဲ့၊ ဒီစကားတစ်ခွန်းဟာ ကျွန်တော်မှားခဲ့တဲ့အမှားတွေကို ထောက်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သလိုပါပဲ၊ တော်တော်လေးကို နောင်တရမိတယ်၊ ဒါကြောင့် ကျွန်တော် မေတ္တာရပ်ခံချင်တာက သင်္ဂဟက အဖေတူသားဘယ်တော့မှ ဖြစ်မလာပါဘူးဆိုတာပါပဲ"

လေးလေးနက်နက်ပြောနေသော ဦးကုလားကိုကြည့်ပြီး. . မေနိုင်းမိဘတွေ တော်တော်လေးအားနာနေပုံရသည်။

မေနိုင်းကတော့ မျက်နှာပေါ်မှ အပြုံးရိပ်ကလေး လဲ့လဲ့ပြုံးလာသည်။

"ဒါကြောင့် မေနိုင်းနဲ့ ကျွန်တော့်သားကို သဘောတူပေးပါ။ ကျွန်တော် အကြီးအကျယ်ဆုံး မင်္ဂလာပွဲကြီးလုပ်ပေးပါမယ်၊ နောက်ပြီး ကျွန်တော့်လုပ်ငန်းတွေထဲက အချို့ကိုလည်း သားကိုလွှဲတော့မှာမို့ သူ့ရဲ့ စိတ်တွေ လူကြီးဆန်ပြီး တည်ငြိမ်ဖို့လိုလာပြီလေ၊ ကျွန်တော့်ရဲ့ တောင်းဆိုမှုကို မငြင်းဘူးဆိုရင် မေနိုင်းဘဝလေး တင့်တင့်တယ်တယ်နဲ့ ပြီးပြည့်စုံအောင် ကျွန်တော်က ဖခင်တစ်ယောက်လို ဆောင်ရွက်ပေးသွားမှာပါ"

မေနိုင်းအဖေ ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်သည်။ မေနိုင်းအမေက အားနာရိပ်ပါသောအကြည့်ဖြင့် ဦးကုလားကို ကြည့်ကာ. . .

"အမှန်ဆို ကျွန်မတို့လည်း အစိုးရိမ်လွန်သွားတာပါ ကိုကုလားရယ်၊ ကျွန်မတို့ ဘယ်လောက်ပဲ သဘောမတူဘူးပြောပြော မေနိုင်းက သင်္ဂဟမှ သင်္ဂဟပဲဖြစ်နေတာလေ၊ ကျွန်မတို့ ဘာလုပ်လို့ရမှာလဲလေ"

"ဟုတ်ပါတယ်ဗျာ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသလိုပေါ့၊ ကျွန်တော့်ဇနီး အစိုးရိမ်လွန်သွားတယ်လို့ပဲ သဘောထားလိုက်ပါ"

"ဒါဆို သမီးနဲ့သင်္ဂဟကို သဘောတူသွားပြီလား အမေ"

မေနိုင်း မျက်နှာငယ်လေးဖြင့် မဝံ့မရဲမေးရှာ၏။





"တူပါတယ် သမီးရယ်"

မေနိုင်း မျက်နှာပန်းပွင့်လေးလို လန်းသွားသည်။

"တကယ်နော် အမေ"

"တကယ်ပေါ့"

"ကားထဲမှာ သင်္ဂဟပါတယ် သမီး၊ အိမ်ပေါ်မတက်ရဲလို့ ကားထဲမှာနေခဲ့တာ သွားတွေလိုက်ပါဦး"

"ဟုတ်ကဲ့ ဦး"

ဘယ်အချိန်ကတည်းက တွေ့ချင်နေလဲမသိ မေနိုင်း လူကြီးတွေရှေ့မှ လစ်ခနဲ ထသွားသည်။

ဘာပဲဖြစ်ဖြစ် ဦးကုလား ကျေနပ်ပါသည်။ ဘဝမှာကိုယ်ကျူးလွန်ခဲ့သည့် အပြစ်ကြွေးတွေ နည်းနည်းချင်း ဖဲ့ဆပ်ရတော့မှာပေါ့။

နောက်ထပ် မမှားဖို့ပဲ လိုတာလေ။ ပြီးလျှင်. . ဇနီးတွေကို တောင်းပန်ရမည်။ နံပါတ်ရှစ်အပြင် နောက်ထပ် အစွယ်အမြောင်တွေ မရှိစေရတော့ပါဘူးဟု ကတိတွေ အထပ်ထပ်ပေးမည်။

ဒီနေ့အဖို့တော့ တာဝန်တစ်ခုပြီးဆုံးပြီပေါ့။

တကယ်ဆို အိပ်မက်ထဲကလို မိန်းမတွေကိုမြင်လျှင် လန့်ချင်နေတာပါ။ ဒါကြောင့် နောက်ထပ်မိန်းမတွေ ထပ်ယူဖို့ဆိုတာ ရေးရေးလေးတောင် မတွေးကြည့်ရဲတော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

နှင်း အိမ်တွင် အားလုံးလူစုံနေကြသည်။

"ဟော့ ဒီနေ့ လူစုံနေပါလား"

"ဟုတ်တယ် ကိုရေ၊ နှင်းနဲ့ကလေးကို လာကြည့်ရင်းနဲ့ ကို့ကို လည်း အရေးကြီးတာလေး ပြောစရာရှိလို့ပါ"

"ဟေ. . ဟုတ်လား၊ ကဲ. . ပြောစမ်းပါဦး ဘာတွေများ ပြော ချင်ကြသေးလို့တုန်း ခိုင်ရဲ့၊ မင်းတို့အားလုံးပြောပြီးရင် ကိုယ်လဲ မင်းတို့ ကို ပြောစရာတစ်ခုရှိတယ်"





ဦးကုလား ဘာစကားပြောမည်ဆိုတာကို မိန်းမခုနစ်ယောက် စိတ်ဝင်စားဟန်မပြကြ။ သူတို့ပြောမည့် အကြောင်းအရာကိုသာ ပြောဖို့ တာဆူနေကြ၏။

ဦးကုလား နှင်းဘေးတွင် ဝင်ထိုင်ပြီး နှင်းပေါင်ပေါ်တွင် အိပ် ပျော်နေသော အူဝဲလေးကို ငုံ့နမ်းလိုက်သည်။ မမတင် ပြောစရာရှိတာ စပြောဖို့ ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးနောက် ဦးကုလားကို ကြည့်ပြီး. . .

"ဒီစကားကို မပြောရက်လို့ ဘယ်ကစပြောရမှန်းတောင် မသိ တော့ပါဘူး"

ဦးကုလား ခပ်ဖန့်ဖန့်ရယ်ပြီး. . .

"ဘာတွေများ မပြောရက်ဖြစ်နေကြတာလဲ၊ ဘာစကားတွေ ပြောမှာမို့လဲ"

ခိုင် ကြားဖြတ်ဝင်၍. . .

"ဒီလိုပါကို၊ နှင်း ဆေးရုံတက်တုန်းက ကို့ရဲ့သွေးပေးဖို့ သွေး စစ်ခဲ့တယ် မဟုတ်လား"

"အင်းလေ အဲဒါဘာဖြစ်လဲ"

"တကယ်တော့ ကို့သွေးကို သူတို့ နှင်းရဲ့ကိုယ်ထဲကို မသွင်းဖြစ် ခဲ့ကြဘူး"

ဦးကုလား မျက်ခုံးနှစ်ဖက်စုကျုံ့ကာ မိန်းမတွေကို မလုံမလဲ ဝေ့ကြည့်လိုက်ပြီး. . .

"ဘာကြောင့်လဲ"

"အဲ. . ဟို. . ဟိုလေ ကို့မှာ HIV postive ဖြစ်နေလို့ပါ"

ခပ်ဖျော့ဖျော့ထိုင်နေသော ဦးကုလား ခန္ဓာကိုယ် မာခနဲဖြစ် သွားသည်။ ထင်မှတ်မထားသော စကားကြောင့် ဦးကုလား ကြက်သေ



www.burmeseclassic.com

www.burmeseclassic.com



သေသွားကာ ရှိရင်းစွဲရုပ်ထက် ပိုပြီးအိုစာသွားသည်။

မျှော်လင့်ချက်တွေမဲ့သွားသော လူတစ်ယောက်နှယ် နှင်းပေါင်ပေါ်တွင် အပြစ်ကင်းစွာ အိပ်ပျော်နေသော အငယ်ဆုံးသားလေးကို ရင်နာနာနှင့် ငုံ့ကြည့်လိုက်သည်။

"ဒါ. . ဒါဆို ကိုယ်နဲ့အတူ. . ဒီ. . ဒီကလေး၊ ပြီး. . ပြီးတော့ မင်း. . မင်းတို့အားလုံးမှာလဲ. . ဒီ. . ဒီရောဂါ"

ဦးကုလား တကယ်တမ်းပူတာက သူ့ကိုယ်သူမဟုတ်ပါ။ မွေးကင်းစသားငယ်လေးနှင့် ဘာအပြစ်မှမရှိသည့် သူ့ဇနီးခုနစ်ယောက်ဖြစ်သည်။ ဦးကုလားမှာ ဒီရောဂါရှိမှတော့ သူတို့မှာလဲ ရှိနေပြီပေါ့။

"ဟား ကံကြမ္မာရယ် ရက်စက်ပါ့"

ဦးကုလား ဆံပင်ကိုလက်ဖြင့် ထိုးဖွရင်း ညည်းတွားလိုက်သည်။ မိန်းမအားလုံး ဦးကုလား အရိပ်အကဲကို ကြည့်နေကြသည်။

"နွယ်တို့က ကိုယ့်အတွက်ပဲ စိုးရိမ်တာပါ၊ ကိုနဲ့အတူ နွယ်တို့အားလုံး တမလွန်ကို လိုက်ရလို့လဲ ဘာအရေးလဲ၊ ကိုသာ နွယ်တို့ဘေးမှာ ရှိနေပေးမယ်ဆိုရင် တမလွန်ထက်ဆိုးဝါးတဲ့နေရာရှိရင်တောင် ရဲရဲကြီးလိုက်ရဲပါတယ်"

သနားစရာဟန်ဖြင့်ပြောနေသော နွယ့်ကို သွေးပျက်စွာ ကြည့်လိုက်ပြီး ဦးကုလား ရင်နာနေသည်။

ဒီကအမြင်မှန်ရပါပြီဆိုကာမှ ခုလို ကြောက်စရာကောင်းတဲ့ အမိန့်ကြီးချလိုက်တာကတော့ ကံကြမ္မာတဆိတ် မလွန်လွန်းဘူးလား။

ခုတော့ ဘဝကသွားပြီ လုံးဝကို ရှေ့ဆက်တိုးလို့ မရအောင် တစ်စစီပျက်စီးသွားပြီ. . .

"ကိုကို ဘာမှစိတ်မကောင်းမဖြစ်နဲ့နော် သင်းတို့မှာလဲ ဒီရောဂါ ရှိနေမယ်ဆိုရင်တောင် သင်းတို့မကြောက်ပါဘူး"





မမတင်ထံသို့ သင်း မသိမသာ မျက်စပစ်ပြပြီး ဝမ်းနည်းဟန်ဖြင့်ပြော၏။

ဦးကုလား မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ထိုင်ရာမှ လေးပင်စွာ ထလိုက်ပြီး အားလုံးကို ဝေ့ကြည့်လိုက်သည်။

အားလုံးကလည်း ဦးကုလားကို မော့ကြည့်လိုက်ပြီး. . .

"ဘယ်. . ဘယ်လဲ"

"သွားတော့မယ်လေ ကိုယ့်ဘဝအဆုံးသတ်ကောင်းမယ့် နေရာကိုပေါ့"

"ရှင်"

"ဟင်. . ဘယ်. . ဘယ်နေရာလဲ"

"ကို မြင့်တို့ကိုလည်း ပြောစရာရှိတယ်ဆို မပြောတော့ဘူးလား"

"ဟုတ်တယ် ပြောမှာပါ၊ ကိုယ့်ရဲ့နေထိုင်မှုပုံစံကို ကိုယ်ကျင့်တရားကောင်းတဲ့ လူတစ်ယောက်ဖြစ်အောင် ပြုပြင်နေထိုင်ပြီး နောက်ထပ် မိန်းမမရှုပ်တော့ပါဘူးလို့ ကိုယ်ကတိပေးမလို့ပါ၊ ဒါပေမဲ့ ခုတော့ မပေးလည်း အဖြေက ထွက်နေပြီးသားပဲ"

"ဟင်"

မမတင်တို့အားလုံး ဝမ်းသာသော မျက်ဝန်းတွေဖြင့် ပြုံးယောင်သမ်းသွားကြသည်။

"တ. . တကယ်လားကို"

"ဟုတ်တယ်. . ကိုယ့်ကြောင့် သင်္ဂဟရဲ့ အချစ်ခရီးလမ်းမှာ အထစ်အငေါ့တွေ ဖြစ်ခဲ့ရတယ်၊ အဲဒီကိစ္စတွေကိုလည်း ကိုယ်တာဝန်ယူ ဖြေရှင်းပေးခဲ့ပြီးသွားပြီ၊ ဒီတော့ ကိုယ့်မှာလုပ်စရာတစ်ခုပဲ ကျန်ခဲ့တော့တယ်၊ အဲဒါက သားသမီးတွေအားလုံး ကိုယ့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြဖို့ပါပဲ"

www.burmeseclassic.com



ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် အားလုံးမျက်နှာမှာ ထိတ်လန့်ကုန်ကြသည်။

"ကို. . ကိုကရော"

"ကိုယ်ကတော့ ရာသက်ပန် တရားစခန်းဝင်ပြီး ကိုယ့်အပြစ်တွေကို နောင်ဘဝထိမပါအောင် တရားနဲ့ပဲ အသက်ဆက်တော့မယ်"

"အို. . ဟင့်အင်း"

"မ. . မလုပ်ပါနဲ့ ကိုရယ်၊ ကို့မှာ ဘာရောဂါရှိရှိ ခိုင်တို့က ကို့ကို ပြုစုမှာပေါ့"

"ဟုတ်ပါတယ် မသွားပါနဲ့နော်. . နှင်း ဒီကလေးငယ်လေးနဲ့ ဘယ်လိုနေရမလဲ"

နှင်း မျက်ရည်လည်ရွဲနှင့် တောင်းပန်ရှာ၏။

"မတားပါနဲ့တော့ နှင်းရယ်၊ တကယ်တော့. . ဒါတွေအားလုံး ကိုယ့်အပြစ်တွေချည်းပါပဲ၊ ကိုယ်နောင်တရနေတဲ့ အချိန်နဲ့ကွက်တိဖြစ်အောင် ဒဏ်ပေးခံလိုက်ရတာပဲ၊ ကိုယ်ဝမ်းမနည်းပါဘူး၊ သေရမှာကိုလည်း မကြောက်ပါဘူး၊ ကဲ. . ကိုယ်သွားတော့မယ်၊ ကိုယ်မရှိတော့ပေမယ့်လည်း အရင်လို သင့်သင့်မြတ်မြတ်နေရစ်ကြပါ"

ဦးကုလား လေးပင်သောခြေလှမ်းတွေဖြင့် အိမ်ထဲမှတရွေ့ရွေ့ထွက်သွား၏။ ဦးကုလား၏ နောက်ကျောပြင်ကို မျှော်ကြည့်ကြရင်း မိန်းမအားလုံးခေါင်းချင်းဆိုင်ကုန်ကြသည်။

"မမတင် ဘယ်လိုလုပ်ကြမလဲ သူ့မှာ တကယ် AIDS ရှိတယ်ထင်ပြီး တရားရိပ်သာဝင်သွားပြီ"

"အဟင့်. . လဲ့တို့ ဘယ်လိုနေကြမလဲ"

"ဒုက္ခပါပဲ"

"မဖြစ်ဘူး. . ပြန်ခေါ်မှ ဖြစ်မှာပေါ့လို့"





"ငါ. . ငါလည်း ပြောပြီးသားစကားကို မဟုတ်ပါဘူးလို့ ဘယ်လိုပြင်မလဲ၊ ငါထင်ထားတာနဲ့ ခုဖြစ်လာတာနဲ့ တခြားစီဖြစ်သွားတာတော့ ငါကဘယ်တတ်နိုင်မလဲ"

"ချစ်လို့ ကျီစားတာပါလို့ ပြန်ပြင်လိုက်ပေါ့ မမတင်ရယ်"

"ငါက ပြောပြီးသားစကားကို ပြင်ရိုးထုံးစံမရှိတာ ကိုကုလားအသိ"

"အို. . လွှတ်တော်မှာတောင် ဖွဲ့စည်းပုံ ဥပဒေတွေကို ပြင်ဆင်နေကြသေးတာ၊ မမတင်က လွှတ်တော်အမတ်မှ မဟုတ်တာ"

မြင့်အားမလို အားမရဖြစ်ကာ ပြောသည်။

"ဒါပေမဲ့ ငါက မယားခုနစ်ယောက်ထဲမှာ အကြီးဆုံး မယားဟဲ့"

မမတင် စကားဆုံးသည်နှင့် အားလုံးရဲ့မျက်လုံးများ ပေကလယ်ပေကလပ်ဖြင့် ငြိမ်သက်သွားကြလေတော့သည်။

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆက်တွဲ

ထိုနေ့မှ နောက်သုံးလမြောက်တွင် ရွှေတိဂုံစေတီ၏ ရင်ပြင်တော်ဇရပ်တစ်ဆောင်တွင် တည်ငြိမ်စွာ ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီတစ်ဦးကို တွေ့ကြရမည်ဖြစ်သည်။

ဟုတ်ကဲ့. . ထိုယောဂီကား ဦးကုလားပင် ဖြစ်သည်။

တစ်နာရီ အဓိဋ္ဌာန်စေ့သွားပြီမို့ ဦးကုလား အဓိဋ္ဌာန်ကိုဖြုတ်လိုက်ပြီး ဘုရားကို ဝတ်ချလိုက်၏။

"ဟင်. . ."

သင်းပျံ့လှသော ရနံ့တစ်ခု၏ စွဲဆောင်မှုကြောင့် ဦးကုလားဘေးကို အသာလှည့်ကြည့်လိုက်မိ၏။

"ဟာ. . ပက်စက်တယ်ကွာ လှချက်က"

တင်ပလွဲကျုံ့ကျုံ့လေးထိုင်ကာ ဆင်းတုတော်ကို ဦးတိုက်ကြည်ညိုနေသော မိန်းမချောလေးတစ်ယောက်ကို ဦးကုလား တုန်လှုပ်စွာ တွေ့လိုက်ရသည်။

ဩော်. . ဦးကုလားရဲ့ ရာဇဝင်က အဲဒီလိုပါ. . ဆို. .။

ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIH ZAR

☺ အောင်မြင်စေ ☺

